www.burmeseclassic.com

# ကျော်ဝင်း

# တော်ပလာနဲ့ စကားစမြည်

ဖြန့်ချိရေး

**နန်းဒေဝီစာပေ**

၂၁၀/၁၅၊ ဒုထပ်(ဝဲ)၊ ပန်းဆိုးတန်းလမ်း (လယ်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၄၅၂၂၄

www.burmeseclassic.com

# တော်ဗလာနှင့် စကားစပြည်

## မာတိကာ

စာရေးသူ၏ အမှာ

မိတ်ဆက်နိဒါန်း

၁။ အတွေ့အကြုံများ၊ အတွေးအမြင်များနှင့် အနာဂတ်သွေးလန့်မှု
၂။ လူပုဂ္ဂိုလ်များ၊ ထင်မြင်ချက်များနှင့် တတိယလှိုင်း
၃။ အနာဂတ္တိဆရာများနှင့် အနာဂတ်ဝါဒီ
၄။ ဒုတိယလှိုင်းထိပ်က ဒဿနတစ်ရပ်
၅။ တတိယလှိုင်းပုံစံ
၆။ ပြောင်းလဲခြင်းရဲ့ ဇာစ်မြစ်များ
၇။ လူ၊ အခွင့်အလမ်းနဲ့ သမိုင်းလမ်းကြောင်း
၈။ အင်ဖိုပိုလိုက်တစ်
၉။ အနုမာန အနာဂတ်
၁၀။ အလုပ်၏ အနာဂတ်

www.burmeseclassic.com

# စာရေးသူ၏ အမှာ

'စာ'နှင့် ပတ်သက်၍ ပြောစရာ မရှိပါ။ ကလောင် အမည် နှင့် ပတ်သက်ပြီး ပြောစရာ ရှိပါသည်။ သို့ကြောင့် ဤအမှာကို ရေးပါသည်။

**'တော်ဖလာနှင့် စကားစမြည်'** စာစုများကို 'ဝင်းနောင်' အမည်ဖြင့် စံပယ်ဖြူ မဂ္ဂဇင်းတွင် ၂၀၀၁၊ စက်တင်ဘာလမှ ၂၀၀၂ ဇွန်လထိ ၁၀ လ တိတိ ဖော်ပြခဲ့ ပါသည်။ ယခု စာအုပ်အဖြစ် ပြန်လည် စုစည်းလိုက် သောအခါ အမည်ရင်း **'ကျော်ဝင်း'** နှင့်ပင် ဖော်ပြလိုက် ပါသည်။

ဤသို့ ကလောင်အမည် ကွဲပြား ရခြင်းမှာ အကြောင်းသုံးခုကြောင့် ဖြစ်ပါသည်။

၁။ 'စာပေလုပ်ငန်း' မှာ စာရေးသူ၏ တစ်ခုတည်းသော အသက်မွေးဝမ်းကျောင်း လုပ်ငန်း ဖြစ်ပါသည်။ သို့အတွက် စာများများ ရေးဖို့လိုပါသည်။ ဤတွင် အခြေအနေအရ ကလောင်နာမည်ခွဲများ သုံးဖို့ လိုပါ သည်။

www.burmeseclassic.com

## အမှာ

၂။ မဂ္ဂဇင်းတစ်ခုကို တာဝန်ယူ လုပ်ကိုင်ရသောအခါ ရွေးချယ်ထားသော လမ်းကြောင်းနှင့် အဆင်ပြေမည့် စာများ အချိန်မီရရေးမှာ အတော်ကြီးသည့် အခက် အခဲတစ်ခု ဖြစ်နေပါသည်။ သို့အတွက် လိုအပ်မည် ထင်သည်များကို ကိုယ်တိုင်ရေးရပါသည်။ မဂ္ဂဇင်း တစ်အုပ်တည်းတွင် အမည်တစ်မျိုးတည်းဖြင့် နှစ်ပုဒ် သုံးပုဒ် ရေးပြန်လျှင်လည်း မသင့်တော်ဟု တွေးမိ၍ ကလောင်အမည်ခွဲများ ဖန်တီးရခြင်းဖြစ်ပါသည်။

၃။ စာရေးသူအနေနှင့် မိမိကိုယ်ကို 'စာရေးဆရာ' တစ်ဦး အဖြစ် ယခုထိ မြင်၍မရသေးပါ။ သို့အတွက် 'ကလောင် အမည်' များထက် မိဘပေးသော အမည်ရင်းကိုပင် နှစ်သက်ပါသည်။ သို့ကြောင့် စာအုပ်အဖြစ် ထုတ်ဝေ လျှင် အမည်ရင်းကိုပင် သုံးမည်ဟု ဆုံးဖြတ်ထားပါ သည်။

မည်သို့ပင်ဆိုစေ ကလောင်အမည် အမျိုးမျိုး ဖြစ်နေခြင်းကိုမူ စာရေးသူကိုယ်တိုင် ဘဝင်မကျလှပါ။ စာဖတ်သူများအပေါ် မရိုးသားရာ ရောက်မည်လား ဟု စဉ်းစားမိပါသည်။ အကယ်၍ ဤသို့များ ဖြစ်ခဲ့ လျှင် ဆိုခဲ့ပါ အကြောင်းသုံးခုကို ထောက်ထားပြီး နားလည် ခွင့်လွှတ် ပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

**ကျော်ဝင်း**

www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဆက်နိဒါန်း

ဆရာ (ဦး) ခင်မောင်အုံး၊ ဆရာမောင်ကြည်သစ် တို့၏ ကျေးဇူးကြောင့် 'အယ်လဗင်းတော့ဖလာ' Alvin Toffler မှာ မြန်မာစာဖတ်ပရိသတ်နှင့် ရင်းနှီးပြီး ဖြစ်နေမည်ထင်ပါသည်။ သို့နှင့်တိုင် သူ၏ ပုဂ္ဂလိက ဘဝကိုမူ အတွေ့ရ နည်းနေသေးဟန်ရှိသည်။ သို့ဖြင့် 'တော်ဖလာ' ကိုယ်တိုင် ရေးခဲ့ဖူးသော စကားတစ်ခွန်းကို ဆင်ခြင်ကြည့်မိပါသည်။ 'စာရေးဆရာ တစ်ယောက်ရဲ့ အိုင်ဒီယာကို နားလည်ဖို့ဆိုရင် သူ ဘယ်က လာလဲဆိုတာ သိထားမှ ပိုကြွပါလိမ့်မယ်' ဆိုသော စကား ဖြစ်ပါ၏။ ဘဝနှင့် အမြင်ကို ဆက်စပ်ကြည့်နိုင်ဖို့ဟု နားလည်ရပါသည်။ ဤနားလည်ချက်နှင့်ပင် ယခုစာကို ရေးခြင်းဖြစ်ပါသည်။

ဘော့စတွန် South End Press က တော်ဖလာကို တွေ့ဆုံမေးမြန်းပြီး စာတစ်အုပ် ထုတ်ဝေခဲ့သည်။ **Pre-views and Premises** ဆိုသော စာအုပ်ဖြစ်ပါသည်။ ထိုသို့ တွေ့ဆုံ မေးမြန်းစဉ်က 'တော်ဖလာ' မှာ သူ၏

www.burmeseclassic.com

နာမည်ကျော် စာအုပ်များ (အနာဂတ် သွေးလန့်မှုနှင့် တတိယလှိုင်း) ကို ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ သမားရိုးကျ အစိပ္ပာယ်နှင့် ပြောရလျှင် အယူအဆပိုင်းတွင် လက်ဝဲလည်း မဟုတ်တော့သလို လက်ယာလည်း မဟုတ်ပါ။ တွေ့ဆုံမေးမြန်းသူ South End Press အယ်ဒီတာမှာမူ လက်ဝဲ အယူအဆဘက် တိမ်းညွတ်သူဟု သိရပါသည်။ ဤသို့ အယူအဆပိုင်းအရ မတူကြသော်လည်း သူတို့၏ တွေ့ဆုံမေးမြန်းခန်းမှာ သူငယ်ချင်းနှစ်ယောက် စကားစမြည် ပြောနေကြသလို နှစ်လိုဖွယ်ရာ ကောင်းလှပါသည်။ ဘုတ်ကျီးမြွေဘက်၊ ကျီးဘုတ်မြွေဘက် လုပ်မနေကြသလို ဘယ်ဝိုက် ညာဝိုက်တွေနှင့်လည်း စကားလုံးစစ်ပွဲ မခင်းကြပါ။ ဤအချက်သည်ပင် ဤစာအုပ်၏ အောင်မြင်မှုဟု အကဲဖြတ်ကြပါသည်။

ဤစာအုပ်၏ ပထမပိုင်း 'ဟောကိန်းများ' Previews ကိုမူ ဆရာမောင်ကြည်သစ်က မိတ်ဆက်ပေးပြီး ဖြစ်ပါသည်။ ယခု ဒုတိယပိုင်း 'နိဒါန်းများ' Premises နှင့် မိတ်ဆက်ပေးဖို့ ကြိုးစားထားပါသည်။ ဒုတိယပိုင်းမှာ တော်ဖလာ၏ အမြင်များထက် ပုဂ္ဂိုလ်ရေးပိုင်းက ပိုကဲနေသည်ဟု ထင်ပါသည်။ သို့အတွက်ကြောင့် သူ့ဘဝနှင့် သူ့အမြင် ဆက်စပ်လေ့လာလိုသူများအတွက် အသုံးတည့်လိမ့်မည်ဟု ယူဆရပါသည်။

www.burmeseclassic.com

# အတွေ့အကြုံများ

# အတွေ့အကြုံများ အတွေးအမြင်များနှင့် အနာဂတ်သွေးလန့်မှု

## ဘယ်သူလဲ

■ **ဘယ်သူလဲဗျ၊ အယ်လဗင်းတော်ဖလာဆိုတာ။ ကမ္ဘာနဲ့ ချီပြီး ဩဇာကြီးတဲ့ စာရေးဆရာဆိုတာ ဒီခေတ်မှာ တယ်မရှိလှတော့ပါဘူး။ အဲဒီ ရှားရှားပါးပါးထဲမှာ ခင်ဗျား ပါမယ်လို့ ထင်တယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ ပုဂ္ဂိုလ်ရေး ဘဝ ကိုတော့ သိတဲ့လူ သိပ်ရှိမယ် မထင်လှပါဘူး။ ခင်ဗျား အမြင်တွေရဲ့ ရေသောက်မြစ်ကို ကျွန်တော်က ရှာကြည့် ချင်တာ။ ဒီတော့ ခင်ဗျားကိုယ်တိုင် ပြောတဲ့ ခင်ဗျားရဲ့ အတ္ထုပ္ပတ္တိရုပ်ပုံလွှာနဲ့ စကြရအောင်ဗျာ။ ခင်ဗျား ဘယ်သူလဲ။ စာရေးဆရာလား၊ လူမှုဝေဖန်ရေး သမားလား၊ ဒါမှမဟုတ် အနာဂတ် ဝါဒီလား၊ ဘာလဲပြော။**

☐ စိတ်မသက်သာစရာကောင်းတဲ့ မေးခွန်းပဲဗျို့။ ခင်ဗျား ပြောတဲ့ စာရေးဆရာတို့၊ လူမှုဝေဖန်ရေးသမားတို့၊

www.burmeseclassic.com


အနာဂတ်ဝါဒီတို့ အဲဒါတွေက မျက်နှာစာတစ်ခုဗျ။ တခြား မျက်နှာစာတွေနဲ့လည်း ကျုပ်ကိုယ်ကျုပ် သရုပ်ဖော်လို့ ရသေးတယ်။ အိမ်ထောင်ရေးသုခ အပြည့်အဝ ခံစားရတဲ့ လင်ယောကျ်ားဗျာ၊ သားသမီးတွေအတွက် ဂုဏ်ယူမဆုံး ဖြစ်နေတဲ့ ဖခင်တစ်ယောက်ဗျာ၊ အရပ်ခြောက်ပေရှိတဲ့ ကောင်၊ ရုပ်ရှင်ဂျပိုး၊ အခွန်ထမ်းဆောင်သူ၊ ပညာတတ်၊ အမေရိကန်တစ်ယောက်၊ ပြောရရင် များမှများပဲ။ ခင်ဗျား သိချင်တဲ့ 'ဘယ်သူ' ဆိုတာက ဘယ်အကွက်နဲ့ အံကျဖြစ်မှာ လဲ။ ပြီးတော့ အရေးကြီးတာ ရှိသေးတယ်။ ခင်ဗျားမေးတဲ့ 'ဘယ်သူ' ဆိုတာ 'ဘယ်အချိန်' က လူကို ပြောတာလဲ။ ကိုင်း၊ ကျွန်တော်မေးတာ ခင်ဗျား အရင်ဖြေ။

■ **ဆိုလိုတာက ခင်ဗျားဟာ တစ်ချိန်နဲ့ တစ်ချိန် မတူဘူးပေါ့ ဟုတ်စ။**

□ ဟုတ်ပဗျား။ အတ္တဆိုတာ စီးရီးလိုက်ရှိတာမျိုးဗျ။ ကျွန်တော်တို့အားလုံးဟာ အချိန်နဲ့အမျှ ပြောင်းနေကြရတာပဲဟာ။ လွန်ခဲ့တဲ့ အနှစ် ၃၀ က 'မင်း ဘယ်သူလဲ' လို့ ခင်ဗျားမေးရင် ကျွန်တော်က ဟောသလို ဖြေမယ်ဗျာ။ ဂဟေဆော်တဲ့ ကောင်၊ သံရည်ကျို အလုပ်သမား၊ သံပြားအပေါက်ဖောက်တဲ့ ငနဲ၊ ပန်းပဲဆရာရဲ့ တောက်တိုမည်ရ အခိုင်းခံ။ ဒါနဲ့တောင် ခင်ဗျားက တစ်မျိုး မြင်ချင်မြင်ဦးမယ်။ တက္ကသိုလ်ဘွဲ့ရ၊ ကဗျာရူးစာရူး၊ နိုင်ငံရေး ပိုးဝင်နေတဲ့ သတ္တဝါ၊ စိတ်ကူးယဉ် ငကြောင်။

■ **ထားပါတော့ဗျာ။ အခု ခင်ဗျား ရွတ်ပြတဲ့ထဲက ဘယ်သင်းကများ လောလောဆယ် ခင်ဗျားကို သရုပ်ဖော် နိုင်လေမလဲ၊ အဲဒါပြော။**

www.burmeseclassic.com


□ အင်း တက္ကသိုလ် ဘွဲ့ရတော့ ဟုတ်နေသေးတယ်။

■ **ကဗျာဆရာကော. . .။**

□ ကဗျာတွေလည်း ရေးတုန်းပဲဗျ။

■ **နိုင်ငံရေးပိုး။**

□ သမားရိုးကျ အဓိပ္ပာယ်နဲ့ဆိုရင်တော့ 'နိုး' ပဲ။

■ **စိတ်ကူးကော ယဉ်သေးလား။**

□ စိတ်ကူးယဉ်သမား လို့တော့ဖြင့် အပြောခံထိသဗျ။ ကျုပ်အထင်ပြောရရင်၊ ဒါမှားပါတယ်။

စိတ်ကူးယဉ်ချင်တဲ့ ညာဉ်ကလေးကတော့ ရှိသပေါ့လေ။ အာကာသလွန်းပြန်ယာဉ်ကို မြင်ရင် စိတ်ထဲက မရိုးမရွဖြစ်တုန်း။ အာကာသထဲကနေ ကမ္ဘာကြီးကို လှမ်းကြည့်လိုက်ရရင်လို့ တွေးပြီး သရိုးသရီ ဖြစ်တုန်း။ ဒါပေမဲ့ ကျွန်တော့်ကိုယ် ကျွန်တော် သိနေတယ်။ ကျွန်တော်ဟာ အောင်မြင်တဲ့ စိတ်ကူးယဉ်သမား ဘယ်တော့မှ ဖြစ်မှာမဟုတ်ဘူးဗျ။ ဘာကြောင့်လဲ ခင်ဗျားသိလား။ ကျွန်တော်ဆိုတဲ့ကောင်က သံသယ တယ်ကြီးတတ်တာကိုး။

**အလုပ်ကြမ်းသမား**

■ **ခင်ဗျားဟာ ပညာတတ် အများစုနဲ့တော့ မတူတာ အမှန်ပဲ။ အဲဒါ ခင်ဗျား ငါးနှစ်လောက် အလုပ်ကြမ်း လုပ်ဖူးလို့ ဖြစ်မယ်ထင်တာပဲ။ ဘာပဲဖြစ်ဖြစ်လေ စက်ရုံ အလုပ်ရုံ ကြားကနေ ကမ္ဘာကျော် စာရေး ဆရာကြီး ဖြစ်လာတာကတော့ သမားရိုးကျ မဟုတ်တဲ့ ခုန်ပျံကျော်လွှားမှုလို့ ဆိုနိုင်လောက်ပါတယ်။ ဘယ့်နှယ်လဲ။**

www.burmeseclassic.com


- ☐ အင်း ခင်ဗျားပြောတဲ့ ခုန်ပျံ ကျော်လွှားမှုရဲ့ နောက်ကွယ်မှာ ငုပ်နေတဲ့ ယုတ္တိတွေ ရှိတယ်ဗျ။ ကျွန်တော်ဆိုတဲ့ ကောင်က ဟိုငယ်ငယ်တည်းက စာတိုရူး။ လူမှုရေး ပြဿနာဆိုလည်း စိတ်ဝင်စားလိုက်တာပဲ။ နိုင်ငံရေး အပြောင်းအလဲဆိုလည်း ဆိုင်းသံကြား မကရ မနေနိုင် ဆိုသလိုမျိုး။ ကျောင်းသားထဲက ဆိုပါတော့လေ။ စက်ရုံဆိုတာကြီးထဲကို ခြေတစ်လှမ်း မလှမ်းရခင်ကတည်းက ကျွန်တော့်မှာ 'ပိုး' တွေအပြည့်နဲ့။
- ■ **စက်ရုံအလုပ်ကို ခင်ဗျား ရွေးလိုက်တာတော့ အံ့ဩတယ်။ များသောအားဖြင့် စက်ရုံအလုပ်သမားဆိုတာ အပြောင်းအလဲ တယ်မရှိကြဘူးလေ။ ဒါမျိုးကို ခင်ဗျား ဘာကြောင့် ရွေးဖြစ်လိုက်တာလဲ။**
- ☐ တွန်းပို့လိုက်တဲ့ လှုံ့ဆော်မှုတွေကတော့ များမှများ၊ စုံမှစုံပဲဗျို့။ အဲ ကျွန်တော့်ရည်းစား (အခု မိန်းမပေါ့) 'ဟက်ဒီ' နဲ့လည်း ပတ်သက်တာပေါ့။ သူက သျှောင်နောက် ဆံထုံးပါလေ။ ကျွန်တော် သွားလေရာ သူ ပါတာပဲ။ ပြီးတော့ ကျွန်တော်တို့ချင်း၊ အတွေ့အကြုံတွေ ဖလှယ်ကြတယ်။ လွမ်းစရာလေးတွေပေါ့ဗျာ။ အင်း စိတ်ဓာတ်ရေးရာ လှုံ့ဆော်မှုတွေလည်း ရှိနိုင်ပါတယ်။ ကိုယ့်အိမ်ကိုယ့်ရာက ထွက်ပြေးပြီး လောကသစ်မှာ အတွေ့အကြုံအသစ်တွေနဲ့ ရင်ခုန်ချင်ကြတဲ့ လူငယ် စိတ်မျိုးပေါ့။ တက္ကသိုလ်တုန်းက ကျွန်တော့် သူငယ်ချင်းတွေထဲမှာ စစ်ပြန်တွေ တော်တော်ပါတယ်ဗျ။ သူတို့က ကျွန်တော်ထက် ပိုအသက်ကြီးသလို ပိုလည်း ရင့်ကျက်တယ်။ ပိုလည်း အတွေ့အကြုံတွေ များ

www.burmeseclassic.com


တယ်ပေါ့ဗျာ။ သူတို့က ကမ္ဘာကြီးကို နေရာစုံ ထောင့်စုံကနေ ကြည့်ခွင့်ရခဲ့ကြတာ။ ကျွန်တော်က အသက်မပြည့်လို့ စစ်ကြီးမှာ ဝင်မနွှဲလိုက်ရဘူး။ စက်ရုံကိုသွားနိုင်မှ ကျောင်း ပညာ စက်ဝိုင်းကျဉ်း ကလေးကို ဖောက်ပြီး တကယ့် လောကကြီးနဲ့ ထိတွေ့နိုင်မှာလို့ ကျွန်တော် တွေးလိုက်မိ တယ်။

နောက်ပြီး 'စာပေပိုး' ကလည်း လှုံ့ဆော်မှု တစ်ခု ဖြစ်ပါလိမ့်မယ်။ 'စတိန်းဘတ်' က 'ဒေါ်သစပျစ်နွယ်' ကို ကောက်ကိုင်လိုက်တယ်ဗျာ။ ဂျက်လန်ဒန်က သင်္ဘောကြီးနဲ့ ပင်လယ်ထဲ ရွက်လွှင့်တယ်။ ကျွန်တော်လေးစားတဲ့ စာရေး ဆရာ တချို့ဆိုရင် ထရပ်ကားတောင် မောင်းသေး။ စိတ်ကူးယဉ် အတွေးတွေနဲ့ 'ကီ' သွင်းနေချိန်ပေါ့ဗျာ။ ကျွန်တော့်ရဲ့ ငယ်အိပ်မက်ငယ် တစ်ခုဆိုရင် ကြီးကျယ် ခမ်းနားတဲ့ အလုပ်သမား လူတန်းစား သရုပ်ဖော် ဝတ္ထုရှည် ကြီး တစ်ပုဒ် ရေးပစ်လိုက်မယ်ပေါ့။

နောက်ဆုံးတော့ နိုင်ငံရေးပိုးက ဝင်လာရော။ ၁၉၄၀ အလွန်နှစ်တွေမှာပေါ့။ ကျွန်တော် တောင်ပိုင်းကို ချီတက် သွားတယ်။ လူမည်း အခွင့်အရေး လှုပ်ရှားမှုတွေမှာ တတပ်တအားပေါ့ဗျာ။ ဒီလိုနဲ့ လူထု လှုပ်ရှားမှုကြီးထဲ ရောက်သွားပြီး မာ့က်စ်ဝါဒနဲ့ တွေ့တော့တာပဲ။ မာ့က်စ်ဝါဒက စက်ရုံဆိုတာ စကြဝဠာကြီးရဲ့ တိကျတဲ့ ဗဟိုချက်မလို့ ဆိုသကိုး။ အဲသလိုနဲ့ စက်ရုံထဲ ရောက်သွားပြီး အလုပ် သမားထု စည်းရုံးရေးအတွက် မဟာအခွင့်အလမ်းကြီး

www.burmeseclassic.com


ရသွားတော့တယ်။ ဒါတွေဟာ ကျွန်တော့်ကို တွန်းထိုးလှုတ်လိုက်တဲ့ လှုံ့ဆော်မှုတွေပေ့ါဗျာ။

■ **နေပါဦး။ ဘယ်လို အလုပ်မျိုးတွေ ခင်ဗျား လုပ်ခဲ့ရလဲ ဆိုတာ ပြောပါဦး။**

□ သံပြားတွေ အပေါက်ဖောက်ရတယ်ဗျာ။ သံမဏိစက်ရုံမှာ သံရည်ကျိုရတယ်။ မော်တော်ကား စက်ရုံ မှာ သံပြားတွေ အချောကိုင်ရတယ်။ လုပ်ခဲ့တဲ့ အလုပ်တွေကတော့ စုံမှစုံပဲဗျို့။ ရောမတူကြီးတွေ ကိုင်ပြီးလည်း လုပ်ဖူးတယ်။ ကရိန်းကြီးတွေလည်း မောင်းဖူးတယ်။ အဲ ပြီးတော့ မော်တော်ကားတို့ စက်ဘီးတို့ပေါ်မှာ အစင်းကြောင်းတွေလည်း ဆွဲဖူးသေးတယ်။ ပြတင်းပေါက်တွေမှာ တပ်တဲ့ ပန်ကာလုပ်ဖို့ သံချောင်းတွေကိုလည်း ပုံသွင်းဖူးရဲ့။ စက်ရုံထဲ ပစ္စည်းသယ်တဲ့ ထရော်လီလမ်းတွေ ပျက်ရင်လည်း ပြင်ရသေးတယ်။ အိတ်ဇောပိုက်တွေ ဆေးရ ကြောရတာလည်း လက် ချောင်းတွေဆို ပဲကြီးခွံတွန့်လို့။ နောက်အာဖရိကမိုင်းတွင်း တွေမှာ သုံးတဲ့ ကျောက်မီးသွေးမှုန်ကာတဲ့ မျက်နှာဖုံးတွေ ရှိပါရောလား။ အဲဒါမျိုးတွေလည်း လုပ်ဖူးတယ်။ 'ဟက်ဒီ' ကလည်း အားကျမခံ အလူမီနီယံအရည်ကျိုစက်မှာ နှစ် အတော်ကြာကြာ လုပ်ခဲ့ပါတယ်။

ကျွန်တော့်အတွက်တော့ စက်ရုံဟာ စာသင်ခန်းလိုပါပဲ။ လေ့လာစရာတွေ တစ်ပုံကြီးပါ။ အလုပ် သမားဘဝကို နဖူးတွေ့ ဒူးတွေ့ ကြုံလိုက်ရတော့မှ လက်ဝဲပညာတတ်တွေရဲ့ 'ရှုးသွပ်မှု' ဒါမှမဟုတ် 'လေထမှု' ကို သဘောပေါက်

BURMESE CLASSIC .com

www.burmeseclassic.com


လိုက်တော့တယ်။ မောင်မင်းကြီးသားများက အမေရိကန် အလုပ်သမားတွေရဲ့ လူတန်းစားအသိကို မြှင့်တင်ရမယ်တဲ့လေ။ တစ်ဖက်ကလည်း စီမံခန့်ခွဲမှုပိုင်းရဲ့ ပထမတန်းစား မိုက်မဲမှုကို သိလိုက်ရပါတယ်။ ဒီမောင်တွေရဲ့ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်၊ ပက်စက်ယုတ်မာတဲ့ ကောက်ကျစ်မှုတွေပေ့ါဗျာ။ ဒါပေမဲ့ ကြွေရောင်တောက်နေတဲ့ ရှပ်အင်္ကျီဖြူဖြူဝတ် ဒီပုဂ္ဂိုလ်ကြီးတွေဟာ ကော်လာပြာတွေနဲ့ ဆက်ဆံရင်တော့ ဟန်ဓာတ်က အခုတ်သားဗျ၊ မောက်မာလိုက်တာကလည်း လွန်ရော။

ပြောရမယ် ဆိုရင်တော့ ဂျင်းအင်္ကျီ အပြာရောင်အောက်မှာလည်း မြင့်မြတ်တဲ့ အရိုင်းစိတ်တို့၊ ဂုဏ်ရောင်ပြောင်တဲ့ ပစ္စည်းမဲ့ စိတ်ဓာတ်တို့ဆိုတာတွေ၊ ကျွန်တော်ဖြင့် ရှာမတွေ့ခဲ့ပါဘူး။ ဘယ်လူတန်းစားနဲ့ပဲ ပတ်သက်၊ ပတ်သက်ပါ။ စိတ်ကူးတွေ တယဉ်ယဉ်နဲ့ ရေးကြ ဖွဲ့ကြတာတွေကို ကျွန်တော် ယုံလို့မရတော့ဘူး။ တစ်ခုတော့ ရှိတယ်ဗျ။ အလုပ်သမား အများစုကြားမှာ အသိဉာဏ်ထက်မြက်မှုတို့ ယဉ်ကျေး ဖော်ရွေမှုတို့၊ ဟာသတို့ကို ကျွန်တော် တွေ့လိုက်ရတယ်။ ညစ်ပတ် စုတ်ပြတ်လှတဲ့ ပျင်းရိငြီးငွေ့စရာ ကောင်းလှတဲ့ တစ်ခါတလေဆိုရင် ရက်စက် ကြမ်းကြုတ်တဲ့ အလုပ်ခွင်ရဲ့ တုပ်နှောင်မှုအောက်မှာ အခုလို ချစ်စရာ စရိုက်လေးတွေ ရှိနေတာဟာ တကယ့်ကို မယုံနိုင်စရာပါဘဲဗျာ။

www.burmeseclassic.com


ပညာတတ်တချို့ ရေးတဲ့ အလုပ်သမားရေးရာ ဒီပနီတွေကို ခင်ဗျား တွေ့ဖူးမှာပါ။ ဘာတဲ့ ဒီမောင်တွေ ရေးတာ။ အလုပ်သမားတွေဟာ မငြီးမငွေ့တတ်ဘူးဆိုပဲ။ ဘာ့ကြောင့်လဲဆိုတော့ ပိုကောင်းတာကို သူတို့မှ မသိကြတာကိုးတဲ့။ ပြီးတော့ လာသေးတယ်။ အလုပ်သမားတွေဟာ တာဝန်ယူလိုစိတ် မရှိဘူး ဆိုလားပဲ။ ကျွန်တော် ပြောရဲပါတယ်ဗျာ။ ဒီမောင်တွေဟာ စက်ရုံရဲ့ စုပတ်လမ်းထဲမှာ တစ်ရက်ပြည့်အောင်တောင် အလုပ်မလုပ်ဖူးကြပါဘူး။ သံပြားကြီးတွေ အပေါက်ဖောက်ဖို့ဆိုတာ ဝေလာဝေးပေ့ါ။ အလုပ်သမားတွေနဲ့ အတူနေ၊ အတူ အလုပ်လုပ်ဖူးတော့မှ ဒီ ပညာတတ် ဝေတိတွေကို ကျွန်တော် စိတ်ကုန်သွားတော့တယ်။ ဒီနေ့အထိ ဆိုပါတော့။

ပြီးတော့ တစ်ခု အမြတ်ရလိုက်တယ်ဗျို့။ ဘာသာစကားပေ့ါဗျာ။ ပီအိပ်(ချ)ဒီ မဟုတ်တဲ့ သာမန် အရပ်သားတွေ နားလည်နိုင်မယ့် ဘာသာစကားကို အဲဒီတော့မှပဲ ကျွန်တော် တွေ့ရှိလိုက်တော့တယ်။ ပညာတတ်တွေပဲ ဖတ်ဖို့ ပညာတတ်စကားနဲ့ ရေးရတာ တယ်ခက်လှ မထင်တော့ဘူး။ တကယ့် ပညာက အညတြတွေ နားလည်ဖို့ အရပ်သား ဘာသာစကားနဲ့ ရေးတတ် ပြောတတ်ဖို့ပါ။

ကျွန်တော့်ဘဝမှာ ကော်လာပြာ အလုပ်သမား ကာလဟာ တကယ့် တိုတိုလေးပါ။ ဒါနဲ့တောင် တစ်ခါတစ်ခါမှာ ကျွန်တော် ဒီဘဝကို စိတ်ကုန်သွားမိသေးတယ်။ ဒါပေမဲ့

www.burmeseclassic.com



BURMESE CLASSIC .com

ဒီအဖြစ်ကို ကျွန်တော် နောင်တ မရပါဘူး။ အဲဒါတော့ သေချာတယ်။

## ဂျာနယ်လစ်(ဇ)

■ **နေဦးဗျ။ အခုလို ကော်လာပြာ အလုပ်သမား ဘဝကနေ ခင်ဗျား ဘယ်လိုလုပ်ပြီး စာရေးဖြစ်သွားတာလဲ။ အဲဒါ ရှင်းစမ်းပါဦး။**

□ 'ဂျာနယ်လစ်ဇင်' က တစ်ဆင့်ပေါ့ ကိုယ့်လူရယ်။ ပထမဆုံး ကျွန်တော် ရေးဖြစ်တာ 'ဂဟေဆော်' တဲ့ အကြောင်းပေါ့။ ဒါက ကျွန်တော် လေ့လာထားတဲ့ ဘာသာရပ်လေဗျာ။ နောက်တော့ စက်မှုခေတ်ရဲ့ ဆက်ဆံရေးတွေကို ကျွန်တော် အာရုံရလာတယ်။ စက်ရုံသပိတ်တွေ၊ အလုပ်သမားရေးရာတွေ၊ အလုပ်သမားထု အခြေအနေ၊ ပြီးတော့ ဘောဂဗေဒ ပေါ့ဗျာ။ ဒီလိုရေးရင်းနဲ့ ကျွန်တော် သဘောပေါက်လာတာ တစ်ခုရှိတယ်။ အဲဒါကတော့ 'စက်ရုံဟာ ကျွန်တော့် တက္ကသိုလ်' ဆိုတာပဲဗျို့။

■ **ခင်ဗျား စလုပ်ခဲ့တာ 'ထရိတ်ယူနီယံ' ဂျာနယ်တစ်ခုမှာနော်။ ခင်ဗျားဟာ အလုပ်သမားထုဘက်က ဂျာနယ်လစ်ပေါ့။ ဒါပေမဲ့ မဂ္ဂဇင်းတွေမှာလည်း လွတ်လွတ်လပ်လပ် ဝင်ရေးတယ်။ အဲ ၁၉၅၀ အလွန် နှစ်တွေရောက်တော့ ခင်ဗျား ဝါရှင်တန် ရောက်သွားရော။ သတင်းစာကြီး တစ်စောင်ရဲ့ သတင်းထောက် ဖြစ်လာတယ်။ ဟုတ်တယ် မဟုတ်လား။**

□ ဟုတ်ပါတယ်။ 'ပင်ဆယ်(လ်)ဗားနီးယားနေ့စဉ်' သတင်းစာမှာ လုပ်တာပါ။ သုံးနှစ်လောက် ကြာမှာပေ့ါ။ ကျွန်တော့်

BURMESE CLASSIC .com

www.burmeseclassic.com


တာဝန်က အိမ်ဖြူတော်နဲ့ ကွန်ဂရက်မှာ သတင်းယူရတာ။ အဲဒီမှာ ကျွန်တော် လုပ်ရတာဟာ အရင် ကျွန်တော့် အလုပ်အကိုင်ပဲဟောင်းလိုပါပဲ။ ဂဟေဆက်ရတာပေ့ါဗျာ။ သမ္မတရဲ့ သတင်းစာ ရှင်းလင်းပွဲတွေ၊ ဆီးနိတ်ဆွေးနွေးပွဲတွေ၊ ကွန်ဂရက် ဆွေးနွေးပွဲတွေမှာ တက်ပြီး သတင်းယူရတယ်။ ဆွေးနွေးကြတဲ့ အကြောင်းအရာတွေကလည်း စုံသလား မမေးနဲ့။ လက်နက်ဖျက်သိမ်းရေးနဲ့လည်း ပတ်သက်ချင် ပတ်သက်မယ်။ 'အင်တီထရပ်' ဥပဒေနဲ့ ဆိုင်တာတွေလည်း ရှိတယ်။ ကျွန်တော် ဝင်ထွက်သွားလာနေတဲ့ ဌာနတွေဆိုရင်လည်း စုံမှစုံ။ အလုပ်သမားဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ FCC တို့ FTC တို့လို အေဂျင်စီတွေလည်း ပါရဲ့။ အဲဒီအချိန်မှာ ကျွန်တော် တခြား စာနယ်ဇင်းတွေမှာလဲ ဝင်ရေးနေပါပြီ။ Christian Science Monitor တို့ Washington Star တို့ပေ့ါဗျာ။ နိုင်ငံခြား စာနယ်ဇင်းတချို့မှာလည်း ရေးသေးတယ်။ အမေရိကန် နျူကလီးယား ပေါ်လစီနဲ့ ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ်ဆိုရင် တိုကျိုက ထုတ်တဲ့ 'အဆာဟိ ရှင်ဘွန်း' Asahi Shimbun မှာ ပါခဲ့တာပေ့ါ။ အဲဒီ နောက်တော့ ဝါရှင်တန်က ထွက်ပြီး 'ဖော်ကျွန်း' Fortune မဂ္ဂဇင်းကို ရောက်သွားပါတယ်။

■ **အတော်ကြီးတဲ့ အိုင်ဒီအိုလိုဂျီ ခုန်ကူးမှုကြီးပေ့ါနော်။ အလုပ်သမား စာနယ်ဇင်းလေး တစ်ခုကနေ ထင်ရှားတဲ့ စီးပွားရေး မဂ္ဂဇင်းကြီးတစ်ခုကို ခင်ဗျား ခုန်ကူး လိုက်တာပဲ။**

www.burmeseclassic.com


□ 'ဖော်ကျွန်း' မှာ ကျွန်တော့်အလုပ်က အလုပ်သမား ရေးရာ ကိုင်ရတဲ့ ကော်လံစားပါ။ အလုပ်သမားရေးရာ စီမံခန့်ခွဲမှု ဆက်ဆံရေးတွေကို ဖော်ပြပေးရတာပါပဲ တစ်စုံတစ် ယောက်အတွက် အိုင်ဒီအိုလိုဂျီ ခဲယမ်းမီးကျောက်တွေ ဖြည့်ပေး ရတာမျိုး မဟုတ်ပါဘူးဗျာ။ အဖြစ်အပျက် တစ်ခုတော့ ကြုံဖူးတယ်ဗျ။ 'ထရိတ်ယူနီယံ' ဆန့်ကျင်တဲ့ ဝါဒဖြန့်ဆောင်းပါး တစ်ပုဒ်ကို အယ်ဒီတာက ကျွန်တော့် ကော်လံမှာ လာထည့်တယ်။ ကျွန်တော် မှတ်မိ သလောက် ပြောရရင်၊ အကြီးအကျယ် ညှိနှိုင်းရတာပေါ့ ဗျာ။ ဒါပေမဲ့ ကျွန်တော် ကိုယ်အခြေခံပေါ်မှာ ကိုယ်ရပ်တည်နိုင်ခဲ့ပါ တယ်။

■ **နည်းပညာနဲ့ သူ့ရဲ့ လူမှုရေး အကျိုးဆက်တွေကို ခင်ဗျား ဘယ်တုန်းက စစိတ်ဝင်စားခဲ့တာလဲ။**

□ ကျောင်းသားဘဝတုန်းက ကျွန်တော် အယ်ဒီတာ လုပ်ခဲ့ ဖူးတဲ့ ကောလိပ်မဂ္ဂဇင်း အဟောင်းတစ်အုပ်ကို မကြာ သေးခင်ကပဲ ကျွန်တော် ပြန်တွေ့ခဲ့တယ်ဗျ။ အဲဒီထဲမှာ ကျွန်တော့် ဆောင်းပါးတစ်ပုဒ် ပါတယ်။ နည်းပညာနဲ့ လူမှုရေး အပြောင်းအလဲတွေကို တို့ထားတာပါ။ ဒီတော့ နည်းပညာနဲ့ ပတ်သက်တဲ့ ကျွန်တော့် စိတ်ဝင်စားမှုဟာ ကျောင်းသားကတည်းက၊ ဟိုအစောကြီးကတည်းကလို့ ပြောရမယ်ထင်ပါတယ်။ အလုပ်သမားထုကြားမှာ ရခဲ့တဲ့ အတွေ့အကြုံတွေကြောင့် ဒီစိတ်ဝင်စားမှုဟာ ပို ချွန်မြ လာတာလို့တော့ ပြောနိုင်ပါလိမ့်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

၁၉၆၁ ခုနှစ်မှာ ကျွန်တော် 'ဖော်ကျွန်း' က ထွက်ခဲ့ပါတယ်။ ချက်ချင်းဆိုသလိုပါပဲ JBM က ကျွန်တော့်ကို စီမံကိန်းတစ်ခု ရေးပေးဖို့ လာကမ်းလှမ်းပါတယ်။ သူတို့ အဖွဲ့အစည်းမှာ ကွန်ပျူတာ အသုံးပြုဖို့နဲ့ ပတ်သက်တဲ့ ရေရှည်စီမံချက်ပါ။ ဒီအဖြစ်ဟာ ကြာတော့ ကြာပါပြီဗျာ။ 'အနာဂတ်ရဲ့ ရုံးခန်း' တို့၊ ဘာတို့ဆိုတာတွေ ကျွန်တော်တို့ မပြောကြသေးခင် ဟိုကမ္ဘာ ကမ္ဘာတည်းကပါ။ အဲဒီအချိန် လောက်မှာပဲ 'ပညာရေး အထောက်အကူပြု ဓာတ်ခွဲခန်း' Educational Facilities Laboratories လို့ခေါ်တဲ့ ဖောင်ဒေးရှင်း တစ်ခုအတွက် လေ့လာချက် တစ်ခု လုပ်ခဲ့သေးတယ်။ ကွန်ပျူတာသုံးပြီး သတင်းအချက်အလက်တွေ ပြန်ရှာဖွေတဲ့ ပညာရပ်ဆိုင်ရာ လေ့လာချက်ပါ။ တစ်တိုင်းပြည်လုံး ခရီး ဆန့်ပြီး သုတေသန ပညာရှင်တွေနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ဒီကနေ့ ပညာရေးလောကရဲ့ တိုးတက်မှုအတွက် အခြေခံ အုတ်မြစ်ကို ချပေးခဲ့ သူတွေဟာ အဲဒီ ပညာရှင်တွေပဲပေါ့ဗျာ။ ကျွန်တော့် အတွက်တော့ အများကြီး အသိဉာဏ်တိုးခဲ့ပါတယ်။

- ■ **ခင်ဗျားရဲ့ စာပေအလုပ်ကို ဆက်ပါဦး။**
- □ မဂ္ဂဇင်းမျိုးစုံမှာ လွတ်လွတ်လပ်လပ် ရေးရတာကို ကျွန်တော် သဘောကျပါတယ်။ ဒီလို ရေးရတာမျိုးဟာ ကျွန်တော့်အတွက်တော့ ကျောင်းကောင်းကောင်းတစ်ခုကို တက်ရသလိုပဲ။ လုပ်ငန်း လိုအပ်ချက်အရကိုပဲ၊ နယ်ပယ်မျိုးစုံမှာ သုတေသန မျက်စိနဲ့ ကြည့်တတ်ဖို့ လေ့ကျင့်ရတော့တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အကောင်းဆုံး၊ အတော်ဆုံးလူတွေနဲ့ တွေ့၊ မေးမြန်း၊ စူးစမ်းလေ့လာပြီးမှ ကိုယ့်အတွေးကို ပြန်စုစည်းယူရတာ ကလား။ ပြီးမှ ဒါကို ကိုယ်ထည့်မယ့် မဂ္ဂဇင်းနဲ့ ကိုက်ညီမယ့် ပုံသဏ္ဍာန်နဲ့ ချရေး။ အေးအေးဆေးဆေးတော့ လုပ်နေလို့ မဖြစ်ဘူးပေါ့လေ။ သတ်မှတ်တဲ့ ရက်အတွင်း ပြီးအောင် လုပ်ဖို့ကလည်း လိုတယ်။ တစ်ဖက်က အဲသလို စာရေးရင်း၊ စာအုပ်တစ်အုပ်ကိုလည်း ကျွန်တော် ပြုစုခဲ့ပါတယ်။

■ **'ယဉ်ကျေးမှုစားသုံးသူများ' The Culture Consumers စာအုပ်လား။**

□ ဟုတ်ပါတယ်။ အဲဒီ စာအုပ်ကို ၁၉၆၄ ခုနှစ်မှာ ထုတ်ဝေခဲ့တာပေါ့။ အမေရိကန် အနုပညာရဲ့ ဘောဂဗေဒ ကို ခွဲခြမ်းစိတ်ဖြာကြည့်တာပါ။ 'ယဉ်ကျေးမှု ရေပေါ်ဆီဝါဒ' Cultural Elitism ကို တိုက်ခိုက်ထားတာလဲ ဖြစ်ပါတယ်။

## အနာဂတ်သွေးလန့်မှု

■ **အနုပညာ အကြောင်း၊ ယဉ်ကျေးမှု အကြောင်း ပြောရင်းကနေ နောက်ခြောက်နှစ်လောက်အကြာမှာ ဘယ်လိုလုပ်ပြီး 'အနာဂတ်သွေးလန့်မှု' Future Shock ကို ရေးဖြစ်လိုက်တာလဲ။**

□ ပြောရရင်တော့ 'အနာဂတ်သွေးလန့်မှု' ဟာ ဝါရှင်တန် အတွေ့အကြုံတွေက စခဲ့တာပါ။ သတင်းထောက် တစ်ယောက်အနေနဲ့ အိမ်ဖြူတော် အဝန်းအဝိုင်းနဲ့ ကျွန်တော် နီးစပ်ခွင့် ရခဲ့တယ်လေ။ ဒီကာလမှာပဲ ကျွန်တော့်စိတ်ထဲမှာ

www.burmeseclassic.com


သချောတာတစ်ခု ဖြစ်လာတယ်။ အဓိကကျတဲ့ လူမှုရေးနဲ့ နည်းပညာဆိုင်ရာ အပြောင်းအလဲတွေက အမေရိကန် လူ့အဖွဲ့အစည်း တစ်ခုလုံးကို ကိုင်လှုပ်နေပြီဆိုတဲ့ အချက်ပါ။ ဒါပေမဲ့ ကျွန်တော်တို့ အစိုးရက ဒါကို မမြင်ဘူး။ ဘယ်မြင်မလဲ။ သူမျက်နှာချင်းဆိုင် ထားတာက အတိတ်ဖြစ်နေတာကိုး။ ဒီတော့ အနာဂတ်ကို ကျောပေးထားသလို ဖြစ်နေတော့တာပေါ့။

အခြေခံ သိပ်ကျတဲ့ အပြောင်းအလဲတွေကို တောင် အမေရိကန် အစိုးရအနေနဲ့ မတွက်ဆနိုင်တော့ဘူး။ နိုင်ငံရေးသမားဆိုတဲ့ သူတွေကလည်းလာမယ့် ရွေးကောက်ပွဲရဲ့ ဟိုဘက်ကို မျှော်ကြည့်တတ်တဲ့ လူမျိုးက ရှားမှရှား။ ဒီအခြေအနေမှာ အချိန်နဲ့အမျှ မြင့်မြင့်လာနေတဲ့ မိုးကုပ်စက်ဝိုင်းကြီးကို ကျွန်တော် မြင်နေရတယ်။ အနာဂတ်နဲ့ အပြောင်း အလဲတွေကို ရင်ဆိုင်ဖို့ ကျွန်တော်တို့မှာ ဘာမှ အဆင်သင့် မဖြစ်ကြသေးဘူး။ လာတော့မယ့် လှိုင်းလုံးကြီးကို ရင်ဆိုင်ဖို့ ကျွန်တော်တို့မှာ အစွမ်းအစမဲ့သလို ဖြစ်နေတော့တယ်။ ဒါဟာ အမေရိကန် အစိုးရကိုသာ ကွက်ပြောနေတာ မဟုတ်ဘူးနော်။ ကျွန်တော်တို့ အမေရိကန် လူထု တစ်ရပ်လုံးကို ပြောတာ။

■ **'အနာဂတ် သွေးလန့်မှု' ကို ရေးဖို့ ခင်ဗျား ဘယ်လောက် အချိန်ယူရလဲ။**

□ စဉ်းစားတာကနေ အဆုံးသတ်တာထိ ပြောရရင် ငါးနှစ်လောက် ကြာပါတယ်။ ဒီအတွင်းမှာ တခြား ဆောင်းပါး

www.burmeseclassic.com


တွေတော့ အရေးမပြတ်ပါဘူး။ မဂ္ဂဇင်းတွေရော၊ ဂျာနယ်တွေရော အစုံပါပဲ။ ကော်နယ် တက္ကသိုလ်မှာလဲ ဧည့်ပါမောက္ခ အနေနဲ့ ဝင်လုပ်လိုက်ပါသေးတယ်။ အဲဒီမှာ အနာဂတ်လူမှုဗေဒ ပညာကို ကျွန်တော် ပို့ချပါတယ်။ တခြား ပါမောက္ခ တစ်ယောက်နဲ့ တွဲပြီး နည်းပညာနဲ့ တန်ဖိုးတွေရဲ့ ဆက်စပ်ပုံကိုလည်း ပို့ချကြပါတယ်။ နည်းပညာ တိုးတက်မှုတွေနဲ့ တန်ဖိုးပြောင်းလဲမှုတွေရဲ့ အပြန်အလှန် ကျေးဇူးပြုပုံကို ကျွန်တော်တို့ ဖောင်းပေး လေ့လာခဲ့ကြပါတယ်။

အဲသလိုနဲ့ စာဖတ်ရင်း၊ စာသင်ရင်း၊ စာရေးရင်း 'အနာဂတ် သွေးလန့်မှု' ကို ရေးခဲ့တာ ၁၉၇၀ ခုနှစ်မှာ ထုတ်ဝေနိုင်ခဲ့ပါတယ်။

■ **ဒီစာအုပ်ဟာ ခင်ဗျားဘဝရဲ့ အလှည့်အပြောင်းလို့ ဆိုနိုင်မှာပေါ့နော်။ ဒီ အပြောင်းအလဲတွေကို ဖြစ်နိုင်ရင် ပြောပြစမ်းပါဦး။**

□ နည်းမျိုးစုံနဲ့ ပြောင်းပစ်လိုက်တယ်လို့ ဆိုရမယ်ဗျ။ ဒီစာအုပ်ရဲ့ တုံ့ပြန်မှုတွေဟာ ကျွန်တော့်အတွက်တော့ ရောမ ရေခဲတုံးကြီးနဲ့ ဝင်ဆောင့်လိုက်ရသလိုပါပဲ။ တစ်ခါတည်း တုန်ခါသွားတာပဲ။ ကျွန်တော့်အထင် အရေးကြီးဆုံး အချက်ကို ပြောမယ်လေ။ စာရေးသူ တစ်ယောက်အနေနဲ့ ဘယ်တုန်းကမှ ကျွန်တော် မရခဲ့တဲ့ စာဖတ်ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ခွင့်ကို ကျွန်တော်ရလိုက်တယ်။ ဒါ ဒီစာအုပ်ရဲ့ ကျေးဇူးပဲဗျ။

www.burmeseclassic.com


အမေရိကန်မှာတော့ စောင်ရေ အများဆုံးဆိုတဲ့ စာနယ်ဇင်းတွေမှာ ကျွန်တော်စာတွေ ရေးနေတာပဲ။ ဒါပေမဲ့ ပရိသတ်ရဲ့ တုံ့ပြန်မှုဟာ မဆိုစလောက်ပါ။ ကံကောင်းပါမှ စာလေး လေးငါးစောင် ရပါတယ်။ ကျွန်တော့် ပထမစာအုပ် 'ယဉ်ကျေးမှု စားသုံးသူများ' ဆိုရင်လည်း အထိုက်အသင့် ပေါက်တယ်လို့ ပြောနိုင်မှာပါ။ နယူးယော့တိုင်းရဲ့ စာအုပ်ကဏ္ဍမှာ ရှေ့ဆုံးက ဖော်ပြခံခဲ့ရတာပဲ။ ဒါပေမဲ့ ပရိသတ်ဆီက စာလေး ငါးစောင်လောက်ပဲ ကျွန်တော်ရခဲ့ပါတယ်။

'အနာဂတ် သွေးလန့်မှု' လည်း ထွက်လာရော လာလိုက်တဲ့စာတွေ ရေတံခွန်ကြီး ပြိုကျလာသလား အောက်မေ့ ရတယ်။ မိုးလင်းတာနဲ့ တယ်လီဖုန်းသံက နှိုးလိုက်ပြီ။ ကျွန်တော်နဲ့ စကားပြောဖို့ အနည်းဆုံး စာဖတ် ပရိသတ် နှစ်ယောက်လောက်ကတော့ စောင့်နေကြတယ်။ အခုပဲ ကျွန်တော့်စာအုပ်ကို ဖတ်ပြီးတဲ့အကြောင်း၊ တချို့ အချက်တွေ ဆွေးနွေးချင်လို့ ချက်ချင်း ဖုန်းဆက်လိုက်ကြောင်း စသဖြင့် အားတက်သရော ပြောကြပါတယ်။

■ **ဒီလူတွေဟာ အရင်က ခင်ဗျားနဲ့ မသိဘူးပေါ့နော်။ ခင်ဗျားနဲ့ ဘာမှ အဆက်အသွယ် မရှိတဲ့ သူတွေပေါ့ ဟုတ်လား။**

□ မသိဘူးဗျ။ သူစိမ်းတွေပါ။ တကယ့်ကို သူစိမ်းတွေ။ စာဖတ်ရင်း စိတ်လှုပ်ရှားလွန်းလို့သာ ညကြီး အချိန်မတော် ဖုန်းဆက်ကြတာမျိုး ဖြစ်မှာပါ။ နေရာဒေသအရ ဆိုရင်လည်း ဟိုးအဝေးကြီးက လာတဲ့စာတွေ။ စာအုပ်နဲ့ ပတ်သက်လို့

www.burmeseclassic.com

BURMESE CLASSIC .com

ဆွေးနွေးချင်ကြတယ်။ တုံ့ပြန်ချင်ကြတယ်။ ထင်မြင်ချက် ပေးချင်ကြတယ်။ ဝေဖန်ချင်ကြတယ်။ သူတို့ရဲ့ ပုဂ္ဂိုလ်ရေး အကြောင်းလေးတွေလည်း ပါသပေါ့ဗျာ။ စာတစ်စောင်မှာ ဆိုရင် အခုလို ရေးထားတယ်ဗျ။ 'အနာဂတ် သွေးလန့်မှု' ကို ဖတ်လိုက်ရတော့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက် ကတည်းက ကျွန်တော့် ပခုံးပေါ်ကနေ ကျော်ပြီး ကျွန်တော့် ဘဝကို ဆရာလာကြည့်နေသလားလို့ ခံစားရပါတယ်' တဲ့လေ။

တချို့စာတွေကျတော့လည်း ပုဂ္ဂိုလ်ရေးတွေ ဖြစ်နေပြန်တယ်။ သူတို့ ပြဿနာတွေ ရင်ဖွင့်ကြတာမျိုးပေါ့။ တစ်ယောက်ကဆိုရင် သူတို့ သားလေးရဲ့ ဝေဒနာကို ကုပေးဖို့ ကျွမ်းကျင်တဲ့ ပညာရှင်တစ်ယောက် ရှာပေးပါ လို့တောင် ကျွန်တော့်ကို အကူအညီ တောင်းထားလေရဲ့။ ကျွန်တော့် စာအုပ်ထဲမှာပါတဲ့ ဇီဝဗေဒ တိုးတက်မှုတွေကို ဖတ်ပြီး ကျွန်တော့်ကို ပိုတွက်ကြဟန် တူပါရဲ့ဗျာ။ တချို့ စာတွေကတော့ တကယ့်ကို တလေးတနက် ရေးထားတာ ဗျ။ 'ဆရာ့ အနေနဲ့ လူဦးရေ ပြဿနာကို လျှော့တွက်ထား သလို ဖြစ်မနေဘူးလား' ဆိုပြီး ဝေဖန်ကြတာတွေလည်း ရှိတယ်။ သဘောတရားရေး ရှုထောင့်ကနေ ပယ်ပယ် နယ်နယ် ဝေဖန်ကြတာ။ တခြားစာရေးဆရာတွေလည်း ကျွန်တော့်လိုပဲ စာဖတ်ပရိသတ်ဆီက စာတွေ ရကြမယ် ထင်ပါတယ်။ ကျွန်တော်ကတော့ 'အနာဂတ်သွေးလန့်မှု' ထုတ်ပြီးမှ ဒီလိုစာမျိုးတွေ ရခဲ့တာပါ။

BURMESE CLASSIC .com

www.burmeseclassic.com


■ **ဒီစာအုပ်လည်း ထွက်ပြီးရော ခင်ဗျားလည်း တစ်တိုင်းပြည် လုံးက တက္ကသိုလ်တွေ လှည့်ပြီး လက်ချာပေးတော့တာပေါ့ ဟုတ်လား။**

□ မဟုတ်ဘူးဗျ။ ကျွန်တော် လက်ချာပေးနေတာ ကြာပါပြီ။ 'ယဉ်ကျေးမှု စားသုံးသူများ' ထွက်ပြီးတော့ တက္ကသိုလ် တချို့က ကျွန်တော်နဲ့ လာဆက်သွယ်ပါတယ်။ သူတို့ဆီမှာ လာပို့ချဖို့ပေါ့။ အဲဒီထဲက စခဲ့တာပါ။ အခု 'အနာဂတ် သွေးလန့်မှု' ထွက်ပြီး နောက်ပိုင်းမှာက တစ်မျိုးဗျ။ ပို့ချချက် သက်သက် မဟုတ်တော့ဘူး။ ပြောရရင် နိုင်ငံရေး စုရုံးမှုမျိုး ပိုဆန်လာတယ်။ ပရိသတ်ဟာ ငြိမ်ငြိမ်လေး ထိုင်နားထောင် နေကြတဲ့ ကျောင်းသားတွေတင် မကတော့ဘူး။ ခန်းလုံး ပြည့် မိုးတိုးမတ်တတ် ရပ်နေတဲ့ ပရိသတ်၊ လှုပ်နေတဲ့ ပရိသတ်၊ အားတက်သရော ဆွေးနွေးကြတယ်ဗျာ။ တိတ် ဆိတ် မနေဘူး။ အသံထွက်နေတယ်။ ငြင်းကြ ခုံကြ ဝေဖန်ကြတာတွေကလည်း ပတ်တုတ်လို့ မရဘူး။ ၁၉၇၀/ ၇၁ တစ်ဝိုက်ပေါ့ဗျာ။ ကျွန်တော်တို့ နိုင်ငံမှာ ဗီယက်နမ်စစ်ပွဲ အရှိန်နဲ့ ကြိမ်မီးအုံးဖြစ်နေတဲ့ ကာလပေါ့။ အိမ်ဖြူတော် မှာက 'နစ်ဆင်' ထိုင်နေချိန်လေ။ အလှုပ်အရမ်း ကြမ်းနေတဲ့ ကာလကြီးပေါ့ဗျာ။ ခင်ဗျားသိပါတယ်။

■ **ပရိသတ်တွေကကော ဘယ်သူတွေလဲဗျ။**

□ များသောအားဖြင့်တော့ တက္ကသိုလ်ပရိသတ်လို့ ဆိုနိုင် ပါတယ်။ နေရာကလည်း တက္ကသိုလ်၊ ကောလိပ်တွေရဲ့ အားကစားရုံတွေ၊ ခန်းမကြီးတွေမှာကိုး။ ဒါပေမဲ့ တက္ကသိုလ်

www.burmeseclassic.com

BURMESE CLASSIC .com

ကျောင်းသားချည်းတော့ မဟုတ်ပြန်ဘူး။ စီးပွားရေး နယ်ပယ်ကရော၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်း နယ်ပယ်ကရော စုံလို့ပဲ။ ပြောရရင်တော့ ဘဏ်လုပ်ငန်းရှင် က အစ၊ စိတ်ကုဆရာဝန်ထိ အကုန်ပါတယ်ဗျာ။

■ **'အနာဂတ် သွေးလန့်မှု' ကို ဖတ်ပြီး လှုပ်လာတဲ့ ခင်ဗျား ပရိသတ်တွေမှာ ထူးခြားမှု တစ်ခုခုများ ရှိလေမလား။ ခင်ဗျားအမြင် ပြောပါဦး။**

□ ဟုတ်တယ်။ ထူးခြားတယ်။ လူငယ်တွေဗျာ၊ ပညာတတ် တွေဗျာ၊ လူလတ်တန်းစားတွေ၊ သူတို့အားလုံး စာဖတ်ကြ တယ်။ သူတို့ဖတ်တဲ့စာက တက္ကသိုလ်ရင်ပြင်ကို ဖောက် ထွက်နေတယ်။ တက္ကသိုလ်ပြင်ပ ပရိသတ်ကိုလည်း ကြည့်ဦး။ လူငယ် အလုပ်အမှုဆောင်တွေ ပါတယ်။ အိမ်ရှင်မ တွေလည်းပါတယ်။ အုပ်စုမျိုးစုံက တက်ကြွသူတွေလည်း ပါတယ်။ ကျောင်းဆရာတွေ၊ မြို့ပြစီမံကိန်း ရေးဆွဲသူတွေ၊ အစိုးရ အရာရှိတွေ၊ နောက်ဆုံး ဝန်ကြီးတွေတောင် ပါ တယ်။ ဆံပင်ရှည်ရှည် သားသမီးတွေအတွက် ရတက် မအေး ဖြစ်နေတဲ့ မိဘတွေလည်း ပါသပေါ့။

စာအုပ်ရဲ့ အောင်မြင်မှုက ကျွန်တော်တို့ ကိုယ်တိုင်ကို လက်ဖျားခါယူရတယ်ဗျာ။ ပထမဆုံး အဖုံးပျော့ စာအုပ် ထွက်တော့ အဲဒီခေတ် ထွက်သမျှထဲမှာ စျေးအကြီးဆုံးပါ။ ဒါပေမဲ့ ပြိုက်ခနဲ ကုန်သွားတယ်။ ထုတ်ဝေသူကတောင် အံ့ဩယူရတယ်။ ပြီးတော့ ဒီ စာအုပ်ဟာ ပြင်သစ်၊ ဂျာမနီနဲ့ ဂျပန်မှာလည်း ရောင်း အကောင်းဆုံး စာရင်းမှာ ထိပ်ဆုံးက

BURMESE CLASSIC .com

www.burmeseclassic.com


ပါနေတယ်လို့ သိရပါတယ်။ နောက်ပိုင်းတော့ အဲဒီနိုင်ငံတွေကလည်း ကျွန်တော့်ကို ဖိတ်လာကြပါတယ်။

ဒီနေရာမှာ စပ်မိလို့ ပြောရဦးမယ်။ ၁၉၆၃ ခုနှစ်လောက်က ကျွန်တော်တို့ ဇနီးမောင်နှံ ဆမ်မီနာတစ်ခုကို တစ်လလောက် တက်ခဲ့ဖူးတယ်။ ဥရောပ ပညာရှင် တော်တော်များများရဲ့ အမြင်ကို ကြားနာခွင့် ရခဲ့တယ်ပေါ့ဗျာ။ အဲဒီမှာ အတွေ့အကြုံတစ်ခု ကောင်းကောင်း ရလိုက်ပါတယ်။ ကျွန်တော်တို့ဟာ အမေရိကန်အမြင်နဲ့ ကမ္ဘာကြီးကို ကြည့်လို့ မဖြစ်တော့ဘူး။ ကမ္ဘာကြည့် ကြည့်နိုင်မှ တော်ကာကျမယ်ဆိုတာ သဘောပေါက်လိုက်ပါတယ်။

'အနာဂတ် သွေးလန့်မှု' ရော၊ နောက်စာအုပ် 'တတိယလှိုင်း' ကိုပါ ရေးခဲ့တာဟာ ကမ္ဘာလုံးအမြင်နဲ့ ချဉ်းကပ်ကြည့်ဖို့ ကြိုးစားလိုက်တာပါပဲ။ သုတေသနလုပ်တာ၊ ဥပမာရွေးတာကအစ ဒီအချက်ကို ခေါင်းထဲမှာ ထည့်ထားပါတယ်။ ဒါကြောင့်လည်း ဒီစာအုပ်တွေရဲ့ တုံ့ပြန်မှုဟာ အမေရိကန် နယ်နိမိတ်ကို ကျော်သွားတာလို့ ထင်ပါတယ်။ ဒါ့ကြောင့် ပရိသတ်နဲ့ ပတ်သက်ပြီး ထူးခြားမှုကို ပြောပါဆိုရင် 'ကမ္ဘာလုံး သဘော ဆောင်လာတဲ့အချက်' လို့ ကျွန်တော် ဖြေချင်ပါတယ်။

ကျွန်တော့်အတွက်တော့ တံခါးတွေ ပွင့်သွားတာပါပဲဗျာ။ နိုင်ငံ ပေါင်းစုံက ပညာရှင်တွေ၊ နိုင်ငံ ခေါင်းဆောင်တွေ၊ လူငယ်တွေရဲ့ ရင်ထဲကို လှမ်းမြင်လိုက်ရသလို ခံစားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# လူပုဂ္ဂိုလ်များ၊ ထင်မြင်ချက်များနှင့်
# တတိယလှိုင်း

# လူပုဂ္ဂိုလ်များ၊ ထင်မြင်ချက်များနှင့် တတိယလှိုင်း

- **နိုင်ငံခေါင်းဆောင် တော်တော်များများနဲ့ ခင်ဗျားတွေ့ခဲ့တယ်နော်။ ဘယ်မှာ တွေ့ကြတာလဲဗျ။**
- ရှုမေးနီးယားမှာ 'ချောင်ဆက်စကူး'နဲ့ နာရီတော်တော်ကြာကြာ စကားပြောခဲ့ရပါတယ်။ ဒီလိုပါပဲ၊ 'ထရူးဒိုး' နဲ့ ဆုံခဲ့တာ ကနေဒါမှာပေါ့။ 'ဂုစ်လမ်း'နဲ့ ဆိုရင် ဩစတြေးလျမှာပေါ့။ 'ဆူဇူကီး'တို့ 'မိခီ'တို့နဲ့ဆိုရင် ဂျပန်မှာပေါ့။ ဒီလိုနဲ့ တစ်နေ့မှာ ဟောပြောပွဲတစ်ခု လုပ်ဖို့ ကျွန်တော် အိန္ဒိယရောက်သွား ပါတယ်။ အဲဒီမှာ 'အင်ဒရာဂန္ဒီ'ဆီက ကျွန်တော်တို့ကို လှမ်းဖိတ်လိုက်တယ်ဗျာ။ အေးအေးဆေးဆေး စကား ပြောကြရအောင် ကွဲခဲ့ကြပါတဲ့။

ကျွန်တော်တို့ လက်ခံခဲ့ပါတယ်။ အဲဒီ အချိန်က 'အင်ဒရာ' ဟာ မိန့်ခွန်း ပြောတိုင်း 'အနာဂတ်သွေးလန့်မှု' ကိုးကား ပြောနေပါပြီ။ သူဟာ အပြောင်းအလဲကို ရှောင်မရဘူး ဆိုတာ နားလည် လက်ခံတတ်တဲ့ ခေါင်းဆောင် တစ်ယောက်ပါ။

ကျွန်တော့်အနေနဲ့ကတော့ အံ့အားသင့်မိတာ အမှန်ပဲ။ တကယ်တော့ 'အနာဂတ် သွေးလန့်မှု'ဆိုတာ နည်းပညာ ရှေ့တန်းရောက် နိုင်ငံကြီးတွေမှာ နေကြတဲ့ လူတွေ အကြောင်း မဟုတ်လား။ အဲဒီနိုင်ငံတွေမှာက နည်းပညာနဲ့ လူမှုရေး အပြောင်းအလဲတွေဟာ သိပ်မြန်၊ သိပ်ကြမ်းတယ် မဟုတ်လား။ ဒါပေမယ့် ဒီအပြောင်းအလဲရဲ့ ဂယက်ဟာ နည်းပညာနဲ့ အလှမ်းဝေးတဲ့ နိုင်ငံတွေက လူတွေဆီကိုပါ လာထိနေတာ တွေ့လိုက်ရတယ်။ ကျေးလက်တောရွာမှာ နေတဲ့ လူတွေကတောင် မကြာမကြာ ပြောတတ်ကြရဲ့။ ကျုပ်တို့လည်း အနာဂတ် သွေးလန့်မှုဒဏ်ကို ခံနေရပြီဗျို့တဲ့လေ။

- **အင်ဒရာဂန္ဒီနဲ့ ပတ်သက်လို့ ခင်ဗျား ထင်မြင်ချက် လုပ်စမ်းပါဦး။**

◘ ကျွန်တော်တို့နဲ့ တွေ့တုန်းက အင်ဒရာခမျာ ပြဿနာ သောင်းခြောက်ထောင်ကြား ရောက်နေတာကလား။ ဒီကြားထဲကကိုပဲ အိန္ဒိယတိုက်ငယ်ရဲ့ ပထဝီနိုင်ငံရေး သင်ခန်းစာ အကြောင်းကို အချိန်ယူပြီး အကျယ်တဝင့် ရှင်းပြသွားခဲ့သေးတယ်ဗျာ။ ကျွန်တော်တို့ဖြင့် အံ့ရောပဲ။

www.burmeseclassic.com

BURMESE CLASSIC .com

အပုံစား မြေပုံကြီး တစ်ပုံရှေ့ ကျကျနနရပ်ပြီး လက်ချာပေးတာ ခင်ဗျ။ တကယ့်ကို စိတ်ရှည်တဲ့ ဆရာမကြီး အတိုင်းပါပဲ။ ဒီလို အပြုအမူမျိုးကို လျှောင်ပြုံး ပြုံးမယ့်လူတွေ အိန္ဒိယမှာ ဘယ်လောက်ရှိနေမလဲ ဆိုတာတော့ ကျွန်တော်လည်း မပြောတတ်ဘူးဗျာ။ အဲဒီအချိန်က 'အင်ဒရာ' ကိုယ်တိုင်ကလည်း အာဏာပိုင် ဝါဒကို နောက်ဆုံးကောက်ရိုးမျှင်လို အားကိုးတကြီး ဆုပ်ထားခဲ့တာကိုး။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ဒီအမျိုးသမီးကြီးကို ကြည့်ရတာ ခုလိုဟောရပြောရတဲ့ အလုပ်ကို သဘောတွေ့နေသလိုပါပဲ။ ဖိစီးမှုတွေကြားက စိတ်ထွက်ပေါက်လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ။ ဝန်ကြီးချုပ်ရုံးခန်းရဲ့ အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ ဗိုလ်ချုပ်ကြီးတွေနဲ့ ပြည့်နေတာ တွေ့လိုက်ရတယ်။

- ■ **ဘာကြောင့်လဲဗျ။**
- ◻ ဟာ. . . ခင်ဗျားကလည်း တကယ့်အချိန်ကြီးလေဗျာ။ အရှေ့ပါကစ္စတန် ခွဲထွက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ထူထောင်နေတဲ့အချိန်ဗျ။ အရှေ့ပါကစ္စတန်က လူတွေ သန်းနဲ့ချီပြီး အိန္ဒိယနယ်ထဲ လှိမ့်ဝင်လာပါရောလား။ ဒုက္ခသည်ပေါင်း ဆယ်သန်းတောင် ရှိတယ်လို့ ဆိုတာပဲ။ တကယ့်ကို ကြေကွဲစရာအဖြစ်ဆိုးကြီးပါဗျာ။ ကျွန်တော်တို့ အနောက်တိုင်းက လူတွေ မျက်စိထဲ မထားခဲ့တဲ့ အဖြစ်ဆိုးကြီး တစ်ခုပါ။ အမေရိကန်မှာဆိုရင် ဘယ်သူကမှ မျက်မွှေးထော် မော်မကြည့်ခဲ့ကြပါဘူး။ ခင်ဗျား မှတ်မိမှာပါ။ 'နစ်ဆင်' ခေတ်

BURMESE CLASSIC .com

www.burmeseclassic.com


ပေါ့။ သမ္မတကလည်း ပါကစ္စတန်ဘက် ခပ်ပါပါပါ။ သဘော်ကြီးတွေနဲ့ လက်နက်တွေ ပို့ပေးခဲ့တာပဲ။ ဒီဒုက္ခသည်တွေကို နေရာချထားဖို့ ကျွေးမွေးဖို့ဆိုတာ ဘယ်လွယ်လိမ့်မလဲဗျာ။ ဒီကြားထဲက အိန္ဒိယ အနေနဲ့ အကောင်းဆုံး လုပ်ပေးခဲ့တယ်လို့ ထင်ပါတယ်။ သူတို့ရဲ့ ဒုက္ခသည် ဖြေရှင်းရေး အစီအစဉ်ကို အငြိမ်းစား စစ်အရာရှိကြီးတစ်ဦးကိုယ်တိုင် ခေါင်းဆောင်ခဲ့တာပဲ။ သူ့နာမည် တောင် ကျွန်တော် မှတ်မိနေပါသေးတယ်။ 'ပီအန်လူသာ' တဲ့။ တကယ့်ကိုတော်တဲ့ ပုဂ္ဂိုလ်ကြီးပါ။ ကျွန်တော် သူနဲ့ ဆုံဖြစ်ခဲ့ပါတယ်။ တစ်နေ့မှာ နာရီနှစ်ဆယ်လောက် ကွင်းထဲ မှာပဲ ရှိနေတတ်တဲ့ လူမျိုးပါ။ အိပ်တာတောင် ကားထဲမှာပဲ အိပ်တာ။ အခြေအနေကလည်း အချိန်မရွေး ထပေါက်ကွဲ နိုင်တဲ့ အနေအထားမျိုးလေ။ အိန္ဒိယ တပ်မတော်က ဗိုလ်ချုပ်ကြီးတွေဆိုရင် ခုလို လူလိုင်းလုံးကြီးတွေနဲ့ နပန်းလုံး နေမယ့်အစား ပါကစ္စတန်နဲ့ ထိပ်တိုက်ချလိုက်ရတာကမှ တော်လိမ့်ဦးမယ်လို့ စဉ်းစားနေကြတာပေါ့။ ဒီကိစ္စအတွက် ဝန်ကြီးချုပ်ကို ဝိုင်းဖျောင်းဖျကြဖို့ ခုလိုအိမ် အပြင်မှာ စုနေကြတာပါ။

- **ဝန်ကြီးချုပ် (အင်ဒရာ)ရဲ့ သဘောထားကကော ဘယ်လိုလဲဗျ။**

- ကျွန်တော်တို့ သူ့ကို မေးခဲ့ပါတယ်။ 'နယ်စပ်ကို ပိတ်ပစ်မလား'လို့။ အင်ဒရာက ခေါင်းခါပါတယ်။ 'မဖြစ်နိုင်ပါဘူး'တဲ့။ ဒုက္ခသည် အများစုရဲ့ ဆွေမျိုးသားချင်းတွေဟာ

www.burmeseclassic.com



BURMESE CLASSIC .com

အိန္ဒိယဘက်မှာ ရှိနေကြတယ်တဲ့လေ။ ဒီတော့ ခုလိုလူ ရေစီးကြောင်းကြီးကို ရပ်ပစ်ဖို့ဆိုတာ ဘယ်လွယ်မလဲ။ အဆင်မသင့်ရင် သူကိုယ်တိုင် တောင် လုပ်ကြံခံရနိုင်တယ်လို့ ပြောတော့ ကျွန်တော်တို့တောင် အံ့သြမိရသေးတယ်။ နယ်စပ်ကို ပိတ်ပစ်ဖို့ ကြိုးစားရင် အသတ်ခံရဖို့ နီးတယ်လို့ ပြောပါတယ်။ အဲဒီနေ့က ဝန်ကြီးချုပ်ဟာ တကယ်ပဲ အကြောက် လွန်နေတာလား၊ ဒါမှမဟုတ် နောင်မှာ တကယ် ဖြစ်လာမယ့် လုပ်ကြံမှုကြီးကို ရည်ညွှန်းပြောတာလား ကျွန်တော် မဝေခွဲတတ်ပါဘူး။

နောက်တစ်နေ့မှာ ဝန်ကြီးချုပ်ရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော် နယ်စပ်ကို သွားခွင့်ရခဲ့ပါတယ်။ ကာလကတ္တား မြို့ရဲ့ အရှေ့ဘက်ဒေသ တွေကိုပေါ့။ နေပူပူမှာ ဖုန်တသောသော လမ်းအတိုင်း တရွေ့ရွေ့လိမ့်လာနေတဲ့ ဒုက္ခသည်တန်းကြီးကို တွေ့ခဲ့ရပါတယ်။ သူတို့ရဲ့ စခန်းတွေထိ ကျွန်တော် သွားခဲ့တယ်။ သုံးပေလောက်သာ နက်တဲ့ ရေဆိုး မြောင်းတွေထဲမှာ ဖြစ်သလို နေနေကြရရှာတဲ့ ဒုက္ခသည် စခန်းကြီးကို တစ်မျှော်တစ်ခေါ်ကြီး မြင်နေရပါတယ်။ အတော့်ကို ထိခိုက် ကြေကွဲစရာကောင်းတဲ့ မြင်ကွင်းပါ။ ဒီလိုနဲ့ ကျွန်တော် အမေရိကန်ကို ပြန်လာခဲ့ပါတယ်။ စိတ်ထဲမှာ သန္နိဋ္ဌာန်ချထားခဲ့တယ်။ အိန္ဒိယမှာ ကျွန်တော် ကြုံခဲ့ရတဲ့ မယုံကြည်နိုင်စရာ အဖြစ်ဆိုးကြီးကို သတင်းစာ လောက သိအောင်လုပ်မယ်ပေါ့။ ဒါပေမဲ့ မလွယ်ပါဘူးဗျာ။ မီဒီယာတွေက ဒီကိစ္စကို သတိပြုရကောင်းမှန်းကို မသိကြ

BURMESE CLASSIC .com

www.burmeseclassic.com



ပါဘူး။ ဒီတုန်းက ကြုံခဲ့ရတဲ့ အတွေ့အကြုံတစ်ခုကို ပြောရဦးမယ်။ မိတ်ဆွေတစ်ယောက်ရဲ့ စင်မြင့်ဖြေဖျော်ပွဲတစ်ခုကို ကျွန်တော် ရောက်သွားပါတယ်။ သူ့ကို ခွင့်တောင်းပြီး စင်မြင့်ပေါ်ကနေ ပရိသတ်ကို ကျွန်တော် စကားပြောကြည့်ပါတယ်။ ကျွန်တော် မြင်ခဲ့တွေ့ခဲ့ရတဲ့ အိန္ဒိယ နယ်စပ်က လောကငရဲကို အသိပေးချင်လို့ပါ။ ဒါပေမယ့် ဆုံးအောင် ပြောခွင့် မရခဲ့ပါဘူး။ ကျွန်တော့် မိတ်ဆွေက ကျွန်တော့်ကို စင်ပေါ်က ဖွတ်ဆင်းခိုင်းတယ်လေ။ ပွဲပြီးမှ ကျွန်တော့်ကို တောင်းပန်တယ်။ ကျွန်တော်ပြောတဲ့ 'အမင်္ဂလာသတင်း' ကို ပရိသတ်က စိတ်မဝင်စားဘူးတဲ့။ ငြီးငွေ့နေပြီတဲ့။ သူ့ အနေနဲ့လည်း သူ့ပရိသတ်ကို အဆုံးရှုံး မခံနိုင်တာကြောင့် ခုလို လုပ်ခဲ့ရတာပါပေ့လေ။ ကျွန်တော် ဒီအဖြစ်ကို ဘယ်တော့မှ မမေ့ပါဘူး။ ဘယ်တော့မှာလည်း ခွင့်မလွှတ်နိုင်ပါဘူး။

■ **အင်ဒရာနဲ့ကော ခင်ဗျား ထပ်တွေ့သေးသလား။**

◘ တစ်ခါထပ်တွေ့ပါတယ်။ 'နယူးယော့' က ဂီတဆည်းဆာ တစ်ခုမှာပါ။ အမေရိကန် ပညာတတ်လောကက လူတွေလည်း အများကြီး လာတာပေါ့။ မှတ်မှတ်ရရ 'ဘရက်ဇင်စကီး' (ကာတာ လက်ထက် နိုင်ငံခြားရေး ဝန်ကြီး) လည်း လာပါတယ်။ ပြောရရင်တော့ ဒီပွဲက အတော်စိတ်ပျက်ဖို့ ကောင်းပါတယ်။ အိန္ဒိယဒုက္ခသည်စခန်းက အနိဌာရုံတွေကို ကျွန်တော်တို့ လူကြီးမင်းများက စာနာပေးဖော်တောင်

www.burmeseclassic.com



မရပါဘူး။ အလာပ သလ္လာပတွေ ပြောကြဆိုကြရင်းနဲ့ပဲ၊ အချိန်ကုန် သွားခဲ့ပါတယ်။ကျွန်တော်တို့ အမေရိကန်တွေ အပေါ် အင်ဒရာ ဘယ်လိုမြင်သွားမလဲဆိုတာ ဘုရား သခင်မှပဲ သိပါလိမ့်မယ်။ ကျွန်တော် ကိုယ်တိုင်တော့ အတော်စိတ်ပျက်မိတာ အမှန်ပဲ။

■ **နေဦးဗျာ၊ တစ်ခု ဖြတ်မေးရဦးမယ်။ ခင်ဗျားက 'ကျွန်တော်' လို့ မသုံးဘဲ ကျွန်တော်တို့ဆိုတဲ့ ဗဟုဝုစ်ကို အမြဲသုံးတယ် နော်။ အဲဒါ ဘာ့ကြောင့်လဲ။**

◘ ဒါလား။ ကျွန်တော်က စာရေးဆရာပဲဗျာ။ ခင်ဗျား သိပါ တယ်။ စာရေးဆရာဆိုတာ တစ်ကိုယ်တော် ကြိတ်ပြရတဲ့ လူမျိုးပဲဟာ။ ကျွန်တော့် စာအုပ်အတွက် ကျွန်တော့်ဘာသာ စိတ်ကူးရတယ်။ အစကနေ အဆုံးထိ ကိုယ့်ဘာသာ ကိုယ် ရေးရတယ်။ အဲ တစ်ခုတော့ ရှိလေရဲ့။ ကျွန်တော့်မှာ သိပ် ကို အဖိုးတန်တဲ့ အပေါင်းအဖော် တစ်ယောက်တော့ ရှိတယ်။ 'ဟက်ဒီ'ပေါ့ဗျ။ သူဟာကျွန်တော့်ရဲ့ အကောင်းဆုံး အကြံပေးဖြစ်သလို လက်သံအပြောင်ဆုံး ဝေဖန်ရေးသမား လည်း ဖြစ်တယ်ဗျ။ ပြီးတော့ အတိကျဆုံး အယ်ဒီတာ လည်း ဖြစ်နေပြန်တယ်။ ကျွန်တော့်ရဲ့ ပညာရေးဘဝမှာ ရာသက်ပန်အဖော်လို့ ပြောရမှာပဲ။ ကျွန်တော် တက္ကသိုလ် တွေ လှည့်ပြီး လက်ချာပေးတော့ များသောအားဖြင့် သူလိုက်လာတတ်တယ်။ ပရိသတ်ထဲကနေပြီး မေးခွန်း တွေလည်း မေးတတ်တယ်။ တစ်ခါတလေကျတော့ သူ

ကိုယ်တိုင်လည်း လက်ချာတွေ ပေးတတ်ပြန်တယ်။ သူတေသန ကိစ္စတွေနဲ့ သွားရင်ပဲဖြစ်ဖြစ် ကျွန်တော်နဲ့အတူ သူပါတတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ဇနီးအနေနဲ့ သက်သက်တော့ဖြင့် မဟုတ်ဘူး။ လုပ်ဖော်ကိုင်ဖက် တစ်ယောက်အနေနဲ့၊ အမြဲတမ်း အဖွဲ့ဝင် တစ်ယောက်အနေနဲ့ လိုက်လာတာမျိုးပါ။ သူ ကိုယ်တိုင်လည်း အစိုးရ အကြီးအကဲတွေ၊ ဝန်ကြီးတွေ၊ တာဝန်ရှိသူတွေနဲ့ မကြာခဏဆိုသလို တွေ့ဆုံဆွေးနွေးနေတာ ကျွန်တော် မြင်နေရတာပဲ။

ဒါကြောင့် စာအုပ်တွေရေးတဲ့ စာရေးသူအနေနဲ့ဆိုရင်တော့ ကျွန်တော်ဆိုတာ တစ်ယောက်တည်းပဲပေါ့။ ကျန်တဲ့ ကိစ္စအားလုံးမှာတော့ ကျွန်တော်နဲ့ ဟက်ဒီဆိုတာ ခွဲမရပါဘူး။ ဘာတဲ့။ ဟိုနှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်တဲ့ စွယ်တော်ရွက်ဆိုသလိုပေါ့ဗျာ။ဒါကြောင့် 'ကျွန်တော်တို့' ဆိုပြီး ဗဟုဝုစ်ကို သုံးတာပါ။ ဟုတ်ပြီလား။

- **အင်း ခင်ဗျားတို့ စုံတွဲက ကမ္ဘာပတ်နေကြတာပေါ့နော်။ တိုင်းပြည် တော်တော်များများ ခင်ဗျားတို့ ရောက်မှာပေါ့။ အဲဒီတိုင်းပြည်တွေမှာ ဘယ်လိုပြဿနာမျိုးတွေကို ခင်ဗျားတို့ အာရုံထား လေ့လာကြလဲ။ ဘာကို 'ဖိုးကပ်စ်' လုပ်ပြီး၊ ပြောကြဆိုကြလဲ။ ဒါတော့ သိချင်တယ်ဗျာ။**

- အများဆုံး ပြောဖြစ်တာကတော့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိစ္စပဲဗျ။ ရောက်တဲ့ နိုင်ငံတိုင်းမှာ အငြင်းရဆုံး ပြဿနာကတော့ ကျွန်တော် ပြောလေ့ ပြောထရှိတဲ့ 'ရှေ့

www.burmeseclassic.com



တော်ပြေး ဒီမိုကရေစီ' Anticipatory Democracy ဆိုတာနဲ့ ပတ်သက်တယ်။ 'စပ်ကူးမပ်ကူး ဒီမိုကရေစီ' လို့လည်း ပြောနိုင်တာပေါ့ဗျာ။ ၁၉၇၆ ခုနှစ်လောက်က ဒီကိစ္စနဲ့ ပတ်သက်ပြီး ပိုလန်ပါတီခေါင်းဆောင် တော်တော်များများနဲ့ ကျွန်တော်တို့ ဆွေးနွေးကြပါတယ်။ သူတို့ရဲ့ အလိုအရတော့ ရှေ့တော်ပြေးပြောပြော၊ စပ်ကူးမပ်ကူး ဆိုဆို ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆိုတဲ့ အထူးကာလ မျိုး မလိုပါဘူးတဲ့။ 'ဘာကြောင့်လဲဗျာ' လို့ ကျွန်တော်တို့က မေးတော့ ခုလို ပြန်ပြောသဗျ။ 'ကျုပ်တို့ခေါင်းဆောင်က အနည်းဆုံး တစ်နှစ်တစ်ခေါက် စက်ရုံထိ ဆင်းတယ်လေ။ အလုပ်သမား တွေရဲ့ စိတ်ထဲ ဘာရှိတယ်ဆိုတာ သူကောင်းကောင်း သိတာပေါ့' တဲ့လေ။ နောက်တော့ ပိုလန်မှာ ဘာတွေဖြစ်ခဲ့လဲ။ ခင်ဗျား သိပါတယ်။

တောင်အမေရိကကို ရောက်တော့ တတိယကမ္ဘာရဲ့ အနာဂတ်အကြောင်း ကျွန်တော်တို့ ပြောဖြစ်ကြပါတယ်။ ဘိုဂိုတာ Bogota ကိုရောက်တော့ ကျွန်တော့်ရဲ့ အနာဂတ် သွေးလန့်မှုထဲက စာပိုဒ်တချို့ကို ရေဒီယိုက အသံလွှင့်ပေး နေတာ ကြားရပါတယ်။

ဂျပန်မှာလည်း 'အနာဂတ်သွေးလန့်မှု' နဲ့ ပတ်သက်လို့ မှတ်တမ်းတင် ဇာတ်ကားလေး တစ်ပုဒ်ရိုက်ဖြစ်ကြပါတယ်။ အဲဒီဇာတ်ကား ရိုက်တုန်းက အမှတ်တရလေး တစ်ခုကို ပြောရဦးမယ်။ ဟစ်ပီဆန်ဆန် ဝတ်စားထားတဲ့ ချာတိတ် တွေ ကျွန်တော်တို့ဆီကို တန်းစီ ချီတက်လာကြတာဗျ။

www.burmeseclassic.com

BURMESE CLASSIC .com

လက်ထဲမှာ 'အနာဂတ် သွေးလန့်မှု' စာအုပ်လေးတွေ ကိုင်လို့။ အဲဒီတုန်းက ကျွန်တော်တို့ ရောက်နေတဲ့ 'ရိုက်ကွင်း'က တောင်တန်းဒေသ တစ်ခုမှာပါ။ ဒီဒေသတစ်ဝိုက်မှာ နေကြတဲ့ လူငယ်တွေ စုလာပြီး အားပေးကြတဲ့သဘောပါ။ အဲဒီထဲမှာ ဆွစ်လူမျိုးတွေရော အမေရိကန်ရော၊ ဂျာမန်တွေရော လူမျိုးစုံ ပါတယ်။ ဝန်ခံရမယ် ဆိုရင်တော့ ကျွန်တော် သိပ်ကို ပီတိ ဖြစ်ရပါတယ်။ ပညာတတ် အသိုင်းအဝိုင်းက ဝိုင်းမြှောက်စားကြတဲ့ ဂုရုကြီး တစ်ပါး အဖြစ်နဲ့ ခုလို စာရေးဆရာဘဝကို ကျွန်တော် မလဲနိုင်ပါဘူး။

■ **နောက်ထပ်လည်း ခင်ဗျား မှတ်တမ်းတင် ဇာတ်ကား တစ်ကား ရိုက်သေးတယ်နော်။ ရုပ်မြင်သံကြား အစီအစဉ် အတွက်လေ။ ဒီတစ်ခါတော့ ခင်ဗျားရဲ့ 'တတိယလှိုင်း' The Third Wave စာအုပ်အကြောင်း ဖြစ်မယ် ထင်တယ်။ ဟုတ်လား။**

□ ဟုတ်ပါတယ်။

■ **ပရိုဂျူဆာက ဘယ်သူလဲဗျ။**

□ 'အနာဂတ်သွေးလန့်မှု' ကို တီဗီမှာ ထုတ်လွှင့်တုန်းကတော့ ဒီလုပ်ငန်း တစ်ခုလုံးကို ပရိုဂျူဆာဆီ လွှဲထား ခဲ့တာဗျ။ ဒါကြောင့်လည်း ဒီဇာတ်လမ်းရဲ့ အကျိုးဆက်နဲ့ ပတ်သက်လို့ ကျွန်တော်တို့မှာ ဘာမှ ပြောခွင့် မရှိဘူးလို့ ထင်ပါတယ်။ မူလစာအုပ်ထဲမှာပါတဲ့ အကြောင်းအရာနဲ့ ပတ်သက်လို့ကတော့ ပရိုဂျူဆာနဲ့ရော ဒါရိုက်တာနဲ့ပါ၊ အကြီးအကျယ် စကားများခဲ့ရတာပေ့ါ။ ထားပါတော့လေ။

BURMESE CLASSIC .com

www.burmeseclassic.com


ဒီတစ်ကြိမ်မှာတော့ ဒီလိုကိစ္စမျိုးတွေ ရှောင်သင့်တယ်လို့ ဟာက်ဒီက ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့်လည်း စ,သန္ဓေတည်ကတည်းက ကျွန်တော်တို့ ပါခဲ့ကြပါတယ်။ ဟာက်ဒီကတော့ ပိုပင်ပန်းတာပေ့ါလေ။ ရိုက်ကူးရေး အစီအစဉ်တွေအတွက် ပြင်ဆင်ရတာရော၊ တခြားကိစ္စတွေရော လက်မလည်နိုင်အောင်ပါပဲ။ ဒီအစီအစဉ်ကို သူ ဦးဆောင်တယ်လို့တောင် ဆိုနိုင်ပါလိမ့်မယ်။

ပထမဆုံး တွန်းအားပေးတာကတော့ ဂျပန် ကုမ္ပဏီတစ်ခုဖြစ်တဲ့NHKပါ။ ကျွန်တော့်ရဲ့ 'တတိယလှိုင်း' ဂျပန်ဘာသာပြန်ကို ထုတ်ခဲ့တာလည်း သူတို့ပါပဲ။ သူတို့က အခုလို အကြံပေးပါတယ်။ စာအုပ်ကို အခြေခံပြီး တီဗီဇာတ်လမ်းရိုက်မယ်ဆိုရင် ခြောက်နာရီကနေ ၁၀ နာရီလောက်ထိ ကြာမယ်၊ ဒီတော့ အပိုင်းလိုက်ခွဲရိုက်ပြီး စီးရီးလိုက်လုပ်မှ သင့်မယ်တဲ့။

ကံကောင်းချင်တော့ အဲဒီအချိန်မှာပဲ ကျွန်တော်ဂါး(လ)ဘရိတ်နဲ့ တွေ့ပါတယ်။ ဘောဂဗေဒပညာရှင် 'ဂျွန် ကား(လ)နက် ဂါး(လ) ဘရိတ်ကို ပြောတာပါ။ သူကလည်း သူပို့ချချက်တွေကို တီဗီစီးရီးလုပ်နေတာကိုး။ ကျွန်တော်နဲ့ တွေ့တော့ သူ့စီးရီးက ပြီးခါစ။ 'ဒီကိစ္စ ဘယ်လောက် အချိန် ယူရသလဲ။ ဒါနဲ့ ပတ်သက်လို့ သူ သဘောထားက ဘယ်လိုလဲ' ကျွန်တော်သူ့ကို တီးခေါက်ကြည့်ပါတယ်။ သုံးနှစ်လောက်တောင် ကြာတယ်လို့ ဆိုတယ်ဗျ။ သူ့သဘောထားကတော့ ပြတ်တယ်။ ရင်ထဲမှာ ငြိသွားတာ

www.burmeseclassic.com


ပဲ။ စကားလုံးတစ်လုံးဟာ အရုပ်တွေ အများကြီးထက် အဖိုးတန်ပါ တယ်ဗျာတဲ့လေ။

■ **ခင်ဗျား သဘောထားကကော သူနဲ့ အတူတူပဲ လား။**

◘ အင်း သိပ်တော့ မတူဘူးဗျ။ ကျွန်တော် ရေးပြီးသား စာအုပ် တစ်အုပ်အတွက် သုံးနှစ်လောက် ထပ်အချိန်ယူရမှာ ကိုတော့ ကျွန်တော် သိပ်စိတ်မပါဘူးဗျာ။ ဒါကြောင့်လည်း အစီအစဉ် တစ်ခုတည်းနဲ့ ပြီးအောင် ချုံ့ပစ်လိုက်တယ်။ NHK ရယ်၊ ပြီးတော့ ကနေဒါက ပညာရေး နက်ဝပ် တစ်ခု ဖြစ်တဲ့ TVO ရယ် ပေါင်းပြီး ဒီဇာတ်လမ်းကို ထုတ်လုပ်ခဲ့ကြ ပါတယ်။ ပရိုဂျူဆာ ဘယ်သူလဲလို့ မေးရင် ဒီကုမ္ပဏီနှစ်ခု ပဲလို့ ဖြေရမှာပေါ့ဗျာ။

ပြောရရင်တော့ ဒါဟာ တကယ့်ကို ယဉ်ကျေးမှုပေါင်းစုံ ဖန်တီးမှုလို့ ပြောနိုင်မယ် ထင်ပါတယ်။ ခြေလှမ်းတိုင်းမှာ ဂျပန်တွေပါတယ်။ ကနေဒါတွေ ရှိတယ်။ အမေရိကန်တွေ ပါတယ်ဗျာ။ ပြီးတော့ ရိုက်ကွင်းထဲမှာ ပါတဲ့ ဒေသခံလူထု လည်း ပါသေးတယ်။ ကျွန်တော်တို့ နိုင်ငံပေါင်း ကိုး နိုင်ငံသွားပြီး ရိုက်ခဲ့ကြတာလေ။

■ **ခင်ဗျားရဲ့ အခန်းကဏ္ဍကရော ဘယ်လိုလဲ၊ ပြောပါဦး။**

◘ နောက်ခံစကားပြောသူပေါ့ဗျာ။ ဇာတ်ညွှန်းရေးဆရာလို့ လည်း ပြောချင် ပြောနိုင်ပါသေးတယ်။

■ **စာအုပ်နဲ့ တီဗီဇာတ်လမ်း ဘာကွာလဲဗျ။ ခင်ဗျား အမြင် ပေါ့။**

BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

◘ တီဗီက စာအုပ် မလုပ်နိုင်တာတွေ အများကြီး လုပ်နိုင်တာပဲ။ ဒီလိုပါပဲလေ။ တီဗီ မလုပ်နိုင်တာတွေကိုလည်း စာအုပ်က လုပ်နိုင်ပါတယ်။ စာရေးဆရာ တစ်ယောက်အနေနဲ့က တော့ စုပေါင်းလုပ်ကြရတာဟာ အတွေ့အကြုံသစ်ပေ့ါဗျာ။ သူများနဲ့ တိုင်ပင်ရတာ၊ ညှိရတာ၊ အပြန်အလှန် အမှီသဟဲ ပြုရတာတွေဟာ တီဗီမှာ ရှောင်လို့မှ မရဘဲ။ ကျွန်တော်တို့ အဖွဲ့သားတွေဟာ တကယ့်လူတော်တွေပါ။ စိတ်လည်း ရှည် ကြတယ်။ ဇွဲလည်းကောင်းတယ်။ ဆက်တိုက် အကြာကြီး အလုပ် လုပ်ရပေမယ့် ဘာတစ်ခွန်းမှ မညည်းညူတတ်ကြ ပါဘူး။ စာအုပ်ထဲက အိုင်ဒီယာကို ဖန်သားပြင်ပေါ် အပီ ပြင်ဆုံး ပို့ပေးနိုင်ဖို့ အာရုံထားပြီး ကြိုးစားကြပါတယ်။ ဒါနဲ့တောင် တီဗီဆိုတဲ့ မီဒီယာရဲ့ တောင်းဆိုချက်က များမှများ။ နည်းပညာရဲ့ အခက်အခဲကလည်း မြင့်မှမြင့်ပဲဗျ။

ခေတ်အမီဆုံး ကွန်ပျူတာ ဂရပ်ဖစ်တွေကို ကျွန်တော်တို့ သုံးခဲ့ကြတာပါ။ ကျွန်တော် တို့မှာ အကောင်းဆုံး ကင်မရာနဲ့ ခေတ်အမီဆုံး အသံဖမ်းကိရိယာတွေ အပြည့်အစုံ ရှိပါ တယ်။ ဒါကြောင့်လည်း ထွက်လာတဲ့ လက်ရာဟာ အပ်ံစားလို့ ကျွန်တော်တော့ ထင်တာပဲ။ ကျွန်တော် စာအုပ်ထဲမှာ ချရေးခဲ့တဲ့ အိုင်ဒီယာ တွေကို ကဗျာတစ်ပုဒ်လို ဖြစ်အောင် လှလှပပလေး အမြင်အာရုံပြောင်း နိုင်ခဲ့တယ်လို့ ထင် တာပဲ။ ဒါပေမဲ့ စာရေးဆရာတွေ အတွက်တော့ တီဗီဆိုတာ လွယ်လွယ်ကူကူနဲ့ သဘာဝကျကျ ပြောင်းလဲအသုံးချလို့ ရနိုင်မယ့် မီဒီယာလို့တော့ဖြင့် ကျွန်တော် မယူဆနိုင်ပါဘူး။

BURMESE CLASSIC .com

www.burmeseclassic.com


- **စာရေးဆရာက ပုံနှိပ်ထုတ်ဝေဖို့ ရည်ရွယ်တာကိုး၊ ဒါကြောင့် များလား။**
- အမှန်ပေါ့ဗျာ။ ဒါပေမဲ့ 'ဟက်ဒီ'နဲ့ ကျွန်တော့်အတွက်တော့ သိပ်မစိမ်းလှဘူးလို့ ဆိုနိုင်မလားဘဲ။ ကျွန်တော်တို့ နှစ်ယောက်လုံးက ရုပ်ရှင်ဂျပိုးတွေကိုး။ ရုပ်ရှင်တော့ စွဲသဗျ။ ကြုံတိုင်းကြည့်တာပဲ။ လူမျိုး၊ ဘာသာစကား ဘာမှ ခွဲမနေပါဘူး။ အကုန်ကြည့်တာပဲ။ ဒီတော့ ဒီလောက် ရှုပ်ထွေးတဲ့ အိုင်ဒီယာကို ရုပ်ရှင် အသွင်ပြောင်းဖို့ဆိုတာ မလွယ်ဘူး ဆိုတာ သိနေပေမယ့် စိတ်ဝင်စား၊ ရင်ခုန်စရာလို့လည်း သဘောထားနိုင်ခဲ့ပါတယ်။ ပြောရရင် နှစ်လိုဖွယ်ရာ စိန်ခေါ်မှုပေါ့ဗျာ။
- **တီဗီပရိုဂရမ်တစ်ခုဟာ ဘာတွေ လုပ်ပြနိုင်မလဲ။ သူ့မှာ အကန့်အသတ်တွေ ရှိနေလေတော့ ခင်ဗျားပြောချင်တဲ့ နိုင်ငံရေး၊ လူမှုရေး အိုင်ဒီယာတွေကို သူကနေ တစ်ဆင့် ပို့ပေးလို့ ရနိုင်ရဲ့လား။**
- သိပ်ရသပေါ့ဗျာ။ လူထုကို ထုတ်လွှင့် ပြသတယ်ဆို ကတည်းက သူ့မှာ နိုင်ငံရေး သဘောဆောင်နေပြီလေ။ ကျွန်တော် စာအုပ်ထဲမှာ ရေးပြတာတွေကို တီဗီက တစ်ဆင့်လည်း ပြောလို့ ရနိုင်ပါတယ်။ ဥပမာ ကျွန်တော်တို့ရဲ့ နိုင်ငံရေး ယန္တရားကြီး တစ်ခုလုံးဟာ ခေတ်မမီတော့ဘူး ဆိုတာမျိုး။ ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံ စည်းမျဉ်းက အစ ပြန်စဉ်းစားရတော့မယ် ဆိုတာမျိုး တီဗီက တစ်ဆင့် ဖော်ပြလို့ ရပါတယ်။ ပြီးတော့ အပြောင်းအလဲတွေ လုပ်ဖို့

www.burmeseclassic.com


လိုတဲ့အကြောင်းပြောမလား။ ဒါမှမဟုတ် အစဉ်အလာ စက်မှု လုပ်ငန်းထဲမှာ သေလုမြောပါး ခံစားနေကြရတဲ့ သန်းပေါင်းများစွာသော လူတွေအကြောင်း ဆွေးနွေးမလား ထိထိရောက်ရောက် လုပ်လို့ ရနိုင်ပါတယ်။

တီဗီမှာ အံ့သြလောက်တဲ့ အကျိုးသက် ရောက်မှုတွေ ရှိတယ်။ အကြောင်းအရာတွေကို မငြီးငွေ့ရအောင် ဖျတ်ခနဲ ဖျတ်ခနဲ အာရုံပြောင်းပေးလို့လည်း ရတယ်။ အဲ . . တလေးတနက် ပြဿနာတွေကိုလည်း နက်နက်ရှိုင်းရှိုင်း တင်ပြလို့ရပါတယ်။ ဥပမာ ဗဟိုချုပ်ကိုင်မှုကိစ္စတို့ မိသားစုဘဝတို့ ပုဂ္ဂလိက လွတ်လပ်မှုတို့ ဆင်းရဲတဲ့နိုင်ငံတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ပြဿနာတို့ ခေတ်မီနိုင်ငံကြီးတွေရဲ့ စီးပွားရေး အကျပ်အတည်းတို့ ဒီလို ပြဿနာမျိုးတွေကိုလည်း ရှုထောင့်အမျိုးမျိုးက တင်ပြလို့ ရနိုင်ပါတယ်။

■ **ဒီအစီအစဉ်ကို လုပ်လိုက်တဲ့အတွက် တီဗီနဲ့ ပတ်သက်တဲ့ ခင်ဗျားရဲ့ အမြင်တွေမှာ အပြောင်းအလဲ ရှိပါသလား။**

◘ တီဗီမှ မဟုတ်ပါဘူးလေ။ ရုပ်ရှင်တို့ ပြဇာတ်တို့ ပြောရရင် အမြင်အာရုံနဲ့ ဆိုင်တဲ့ မီဒီယာမှာ လုပ်နိုင်တာတော့ အများကြီးဗျ။ တကယ့်ကို အစွမ်းထက်တဲ့ စွမ်းဆောင်ရည် ရှိပါတယ်။ ဒါပေမဲ့ ကြီးမားတဲ့ အကန့်အသတ် တွေလည်း ရှိနေပြန်တယ်။ အဓိက အားနည်းချက်ကတော့ အိုင်ဒီယာတွေကို ယုတ္တိရှိရှိ စုစည်း ဖော်ပြပေးနိုင်ဖို့အတွက် လုံလောက်တဲ့ အချိန်မရတာလို့ ကျွန်တော်ထင်တယ်။ တချို့ ဇာတ်လမ်းတွေမှာ စာတန်းထိုးပြတာတော့ ရှိပါရဲ့။ ဒါပေမဲ့

www.burmeseclassic.com


သူသုံးတဲ့ ဘာသာစကားက သံကြိုးစာဆန်တယ်။ တတ်နိုင်သလောက် တိုအောင်၊ ကျစ်အောင် လုပ်ထားရတာကိုး။ ကျွန်တော်တို့ စကားပြောတဲ့အခါ ဒါမှမဟုတ် စာရေးတဲ့အခါ သုံးလေ့ရှိကြတဲ့ စကားဆက်တွေ ရှိပါရောလား။ 'နှင့်' တို့ 'သို့မဟုတ်' တို့ 'ဒါကြောင့်'တို့လို စကားဆက်တွေပေါ့ဗျာ။ တီဗီဘာသာစကားမှာ ဒါတွေကို ချန်ထားတတ်ကြတော့ ဝါကျတွေမှာ အဆက်အစပ်တွေ ပြတ်ကုန်ရော။ ဒီလိုနဲ့ ယုတ္တိလည်းမဲ့ ပြောချင်တဲ့ အဓိပ္ပာယ်လည်း မရောက် ဖြစ်ကုန်တယ်။

ခုလို ဖြစ်ရတာ နည်းပညာနဲ့လည်း ဆိုင်မယ် ထင်ပါတယ်။ သရုပ်ဖော်စကားပြောဆိုတာ၊ လှုပ်နေတဲ့ အရုပ်တွေနဲ့ တွဲလာကြရတာကိုး။ အရုပ်နဲ့ အသံ အံကျဖြစ်အောင် လုပ်ဖို့က တည်းဖြတ်သူရဲ့ တာဝန်လေ။ ဒီတော့ သူက အရုပ်ကို ဦးစားပေးရတယ်။ အသံက အရုပ်ကို အမီလိုက်ရတာ။ ဒီမှာတင် ကျိုးကြောင်း ဆက်စပ်မှုဘက်က အားနည်းသွားရော။ ဒီလိုနဲ့ အချိန်ဆိုတဲ့ အကန့်အသတ်ထဲမှာ အချက်အလက်တွေကို ဖျစ်ညှစ် ထည့်ထားရသလို ဖြစ်နေတာပေါ့ဗျာ။ အရေးဘက်ကို သန်တဲ့ စာရေးဆရာတစ်ယောက်နေနဲ့တော့ ဒါဟာ အားမရစရာပါပဲ။

- **ဒါပေမယ့် တီဗီမှာလည်း သူ့အစွမ်းနဲ့သူလို့ ပြောရလိမ့်မယ် ထင်တယ်ဗျ။ လူသန်းပေါင်းများစွာဆီ တစ်ပြိုင်တည်း အရောက်ပို့ နိုင်တယ်ဆိုတဲ့ အားသာချက်ကို အသာထားဦး။ သူ့မှာ တခြားအားကောင်းချက်တွေလည်း ရှိဦးမှာပါ။**

www.burmeseclassic.com


◘ ဟုတ်တယ်ဗျ။ သိပ်ကို နှစ်လိုဖွယ်ရာ ကောင်းတဲ့ အာနိသင်တွေ ရှိတယ်။ ဥပမာဗျာ ပန်းလေးတစ်ပွင့် ပွင့်လာတာကို ရိုက်ပြတာမျိုး။ ကွင်းပြင်ကျယ်ကြီးထဲမှာ ကလေးမလေး တစ်ယောက် ပြေးလာတာကို ရိုက်ပြတာမျိုးပေ့ါ။ ဒီရိုက်ချက်တွေမှာ ကဗျာဓာတ်ကို ပေးနိုင်တဲ့ သင်္ကေတ သဘောတွေ ပါနေတယ်ဗျ။ အိုင်ဒီယာတွေ အများကြီးကို တစ်ပြိုင်နက်တည်း ပေးနိုင်တဲ့ အဓိပ္ပာယ်ကွဲတွေလည်း ဖန်တီးလို့ရတယ်။ ဒါကတော့ 'အမြင် မီဒီယာ'ရဲ့ သိပ်ချစ်စရာကောင်းတဲ့ အားသာချက်ပေ့ါဗျာ။

■ **တခြား ဘာသင်ခန်းစာတွေများ ရသေးလဲ။**

◘ အများကြီးပေ့ါဗျာ။ အဲဒီထဲက တစ်ခုကတော့ လှည့်စားနိုင်တဲ့ စွမ်းရည်ပဲဗျ။ နောက်ခံကားကို အတုဖန်တီးလို့ရတယ်ဗျာ။ အသံတွေနဲ့ ကစားလို့လည်း ဖြစ်တယ်။ တည်းဖြတ်တဲ့ ပညာနဲ့ အစိတ်အပိုင်းတချို့ကို ဖြတ်တောက်ပြီး ပရိသတ် အာရုံကို လိုချင်တဲ့ဆီ ပို့လို့ရတယ်။ ခင်ဗျားရော၊ ကျွန်တော်ရော သိပြီးသားပါ။ သတင်းစာပညာမှာ ဒါမျိုး ရှိတယ်လေဗျာ။ ဇာတ်လမ်းတစ်ခုကို လိုချင်သလို ပုံဖော်လို့ရတယ်။ ဖတ်တဲ့သူက တကယ့် သတင်းအရင်းအတိုင်းလို့ ထင်အောင် အယ်ဒီတာ့အမြင်နဲ့ ခပ်ပါးပါးလေး လုပ်ထည့်လို့ရတယ်။ ကျွန်တော့်အထင်ပြောရရင် တီဗီမှာက ဒါမျိုး ပိုလုပ်နိုင်မယ် ထင်တယ်။ နိုင်ငံရေး ရည်ရွယ်ချက်နဲ့တော့ ဟုတ်ချင်မှ ဟုတ်မှာပေ့ါလေ။ ဖြေဖျော်ရေးအတွက်ပဲ ဖြစ်ချင်ဖြစ်မှာပါ။ လုပ်လို့ ရတယ်ဆိုတာကို ပြောချင်တာပါ။

ပြီးတော့ အရေးကြီးတာတစ်ခု ရှိတယ်ဗျ။ ဗီဒီယိုနည်းပညာ မျိုးဆက်သစ်တစ်ခု စနေပြီလို့ ပြောနိုင်ပါလိမ့်မယ်။ ဒီနည်းပညာသစ်အောက်မှာဒါရိုက်တာတွေ၊ တည်းဖြတ်သူတွေအတွက် လုပ်ရကိုင်ရတာ ပိုလွယ်လာတယ်။ ကျွန်တော် 'ဒစ်စနေဖလင်' ကို သွားလေ့လာ ခဲ့ဖူးတယ်။ ပညာရပ်ဆိုင်ရာပိုင်းမှာ ပျင်းစရာကောင်းပေမယ့် အီလက်ထရောနစ်ကျွမ်းကျင်မှုကတော့ အံ့မခန်းပဲဗျ။ ဒီတော့မှပဲ 'ကွန်ပျူတာနဲ့ အသက်သွင်းတဲ့ သဘော' Computer Animation ကို ရိပ်ဖမ်း သံဖမ်း နားလည်ရတော့တယ်။

ကျွန်တော်တို့ 'တတိယလှိုင်း' ကို ရိုက်တော့ ဒီပညာကို သုံးခဲ့တာပေါ့။ အပြင်ဈေးကွက်မှာတောင် မသုံးခဲ့သေးတဲ့ ခေတ်အမီဆုံး နည်းပညာတွေ၊ ပစ္စည်းတွေကို သုံးခဲ့တာပါ။ တော်တော်များများကို စတူဒီယိုထဲမှာပဲ ဖန်တီးခဲ့ပါတယ်။ ဒီနေရာမှာ ဓာတ်ပုံတွေ ပုံကြမ်းတွေတောင် တယ်မလိုလှဘူး။ ပြောမယ် ဆိုရင်ဗျာ တကယ့် ရုပ်ဝတ္ထုပစ္စည်း အစစ်တောင် မရှိလည်း ဖြစ်တယ်။နွားမတစ်ကောင် ပုံကနေ ဒြပ်မဲ့ပန်းချီဖြစ်အောင် လုပ်မလား၊ ရတယ်။ ပုံရိပ်တစ်ခု ကနေ မရေမတွက်နိုင်တဲ့ ဆင့်ပွားပုံရိပ်တွေ အများကြီး လုပ်လို့ရတာပေါ့။

ကျွန်တော် စဉ်းစားကြည့်တယ်။ ရှေ့မှာဆိုရင် အပြင်ထွက်ပြီး တကယ်ရိုက်နေစရာတောင် လိုချင်မှ လိုတော့မယ်။ ပုံရိပ်အများစုကို စတူဒီယိုထဲမှာတင်၊ အီလက်ထရောနစ် နည်းပညာနဲ့ ဖန်တီးလို့ ရနေပြီပဲ။ လူတစ်ယောက်၊

www.burmeseclassic.com



ဆိုကြပါစို့ဗျာ။ အမေရိကန် သမ္မတကို ခတ်ပုံရိုက်မယ် ဆိုပါတော့။ အဲဒီခတ်ပုံကို ရုပ်ရှင်ပြသလို လှုပ်ရှားခိုင်းမလား၊ ဖြစ်တယ်။ ခင်ဗျားကြိုက်တဲ့ ပုံစံမျိုး လှုပ်ရှားခိုင်း လို့ရတယ်။ စတူဒီယို ပညာရှင်တွေကတော့ ဒါကို 'မြင်ကွင်းအတု ဖန်ဆင်းတာ' Scene Simulation လို့ ခေါ်ကြတယ် ထင်ပါရဲ့။

- **ခင်ဗျား ပြောတဲ့ဟာကို အစစ်အမှန် သဘောနဲ့ ဆက်စပ်ပြ စမ်းပါဦး။**

- အစစ်အမှန်ကို အတုလုပ်တယ်ဆိုတာ အစစ်အမှန်ရဲ့ အစိတ်အပိုင်းတစ်ခုလို့ ဆိုရ လေမလားပဲ။ 'ကြေးမုံ'ဆိုတဲ့ ပစ္စည်းကနေ အကန့်အသတ်မဲ့ တိုးတက်မှုတွေ ချဲ့ယူသလို မျိုးပေါ့ဗျာ။ ကွန်ပျူတာနဲ့ ဆက်စပ်ထားတဲ့ ဒီဗီဒီယိုနည်း ပညာဟာ အရှိန်အဟုန်နဲ့ကို ဖွံ့ဖြိုးနေပါပြီ။ ပုံရိပ်ဖော်တဲ့ ပုံစံသစ်တွေ၊ အချက်အလက် သိုမှီးနိုင်စွမ်းတွေဟာ တကယ့်ကို အံ့မခန်း ဖြစ်နေပြီ။ ဒါရဲ့ အကျိုးဆက်ဟာ ဖြေဖျော်ရေး သက်သက်၊ မှတ်တမ်းတင်ရုံ သက်သက်၊ သတင်း ပေးရုံသက်သက်နဲ့ ရပ်တန့်နေမယ် မထင်တော့ဘူး။ ကျွန်တော်တို့ရဲ့ စဉ်းစားပုံတွေ၊ ကျွန်တော်တို့ အတွေးတွေရဲ့ အဆင့်အတန်းတွေ အပေါ်မှာ ရိုက်ခတ်လာတော့မယ်။ စကြဝဠာကြီးထဲမှာ ကိုယ့်ရဲ့ အဆင့်နေရာနဲ့ ပတ်သက်တဲ့ သိမြင်မှတ်ယူပုံတွေ အပေါ်မှာတောင် ဩဇာညောင်း လာစရာ ရှိနိုင်တယ်။ ဒီအကျိုးဆက်တွေဟာ အနာဂတ် အပေါ် ဘယ်လို သက်ရောက်မှု ရှိလာမလဲ၊ ကိုင်း ခင်ဗျား ဘာသာပဲ စဉ်းစားကြည့်ပေတော့။

www.burmeseclassic.com

# အနာဂတ္တိဆရာများနှင့်  အနာဂတ်ဝါဒီ

www.burmeseclassic.com

## အနာဂတ္တိဆရာများနှင့် အနာဂတ်ဝါဒီ

- **ခင်ဗျားရဲ့ 'အနာဂတ်သွေးလန့်မှု' တို့ 'တတိယလှိုင်း' တို့ဟာ အနာဂတ်ကို တည်ပြောတာ ဖြစ်တော့ ခင်ဗျားကိုလည်း 'အနာဂတ်ဝါဒီ' လို့ သတ်မှတ်ကြတာပေါ့လေ။ ဒီ သတ်မှတ်ချက်ကရော ခင်ဗျားနဲ့ ကွက်တိ ဖြစ်ရဲ့လား။ ဘယ့်နှယ့်လဲ ခင်ဗျားကိုယ်ခင်ဗျား မြင်တဲ့အမြင်နဲ့ သူတို့ ကပ်လိုက်တဲ့ တံဆိပ် ဟပ်မိရဲ့လား။**

- 'အနာဂတ်ဝါဒီ' ဆိုတာကို ကျွန်တော် ကန့်ကွက်စရာ မရှိပါဘူး။ ဒါဟာ လေးစားစရာကောင်းတဲ့ ဂုဏ်ထူးဝိသေသ တစ်ခုလို့ ကျွန်တော် ထင်တယ်လေ။ ဒါပေမဲ့ ကျွန်တော့်ကိုယ် ကျွန်တော်တော့ အနာဂတ်ဝါဒီလို့ မသတ်မှတ်ပါဘူးဗျာ။ အရင်းခံအတိုင်း ပြောရရင် ကျွန်တော်က စာရေးဆရာပဲ။ အဲ 'လူမှုဝေဖန်ရေးသမား' လို့တော့ ပြောချင်ပြောနိုင်မယ် ထင်ပါရဲ့။

www.burmeseclassic.com


'အနုပညာသည် အနုပညာအတွက်' ဆိုတာကို ကျွန်တော် မယုံဘူးဗျ။ 'သမိုင်းသည် သမိုင်းအတွက်' ဆိုတာကိုလည်း ကျွန်တော် လက်မခံနိုင်ဘူး။ 'အနာဂတ်သည် အနာဂတ်အတွက်' ဆိုတာကိုလည်း ကျွန်တော် ကန့်ကွက်တယ်။ 'မနက်ဖြန်ဘာဖြစ်မလဲ' ဆိုတာ သိချင်တဲ့ စိတ်ဇောနဲ့ ကျွန်တော်တို့ဟာ အနာဂတ်ကို မျှော်ကြည့်ကြတယ်။ ဒါကလည်း ပစ္စုပ္ပန် ဆုံးဖြတ်ချက်တွေကို ကောင်းသထက် ကောင်းစေချင်တဲ့ ဆန္ဒနဲ့ပါ။

အဲ တစ်ခုတော့ရှိရဲ့။ 'ဘယ်သူမဆို အနာဂတ်ကို သိနိုင်တယ်' ဆိုတာတော့ ကျွန်တော် မယုံဘူး။ နတ်မျက်စိရှိသလိုလို ဂိုက်ပေးကြတဲ့ ငနဲတွေဟာ ကျွန်တော့်အမြင်ပြောရရင် ဗေဒင်ဆရာတွေ၊ လူလိမ်တွေနဲ့ တစ်ဂိုဏ်းတည်းသားတွေလို့ ဆိုချင်တယ်။ ကြိုသိနိုင်တာ မသိနိုင်တာ အပထား၊ ဘယ်သူမဆို အနာဂတ်နဲ့တော့ဖြင့် ကင်းကွာလို့ မရနိုင်ပါဘူး။ အနာဂတ်အကြောင်း တစ်ချက်ကလေးမှ မတွေးဘဲ အသက်ရှင် နေထိုင်ဖို့ဆိုတာ ဖြစ်မှ မဖြစ်နိုင်တာ။

ဥပမာဗျာ ဟောဒီ ကော်ဖီခွက်ကို ကျွန်တော် လှမ်းယူလိုက်မယ် ဆိုပါတော့။ ကျွန်တော့်လက် ခွက်ဆီ ရောက်ချိန်မှာ ဒီခွက်ဟာ ဒီနေရာမှာ ရှိကိုရှိရမယ်လို့ ကျွန်တော် မှန်းဆပြီးသား ဖြစ်နေပါပြီ။ အလွန်တိုတောင်းလှတဲ့ ခဏငယ်လေးပဲဖြစ်ဦးတော့ အနာဂတ် အခြေအနေကို ကြိုတင် မှန်းဆတတ်ကြတယ် ဆိုတာကို ပြောချင်တာပါ။ လူတိုင်းဟာ ဒီလို ခန့်မှန်းချက်မျိုးတွေ၊ စဉ်ဆက်မပြတ် ဆိုသလို လုပ်

www.burmeseclassic.com


နေကြရတာပါပဲ။ ဒီတော့ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုကြီး တစ်ခုလုံးမှာကိုပဲ အနာဂတ် ပုံရိပ်တွေ ဖြန့်ကြက်ပြီးသား ဖြစ်နေပါလိမ့်မယ်။

ပြောရရင်တော့ ယဉ်ကျေးမှုတိုင်းမှာ သူ့ ဆုံးဖြတ်ချက်နဲ့သူ ရှိတတ်ကြပါတယ်။ 'အချိန်' နဲ့ ပတ်သက်တဲ့ တိမ်းညွတ်မှုဆိုရင်လည်း တစ်ခုနဲ့တစ်ခု တူနိုင်ကြမှာ မဟုတ်ပါဘူး။ တချို့ ယဉ်ကျေးမှုတွေက အတိတ်ကို မျက်နှာမူထားတာမျိုး ဖြစ်ချင်ဖြစ်မယ်။ အဲလို ယဉ်ကျေးမှုမျိုးမှာ 'အသိပညာနဲ့ ဉာဏ်ပညာ အားလုံးဟာ အတိတ်မှာပဲ ရှိနိုင်တယ်' ဆိုတဲ့ အသိမျိုးနဲ့ သူတို့ကလေးတွေကို မွေးမြူကြီးပြင်းစေကြပါလိမ့်မယ်။ သူ့ဟာနဲ့သူတော့ မှန်ချင်လည်း မှန်နိုင်ပါတယ်။ အပြောင်းအလဲဆိုလို့ သိပ်မရှိဘဲ လိပ်သွားသွားနေတဲ့ လူ့အဖွဲ့အစည်းမျိုး၊ နှစ်ပေါင်းရာထောင်ကြာပေမယ့် နည်းပညာ သုံးစွဲမှုရော၊ လူမှုရေးအစီအစဉ်တွေမှာပါ ဘာမှ ထူးထူးခြားခြား မရှိတဲ့ အခြေအနေမျိုးမှာ ဒီလိုပဲ စဉ်းစားကြ၊ ခံယူကြမှာ သဘာဝကျပါတယ်။ ဒီလို ယဉ်ကျေးမှုမျိုးမှာ ကလေးတစ်ယောက်အတွက် အကောင်းဆုံး စံပြလုပ်ဟန်ဟာ သူ့မိဘတွေရဲ့ ခြေရာကို နင်းနိုင်တာမျိုး ဖြစ်ပါလိမ့်မယ်။ အဖကောင်းသား ပီသတယ်ပေါ့။ သူတို့အတွက်တော့ အဆင့်ဆင့် လက်ဆင့်ကမ်းခဲ့တဲ့ ဘိုးဘွားပိုင် ပညာရေးဟာ အပြည့်စုံဆုံး ဖြစ်နေမှာပဲ။ နှစ်ထောင်ပေါင်း များစွာ တည်တံ့ခိုင်မြဲခဲ့တဲ့ ယဉ်ကျေးမှုတစ်ခုဟာ လေးစားခန့်ညားဖွယ်ရာ ဖြစ်နေမှာပဲ။ သူတို့အတွက် ဂုဏ်ယူမဆုံးတဲ့

BURMESE CLASSIC .com

www.burmeseclassic.com



ဇာတိပုညတွေ ကိန်းဝပ်ရာ အတိတ်ဟာ လွမ်းမော တမ်းတဖွယ်ရာ ဖြစ်နေတာ အလွန် သဘာဝကျပါတယ်။

ဒါပေမဲ့ အပြောင်းအလဲတွေကို မျက်မှောက်ပြုနေရတဲ့၊ အထူးသဖြင့် တော်လှန်ရေး သဘောဆောင်တဲ့ ပြောင်းလဲမှုတွေကို ရှောင်ကွင်းလို့ မရနိုင်တဲ့ ဒီနေ့ခေတ်လို အခါသမယမျိုးမှာတော့ တန်ဖိုးသတ်မှတ်ချက် နှုန်းစံတွေလည်း ဘာသားနဲ့ ထုထားလို့ ခံနိုင်မှာတဲ့လဲ။ ပစ္စုပ္ပန်ဆုံးဖြတ်ချက်တွေနဲ့ အနာဂတ်ဖြစ်နိုင်ချေအတွက် အတိတ်ဟာ အားကိုးလောက်တဲ့ လမ်းညွှန် ဖြစ်ကောင်းမှ ဖြစ်တော့မယ်။ ဒီနောက်ခံကားမှာ အနာဂတ်ဖြစ်နိုင်ချေကို အကြည်လင်ဆုံး မြင်အောင် မှန်းဆကြည့်ရတာ၊ ဒီဖြစ်နိုင်ချေနဲ့ လိုက်လျောညီထွေဖြစ်မယ့် အိုင်ဒီယာသစ်တွေ ကြံဆရတာဟာ တန်ဖိုးသစ် ဖြစ်လာပါတယ်။ ပြောမယ်ဆိုရင် ဒီတန်ဖိုးသစ်ဟာ သေရေး ရှင်ရေးတမျှကို အရေးကြီးပါတယ်။ အချိန်ရဲ့ တိမ်းညွှတ်မှုဟာ အနာဂတ်ဆီ ဦးတည်လှည့်ပြောင်းလာပြီလို့ ဆိုရမှာပေါ့။

ယေဘုယျသဘော ပြောရရင်တော့ လူတိုင်းရဲ့ ခေါင်းထဲမှာ၊ အတိတ်အစွဲနဲ့ အနာဂတ် မှန်းဆချက်တွေဟာ လိမ်ယှက်ပျံ့နှံ့နေမှာပါပဲ။ ဒီနှစ်ခုကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်နိုင် မကိုင်နိုင်ဆိုတာက ပစ္စုပ္ပန်ကို သတ်မှတ်ပြဋ္ဌာန်းသွားပါလိမ့်မယ်။ စင်စစ်မှာတော့ အရာရာဟာ အချိန်နဲ့အမျှ ပြောင်းလဲနေတဲ့ သဘောရှိပါတယ်။ 'အနာဂတ်သွေးလန့်မှု' ကပေးချင်တဲ့ 'မက်ဆိပ်(ချ်)' ဟာ ဒါပါပဲ။

www.burmeseclassic.com



BURMESE CLASSIC .com

■ **တစ်ခုလည်း ရှိသေးတယ်ဗျ။ ပစ္စုပ္ပန်မှာ လုပ်ခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ အပြုအမူတွေဟာ အနာဂတ်မှာ အရိပ်ထင်နေဦးမှာပဲ။ လက်တွေ့ အလုပ်မပြောနဲ့ ကျွန်တော်တို့ရဲ့ ကြံစည်စိတ်ကူးမှုတွေတောင် ဒီသဘောနဲ့ လွတ်မယ် မဟုတ်ပါဘူး။ တကယ်တော့ ကျွန်တော်တို့ တစ်တွေဟာ ကိုယ်တိုင် ဖော်ထုတ်ခဲ့ကြတဲ့ ကိုယ့်ဟောကိန်းတွေကို ကိုယ်တိုင် ဖြည့်စွမ်းနေကြတာရင်လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ကိုယ်တိုင် ငြင်းပယ် နေကြတာရင်လည်း ဖြစ်မယ် ထင်တယ် ဘယ့်နှယ့်လဲ။**

□ ဟုတ်ပါတယ်။ ကျွန်တော့်အတွက်တော့ အကောင်းဆုံး ဥပမာတွေဟာ 'ဟပ်စလေ' Husley နဲ့ 'အော့ဝဲ(လ)' Orwell ပဲဗျ။ သူတို့ နှစ်ယောက်လုံးက စက်မှုခေတ်ရဲ့ အနာ ဂတ်ကို အခုလို ဟောကိန်းထုတ်ခဲ့ကြတယ်လေ။ မှုန်မှိုင်း အုံ့ဆိုင်းပြီး မွန်းကျပ်ပိတ်ဆို့နေမယ်တဲ့။ ဒီခေတ်ကြီးကို ဖိအားပေးခဲ့ကြတဲ့ အထဲမှာ ဒီပုဂ္ဂိုလ်ကြီးတွေရဲ့ အခန်းကဏ္ဍ ကို အမှတ်ပေးရပါလိမ့်မယ်။ တစ်ခုတော့ ရှိတာပေါ့လေ။ သူတို့ရဲ့ အနာဂတ် စဉ်းစားချက်တွေဟာ 'အဖြောင့်စဉ်းစားနည်း Linear Thinking တော့ ဖြစ်နေတာပေါ့။ ဒါကလည်း စက်မှုခေတ်ရဲ့ အစဉ်အလာပေကိုး။ ဒုတိယလှိုင်းပေါ့ဗျာ။ တတိယလှိုင်းခေတ်ရဲ့ 'ဒိုင်ယာလက်တစ် အဝှေ့အဝိုက်' Dialectical Swing ကိုတော့ သူတို့ ကြိုတင် မမြင်နိုင်ခဲ့ကြပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီပုဂ္ဂိုလ်ကြီး နှစ်ယောက်လုံးဟာ တကယ့်ကို ကြီးမြတ်တဲ့ လူသားကြီးတွေ ဆိုတာကိုတော့

BURMESE CLASSIC .com

www.burmeseclassic.com


အသိအမှတ် ပြုရပါလိမ့်မယ်။ သူတို့ရဲ့ သတိပေးစကားတွေဟာ ကျွန်တော်တို့ကို အကြီးအကျယ် ကျေးဇူးပြုခဲ့ပါတယ်။

■ **ခင်ဗျားနဲ့ ပတ်သက်လို့ရော အခုလိုမျိုး ကောက်ချက် မချနိုင်ပေဘူးလား။ ခင်ဗျားရဲ့ အနာဂတ် ဟောကိန်းတွေဟာလည်း အတိုင်းအတာ တစ်ခုထိ ကျေးဇူးပြုနေမှာပါ။ ဘယ်လို သဘောရလဲ။**

□ ခင်ဗျား ပြောသလို မျှော်လင့်ချင်ပါတယ်။ အနည်းဆုံး အလွန်သေးငယ်တဲ့ အတိုင်း အတာလေး တစ်ခုလောက် ဖြစ်ဖြစ်ပေါ့ဗျာ။

**အနာဂတ်ဝါဒ**

■ **'တတိယလှိုင်း' မှာ ခင်ဗျား ပုံဖော်ခဲ့တဲ့ အနာဂတ်ဟာ အပြောင်းအလဲ မရှိ သတ်မှတ်ပြဋ္ဌာန်းပြီးသားလို့ ဆိုနိုင်ပါသလား။ ရှောင်လွှဲလို့မရနိုင်တဲ့ အနာဂတ် ဆိုတာကို အခြေခံပြီး ကျွန်တော်တို့ စီမံချက်တွေ ချသင့်သလား။ ဒါမှ မဟုတ် ဖြစ်နိုင်တာတွေ အများကြီးထဲက တစ်ခုသာလျှင် ဖြစ်ပါသလား။ ဒါဟာ ခင်ဗျားအလိုအရ အဖြစ်နိုင်ဆုံး ဒါမှ မဟုတ် အဖြစ်စေချင်ဆုံး တစ်ခုလို့ ယူဆရင် ဖြစ်မလား။**

□ ဖြစ်ချင်တာနဲ့ ဖြစ်တန်ရာကို ခွဲပြီး စဉ်းစားကြရအောင်ဗျာ။ သေချာတာကို ပြောရရင် ကျွန်တော်ဆိုတဲ့ကောင်က လူမှုဝေဖန်ရေးသမား တစ်ယောက်လေ။ ဘက်မလိုက်တဲ့ ကြိုတင်ဟောကိန်းထုတ်သူ မဟုတ်ဘူး။ ကျွန်တော်ဟာ

www.burmeseclassic.com

BURMESE CLASSIC .com

ကိုယ့်စာကို ပြန်ဖတ်ဖို့ စာရေးနေတဲ့ စာရေးဆရာလည်း မဟုတ်ဘူးဗျ။ လူတွေ အများကြီးနဲ့ ဆက်စပ်ချင်လို့ စာရေးတာ။ လတ်ဆတ်ပြီး မြင့်မြတ်တဲ့ ချဉ်းကပ်မှုနဲ့ အစစ်အမှန်တရားကို ကြည့်မြင်နိုင်အောင် တွန်းအားပေးချင်တာ။ စာရေး ဆရာတစ်ယောက်အနေနဲ့ လိုလားနှစ်သက်စရာလို့ ကျွန်တော် သတ်မှတ်ယူဆတဲ့ လူမှုအပြောင်းအလဲတွေ အတွက် လမ်းရှင်းပေးချင်တာ။ ဒါ ကျွန်တော် စာရေးတဲ့ ရည်ရွယ်ချက်ပဲ။

ဒါပေမဲ့ ကျွန်တော်တို့ကို စောင့်နေတာဟာ တစ်ခုတည်းသော အနာဂတ်တော့ မဟုတ်လေဘူး။ ဖြစ်နိုင်ချေတစ်ခုမက ရှိနိုင်တယ်။ တကယ်တော့ 'ဗဟုအနာဂတ်' Plural Future ဆိုတဲ့ အိုင်ဒီယာဟာ ဒီနေ့ အနာဂတ်ဝါဒီအများစုရဲ့ တကယ့်အချက်အချာ စစ်စစ်လို့ ပြောနိုင်ပါလိမ့်မယ်။

ကိုင်းပါ ဒါကို ခဏထားလိုက်ကြဦးစို့။ အနာဂတ်နဲ့ ပတ်သက်တဲ့ မဝေးသေးတဲ့ အတိတ်ကို တစ်ချက်လောက် ပြန်ကြည့်ကြရအောင်။ စိတ်ဝင်စားဖို့ ကောင်းမယ် ထင်ပါတယ်။ 'အနာဂတ်ဝါဒီ' ဆိုတဲ့ စကားလုံးမှာကိုပဲ အကောင်းအဆိုး ရောထွေးနေတဲ့ အတိတ်တစ်ခု ရှိတယ်ဗျ။ ခေတ်သစ်မှာ ဒီစကားလုံးကို ပထမဆုံး စသုံးလိုက်တာ အနုပညာနယ်ပယ်မှာ ဖြစ်လိမ့်မယ် ထင်တယ်။ ၂၀ ရာစု အစပိုင်းက အနောက်ဥရောပ၊ အထူးသဖြင့် အီတလီမှာ အုပ်စု တစ်ခု ထွက်လာတယ်။ ပန်းချီဆရာတွေ၊ ကဗျာဆရာတွေ၊

BURMESE CLASSIC .com

www.burmeseclassic.com


ပန်းပုဆရာတွေ ပါသပေ့ါ။ ဒီလူတွေက သူတို့ကိုယ်သူတို့ 'အနာဂတ်ဝါဒီ' လို့ ဝိဂြိုဟ်ပြုကြတယ်လေ။ ကြေညာစာတမ်း တစ်စောင်တောင် ထုတ်ခဲ့ပါရောလား။ အက်ဆေး အရှည်ကြီးတွေလည်း ရေးခဲ့ကြတယ်။ 'အနာဂတ်ဝါဒီ' ဆိုတဲ့ ဝေါဟာရကို ဗဟိုပြုပြီး အလှဗေဒနဲ့ ဆိုင်တဲ့ အိုင်ဒီအိုလိုဂျီ တစ်ခုကို ဖန်တီးခဲ့ကြတာပါ။

'မရိနက်တီ' Marinetti လို ကဗျာဆရာတွေ၊ 'ဆိဗ္ဗိရိနီ' Severini လို ပန်းချီဆရာတွေ၊ 'ဘော့စိယိုနီ' Boccioni လို ပန်းပုဆရာတွေပေ့ါ။ သူတို့က စက်ယန္တရားတွေကို အမွှမ်းတင် ဂုဏ်ပြုကြတယ်။ စက်ယန္တရားတွေအတွက် ရပ်ခဲ့ကြတယ်။ အစပိုင်းကတော့ သူတို့တစ်တွေဟာ 'စပီ'၊ 'အက်ရှင်' နဲ့ 'နည်းပညာ' ရဲ့ ဖမ်းစားမှုကြောင့် လှုပ်ရှားလာကြတာပါပဲ။ နောက်တော့ 'အကြမ်းဖက်မှု' တို့ 'စစ်' တို့ကိုပါ ဗန်းတင်လာကြလေရဲ့ဗျာ။ နောက်ဆုံး ဖက်ဆစ်တွေအထိ ဖြစ်ကုန်တယ်။ အီတလီမှာရော တခြားနေရာတွေမှာပါ ဒီအတိုင်းပဲ။

ဒီလိုနဲ့ သူတို့ရဲ့ အိုင်ဒီယာဟာ နာမည်ဆိုးနဲ့ တွဲလာခဲ့တာပေ့ါ။ ဒါနဲ့အမျှ ပညာအဝန်းအဝိုင်းကနေ ကွယ်ပျောက်သွားခဲ့တော့တယ်။ အဲဒီကနေ ဒုတိယကမ္ဘာစစ်ပြီးတော့ တစ်ခေတ်ဆန်း လာပြန်တယ်။ ဒီတစ်ခါတော့ အတွေးသစ်၊ အမြင်သစ်၊ ပုံသဏ္ဌာန်သစ်တွေနဲ့ပါ။ ဂျာမနီနိုင်ငံက 'အော့ဆစ်၊ ဖလက်သီယမ်' Ossip Flech Theium ဆိုတဲ့ ပုဂ္ဂိုလ်က စခဲ့တာပေ့ါ။ သူက အနာဂတ်ကို မျှော်

www.burmeseclassic.com


ကြည့်ဖို့လိုတယ်ဆိုတဲ့အကြောင်း ရေးတယ်။ ကျောင်းတွေမှာ 'အနာဂတ္တိဗေဒ' Futurology ကို သင်ဖို့လည်း ဆော်ဩတယ်။ (Futurology ဆိုတဲ့ ဝေါဟာရဟာ အင်္ဂလိပ်သာသာစကားမှာတော့ အဓိပ္ပာယ် သိပ်မနိုပ်လှဘူး။ ဒါပေမဲ့ ဂျာမန်နဲ့ တခြားဘာသာစကားမှာတော့ သိပ်အဆိုးကြီးမဟုတ်ပါဘူး)

၁၉၆၀ အလွန်နှစ်တွေရောက်တော့ နောက်ထပ်အုပ်စုတစ်စု ပေါ်လာပြန်တယ်။ ပညာတတ်တွေ၊ စာရေးဆရာ တွေ၊ ဂျာနယ်လစ်တွေပါ။ အဲဒီထဲမှာ ကျွန်တော်လည်း ပါသပေါ့။ သူတို့က အပြောင်းအလဲတွေကို ဂရုတမထားပြီး စနစ်တကျလေ့လာကြဖို့ ဆော်ဩပါတယ်။ ကျွန်တော် အပါအဝင်ဒီလူတွေ အားလုံးဟာ မတူတဲ့ နောက်ခံကား အမျိုးမျိုးကလာကြတာပါ။ မတူတဲ့ အိုင်ဒီအိုလိုဂျီ တိမ်း ညွတ်မှုတွေလည်း အသီးသီး အသက အသက ရှိကြပါ တယ်။ ဂျာမနီက ဂျာနယ်လစ် 'ရောဘတ်ဂျန့်(ခ်)' Robert Jungk ဆိုရင် ဒီမိုကရက်တစ် တစ်ယောက်ပါ။ ဖက် ဆစ်ဆန့်ကျင်ရေးသမားပေါ့။ သူက ကမ္ဘာပတ်ပြီး 'အနာ ဂတ်ကို လူသားဆန်စေကြ' လို့ ကြွေးကြော်တယ်။ ပြင်သစ် က 'ဂက်စတန်ဘာဂါ' Gaston Berger ကလည်း 'မျှော်လင့်စိတ်ကူး' ဆိုတဲ့ ဂျာနယ်ထုတ်တယ်။ ဆိုဗီယက်ယူနီယံက တစ်ကိုယ်တော် သမိုင်းဆရာ တစ်ယောက်ဆိုရင် နာမည်ဝှက်နဲ့ အနာဂတ်အကြောင်း စာတမ်းတွေရေးတယ်။ 'ဖရက်ပိုလက်' Fred Polak ဆိုတဲ့ ဒတ်(ချ)အထက်လွှတ်

www.burmeseclassic.com


တော် အမတ်ဆိုရင် အနာဂတ်ကို ဦးတည်တဲ့ ယဉ်ကျေးမှု သဘောထားတွေကို သမိုင်းအမြင်နဲ့ ဆာဗေးလုပ်ပြီး တခမ်းတနား တင်ပြတယ်။ ပြီးတော့ ရှိသေးတယ်။ စကော့ လူမျိုး 'ဂျွန်မက်ဟေး' John Mchale နဲ့ သူ့ရဲ့ ဇနီးသည် လည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်တဲ့ ဟန်ဂေရီနွယ် ဖွား 'မာဂဒါကောဒဲ(လ်)' Magda Cordell။ အဲဒီ ဇနီးမောင်နှံ ကလည်း အနာဂတ်အရင်းအမြစ် လိုအပ်ချက်တွေကို သုတေသန လုပ်ကြတယ်။ ဘောဂဗေဒပညာရှင် 'ကက် နက်ဘိုး(လ)ဒင်း' Kenneth Boulding တို့၊ သင်္ချာပညာရှင်နဲ့ ဒဿနဆရာ 'အိုလက်ဟင်မလာ' Olaf Helmar တို့၊ ရူပဗေဒပညာရှင် 'ဟာမင်ခန်း' Herman Kahn တို့၊ နိုင်ငံ ရေးသိပ္ပံပညာရှင် 'ဂျင်ဒေတာ' Jim Dator တို့၊ လူမှုဗေဒ ပညာရှင် 'ဒင်နီယယ်ဘဲ(လ)' Daniel Bell တို့၊ ပြောရရင် နိုင်ငံစုံက ပညာရှင်တွေဟာ အနာဂတ်ကို မျက်နှာမူလာခဲ့ ကြပါတယ်။ ဒီဘက်ကို ကျွန်တော် စနစ်တကျ စိတ်ဝင် စားလာတာလည်း အဲဒီအချိန်တစ်ဝိုက်ပါပဲ။ ၁၉၆၅ မှာ အနာဂတ်အကြောင်း ကျွန်တော် စရေးဖြစ်ပါတယ်။ ၁၉၆၆ ခုနှစ်ကျတော့ လူမှုရေးသုတေသန သင်တန်းတွေမှာ 'အနာဂတ်ရဲ့ လူမှုဗေဒ' ကို ကျွန်တော် ပို့ချနေပါပြီ။

ကျွန်တော်တို့ အများစုအပေါ်မှာ ဩဇာလွှမ်းခဲ့တဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်ကတော့ 'ဘာထရန်ဒီ ဂျူဗီနဲ(လ်)' Bertrand De Jouvenel လို့ ပြောနိုင်မယ် ထင်ပါတယ်။ သူ့အလုပ်က ဂျာနယ်လစ်တစ်ယောက်ပါ။ ဒါပေမဲ့ အဓိက

www.burmeseclassic.com


BURMESE CLASSIC .com

ကျွတာက သူပြုစုခဲ့တဲ့ ကျမ်းတွေ ဖြစ်လိမ့်မယ်။ နိုင်ငံရေး သိပ္ပံနဲ့ ဘောဂဗေဒဘာသာရပ်တွေကို အနာဂတ်အမြင်နဲ့ ကြည့်ခဲ့သူပါ။ သူ့ကျမ်းတွေဟာ နက်ရှိုင်းတာနဲ့အမျှ ပညာ ဉာဏ်နဲ့ ပြည့်လျှမ်းနေတတ်တယ်။ 'Futuribles'ဆိုတဲ့ အဖွဲ့ အစည်းတစ်ခုကိုလည်း ထူထောင်လိုက်သေးတယ်။ ဒီအဖွဲ့ အစည်းဟာ ခုထိ ပြင်သစ်မှာ ရှင်သန်နေဆဲပေါ့။ သူ့ရဲ့ သားဖြစ်သူ 'ဟူးဂတ်' Hugues က ဆက်ဦးဆောင်နေပါ တယ်။ ဒီနေ့ကာလမှာ အနာဂတ်ဝါဒနဲ့ ပတ်သက်လို့ တလေးတနက် အလုပ်လုပ်နေကြတဲ့ သူတိုင်းဟာ 'ဒီဂျူဗီ နဲ(လ်)' ပြုစုခဲ့တဲ့ 'မှန်းဆခြင်းရဲ့ အနုပညာ' The Art of Conjecture ဆိုတဲ့ စာအုပ်နဲ့ ယဉ်ပါးပြီး ဖြစ်ပါလိမ့်မယ်။ ဒီပုဂ္ဂိုလ်ကြီးဟာ ကျွန်တော်တို့ရဲ့ ဘာသာစကားမှာ 'အနာ ဂတ်များ' ဆိုတဲ့ ဝေါဟာရကို ပထမဆုံး မိတ်ဆက်ပေးခဲ့ သူလို့တောင် ဆိုနိုင်ပါလိမ့်မယ်။ သူက အခုလို စလိုက် တော့ ဒီနေ့ အနာဂတ်ဝါဒီ အများစုအတွက် 'အနာဂတ်' ဆိုတဲ့ ဧကဝုစ်စကား မရှိတော့ဘူး။ 'အနာဂတ်များ' ဆိုတဲ့ ဗဟုဝုစ်ပဲ ရှိတော့တယ်။ တကယ်တော့လည်း အနာဂတ်ဆို တာ တစ်ခုတည်း သေချာပေါက် ဖြစ်မယ်လို့ ဟောကိန်း ထုတ်လို့မှ မရနိုင်တာ။ အနာဂတ်ဖြစ်နိုင်ချေတွေဟာ တစ်ခု မက တပ်ဖြန့်လာတတ်ပါတယ်။ အဲဒီထဲက အစိတ်အပိုင်း အချို့သာလျှင် တကယ်ဖြစ်ဖို့ များတာ။ 'ဖြစ်တန်ရာ အနာဂတ်' လို့ ပြောနိုင်ပါလိမ့်မယ်။ အဲဒီ အစိတ်အပိုင်း ထဲက ပိုသေးငယ်တဲ့ အစိတ်အပိုင်းသာလျှင် 'လိုလား နှစ်သက်ဖွယ် အနာဂတ်' ဖြစ်ပါလိမ့်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အနာဂတ္တိ ဆရာတချို့ကတော့ ဖြစ်နိုင်ချေတွေကို အလေးပေးကြတယ်။ ဥပမာပြရရင် သိပ္ပံဝတ္ထုရေးဆရာတွေပေါ့။ သူတို့က အနာဂတ် ဖြစ်နိုင်ချေ ခွင်ကြီးတစ်ခုလုံး ချပြကြတယ်။ ကော်ပရေးရှင်းတစ်ခု၊ ဒါမှမဟုတ် အစိုးရအတွက် ကြိုတင်ဟောကိန်း ထုတ်သူတွေကတော့ သူတို့နဲ့ ဆန့်ကျင်ဘက်ပဲ။ သူတို့အမြင်အရ အနာဂတ်ဖြစ်နိုင်ချေ တော်တော်များများကို စိတ်ကူးယဉ်နယ်ပယ်ထဲမှာပဲ ထားတတ်ကြပါတယ်။ လက်တွေ့ မကျဘူးပေါ့ဗျာ။ တကယ် တမ်း အကောင်အထည် ဖြစ်လာနိုင်တဲ့ အပိုင်းကိုသာ ကြိုးစားချဉ်းကပ်လေ့ ရှိပါတယ်။ သူတို့အမြင်အရ ဖြစ်နိုင်ချေ အရှိဆုံး အနာဂတ်ကိုသာ ဖိုးကပ်(စ)လုပ်တဲ့သဘော ဖြစ်ပါလိမ့်မယ်။ အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်ရတဲ့ အလုပ်မှာ တိကျဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီအချက်ကို ပထမဆုံး ဝန်ခံခဲ့သူတွေဟာလည်း ဒီအနာဂတ္တိဆရာတွေသာ ဖြစ်ပါတယ်။

## အဖြော်င့်တွေးသူများ

- **သူတို့တစ်တွေရဲ့ စဉ်းစားနည်းကရော ဘယ်လိုရှိလဲဗျ။**
- သူတို့ထဲက တချို့ဆိုရင် သိပြီးရှိပြီးကို အခြေခံပြီး မသိသေး မရှိသေးတာကို ပုံဖော်ကြည့်တဲ့နည်းပဲ သုံးကြပါတယ်။ အဖြော်င့်စဉ်းစားနည်းပေါ့ဗျာ။ နည်းပညာ၊ ဘောဂဗေဒ၊ စွမ်းအင် အရင်းအမြစ်၊ လူဦးရေ ဘယ်လို နယ်ပယ်မျိုးမှာ ဖြစ်ဖြစ် ကနေ့ တည်ရှိနေတဲ့ တူရှုချက်တွေကို ဖော်ထုတ်ဖို့

BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

ကြိုးစားတယ်ဗျာ။ ပြီးမှ ဒါတွေကို အခြေခံပြီး ဘယ်လို ဖြစ်စဉ်မျိုး အလုပ်ဖြစ်နေလဲ၊ ဘယ်လို အဖွဲ့အစည်းမျိုး ရပ်တည်နေနိုင်လဲ၊ မနက်ဖြန်ရောက်ရင်လည်း ဒီလိုဖြစ်စဉ်မျိုး၊ ဒီလို အဖွဲ့အစည်းမျိုးသာ ဆက်တည်ရှိမယ်၊ ဆက်အလုပ် ဖြစ်မယ်လို့ စဉ်းစားကြတာပေ့ါ။ အပြောင်းအလဲ မရှိလို့ ယူဆကြဟန်တူပါရဲ့။ လွန်ရော ကျွံရော၊ လိုတိုးပိုလျှော့ လုပ်ရုံနဲ့ အလုပ်ဖြစ်မယ် ထင်နေကြဟန် ရှိပါတယ်။ ဒီစဉ်းစားနည်းမှာ တီထွင်ဖန်တီးမှု မပါပါဘူး။ ဆိုးဆိုးဝါးဝါး ကို အားနည်းတယ်လို့ ထင်တာပဲ။

အပေါ်ယံ ရှုပ်ကြည့်မယ်ဆိုရင်တော့ လက်ရှိ တူရှုချက် တွေကို ဆွဲဆန့်ကြည့်တဲ့ အလုပ်ဟာ သမာသမတ်ကျတယ်၊ သိပ္ပံနည်းကျတယ်လို့ ထင်စရာပေ့ါဗျာ။ လုံးဝ မဟုတ်ဘူးဗျ။ ဒီလို အဖြောင့်စဉ်းစားနည်းက တည်ငြိမ်တဲ့ အခြေအနေမျိုး မှာတော့ အလုပ်ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ အခုလို မိုးအောက်မြေပြင်အနှံ့ အပြောင်းအလဲတွေ ဝုန်းဒိုင်းကြဲနေ တဲ့ ကာလမျိုးနဲ့တော့ လမိုင်းကပ်မယ် မထင်ပါဘူး။ ဒါကြောင့်ပေ့ါဗျာ။ နောင် ဘယ်နှနှစ်ကြာရင် တစ်ဦးချင်း ဝင်ငွေဟာ ဘယ်ရွေ့ ဘယ်မျှဖြစ်မယ်။ ခရစ်နှစ် ၂၀၀၀ ရောက်ရင် 'ဟောသလောက်' ဖြစ်လာမယ် ဆိုတာမျိုးကို ကျွန်တော်တော့ မယုံဘူး။ သူတို့က အရာရာကို ပုံသေ တွက်ကြတာကိုး။ ဘာကြောင့် ဘယ်လိုဖြစ်တယ်ဆိုတာမျိုး ကို ကျကျနန ရှင်းမပြနိုင်ဘဲနဲ့ လက်ရှိ တူရှုချက်တွေကို ဆွဲဆန့်တဲ့နည်းဟာ စွန့်စားလွန်းရာ ရောက်ပါလိမ့်မယ်။

BURMESE CLASSIC .com

အဲ တစ်ခုတော့ ရှိတယ်ဗျ။ ဒီဟောကိန်းထုတ်နည်း ဟာ ဘက်မလိုက်သလို၊ ဘာတိမ်းညွတ်မှုမှ မပါသလိုတော့ ထင်ရစရာ ရှိနိုင်ပါတယ်။ ထင်စရာပဲ ရှိတာပါ။ တကယ် တော့ တခြားစဉ်းစားနည်းတွေလိုပါပဲ။ ဘာတိမ်းညွတ်မှုမှ မပါဘူး၊ မယိမ်းမယိုင် ကျောက်စာတိုင် ဆိုတာမျိုးဟာ တကယ်တော့ ယုံတမ်းပါ။

သူတို့အတွက် ပထမဆုံး ဘာကို ဟောကိန်းထုတ်မလဲ ဆိုတဲ့ ပြဿနာရှိတယ်။ ဘယ်လို တူရှုချက်မျိုးတွေကို စောင့်ကြည့်သင့်သလဲဆိုတာ ဆုံးဖြတ်ရတော့မယ်။ ရွေးချယ်မှုကိစ္စပေ့ါဗျာ။ ပြီးတော့ သတိပြုဖို့လိုတာက ယဉ်ကျေးမှုဆိုင်ရာနဲ့ အိုင်ဒီအိုလိုဂျီ တိမ်းညွတ်မှုတွေ ရှိနေတယ်ဆိုတဲ့ အချက်။ ဒါတွေက တကယ်ရှိနေတဲ့ အရာတွေပဲ။ ဥပေက္ခာပြုလို့မှ မရတာ။ ဥပမာဆိုပါတော့ဗျာ ကော်ပရေးရှင်း ဒါမှမဟုတ် အစိုးရ စီမံကိန်းတစ်ခုကို ကြည့်မယ်ဆိုပါတော့။ များသောအားဖြင့် စီးပွားရေးကို ဗဟိုပြုထားတတ်ကြတာကို ခင်ဗျား တွေ့ပါလိမ့်မယ်။ စီးပွားရေး မျက်နှာစာ တစ်ခုတည်း ကွက်ကြည့်ရုံနဲ့ လုံလောက်မယ်လို့ ယူဆကြဟန် တူပါရဲ့။

တကယ်တော့ အခြေခိုင်တယ်လို့ ထင်ရတဲ့၊ အဆင်သင့် ကောက်သုံးရုံပဲလို့ ထင်ရတဲ့၊ 'ဒေတာ' တွေမှာ ငုပ်နေတဲ့ တိမ်းညွတ်မှုတွေ ရှိတတ်တယ်ဗျ။ 'သင့်တင့်' တွေဟာ ကြိုတင်ရှိပြီးသား ကိန်းဂဏန်းတွေကို အခြေခံပြီး အနာဂတ်ကို ဟောကိန်းထုတ်ကြရတာမဟုတ်လား။ ဒီကိန်းဂဏန်းတွေ ကရော ဘာတိမ်းညွတ်မှုမှ မရှိပါဘူးလို့ ဘယ်သူက အာမခံ

www.burmeseclassic.com



BURMESE CLASSIC .com

မှာလဲ။ ဒါတွေကို ပြုစုဖော်ထုတ်တဲ့ အဖွဲ့အစည်းတွေကိုပဲ ကြည့်လိုက်။ လက်ဝဲရော၊ လက်ယာရော၊ အလယ်ဗဟိုဝါဒီတွေရော သူ့ဟာနဲ့သူ သတ်မှတ်ချက်တွေက ရှိပြီးသား။

လက်ရှိ တည်ရှိနေတဲ့ ဒေတာစုဆောင်းတွက်ချက်ပုံမှာကိုပဲ အားနည်းချက်တွေက ရှိနေတယ်။ ၁၉၆၀ အလွန်နှစ်တွေက 'ဘတ်ရန်ဂရော့(စ)' Bertram Gross ထောက်ပြတဲ့အချက်ကို ကျွန်တော် သဘောတူတယ်ဗျာ။ 'ကျွန်တော်တို့ရဲ့ တွက်ချက် စုဆောင်းပုံက စီးပွားရေး ဒေတာတွေကိုပဲ အာရုံထားလေ့ ရှိကြတယ်။ လူမှုရေးတို့၊ ယဉ်ကျေးမှုတို့၊ စိတ်သဘာဝတို့၊ နိုင်ငံရေးတို့ဆိုတဲ့ အရေးကြီးတဲ့ ကိန်းရှင်တွေကိုတော့ အလေးမထားကြဘူး။ ပစ်ပယ်ထားတယ်လို့တောင် ပြောနိုင်ပါသေးတယ်'။ ဂရော့(စ)က အဲဒီလို ပြောထားခဲ့တာပေါ့။ ပြောရရင်တော့ဗျာ၊ တိုင်းတာလို့ လွယ်တာတွေနောက်ပဲ လိုက်နေကြပြီး မလွယ်တာတွေကိုတော့ လက်ရှောင်ထားသလို ဖြစ်နေတော့တယ်။ ဒီတော့ အကျိုးဆက်က ဘာဖြစ်မလဲ။ သူတို့ တန်ဖိုး ဖြတ်လိုက်တဲ့ အနာဂတ် ဖြစ်နိုင်ချေတွေဟာ အရေအတွက် ဖော်ပြမှုသက်သက်ပဲ ဖြစ်နေတော့တယ်။ တကယ်တော့ ကိန်းဂဏန်းတွေဆိုတော့ ရေမြှုပ်မျက်နှာဖုံး စွပ်ထားတတ်တာမျိုးဗျ။ အကောက်အယူ လွဲနိုင်တာမျိုးတွေ အများကြီးပဲ။

■ **တခြားအနာဂတ်ဝါဒီတွေရဲ့ နည်းနာတွေနဲ့လဲ မိတ်ဆက်ပေးစမ်းပါဦးဗျ။ ဖြစ်နိုင်ရင် ဥပမာလေးတွေနဲ့ပေါ့ဗျာ။**

□ ကြံဆနေကြတာတွေကတော့ အများကြီးပဲဗျာ။ ဖြစ်နိုင်စရာ

BURMESE CLASSIC .com

www.burmeseclassic.com


ရှိတဲ့ အနာဂတ်ဖြစ်ရပ်တွေကို အုပ်စုခွဲနိုင်ဖို့ ကြိုးစားနေကြတာတွေလည်း ရှိတယ်။ အပြန်အလှန် ကျေးဇူးပြုသွားမလား။ အပြန်အလှန် တားဆီးသွားကြမလားဆိုတဲ့ အတိုင်းအတာနဲ့ ခွဲကြည့်တာလည်း ရှိတယ်။ 'မရေရာ စီမံကိန်း' Contingency Plans ဆိုတာတွေလည်း ရှိသေးတယ်။ အမေရိကန် စစ်တပ်မှာဆိုရင် အဲဒီလို စီမံကိန်းပေါင်း ငါးဆယ်ခြောက်ဆယ်လောက်တောင် ရှိဆိုပဲ။ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်တဲ့ ကိစ္စတွေအတွက် ကြိုတင်ပြင်ဆင်နေကြတာလို့ ပြောမယ်ဆို ပြောနိုင်တာပေါ့။ သဘောကတော့ 'မရေရာဆိုပြီး ပစ်မထားဘဲ ဖြစ်သော်ရှိ မဖြစ်သော်ရှိ ကြိုတင်ပြင်ဆင်နေကြဟန် တူပါရဲ့။

နောက်ပြီးတော့ အနာဂတ်ဖြစ်နိုင်ချေတွေကို အကျိုးသက်ရောက်မှုနဲ့ ဆက်စပ်ပြီး သရုပ်ခွဲကြတာတွေလည်း ရှိတယ်။ 'ဖြစ်တန်ရာနည်း၊ အကျိုးသက်ရောက်မှုများ၊ ဖြစ်တန်ရာများ အကျိုးသက်ရောက်မှုနည်း' ဆို သလိုမျိုးပေါ့ဗျာ။ ဖြစ်တန်ရာနဲ့ သက်ရောက်မှု နှစ်ခုလုံးကို အနည်းအများနဲ့ ချိန်ပြီး အပြန်အလှန် တွဲစပ် စဉ်းစားကြည့်ကြတာပါ။ ကျွမ်းကျင်သူတွေသာ ပါဝင် လုပ်ကိုင်နိုင်တဲ့ နည်းတွေ ရှိသလို၊ ကျွမ်းကျင်သူမဟုတ်တဲ့ လူများစု ပါဝင်မှုအပေါ် အလေးထားတဲ့ နည်းတွေလည်း ရှိနေပြန်တယ်။ အမျိုးမျိုးပါပဲဗျာ။

ကဏ္ဍအလိုက် ချိန်ရွယ်ချက်ထားပြီး စူးစမ်းကြတာတွေလည်း ရှိသေးတယ်ဗျ။ ဥပမာ 'နည်းပညာရဲ့ အနာဂတ်'

www.burmeseclassic.com



BURMESE CLASSIC .com

ဆိုတာမျိုးပေါ့ဗျာ။ ဟိုင်ဝိုင်ယီတရားရုံးချုပ်ကိုယ်တိုင်က ကမကထလုပ်နေတဲ့ လေ့လာချက်တစ်ခု ရှိတယ်လို့ ကြားဖူးတယ်။ နောင်ဆယ်နှစ်ဝန်းကျင်မှာ လက်ရှိ တရားရုံးနဲ့ တရားရေးစနစ်အပေါ် ထိခိုက် လာနိုင်စရာ ရှိတဲ့ လူမှုပြဿနာတွေကို ဖော်ထုတ်ဆန်းစစ်နေကြတယ်လို့ ဆိုပါတယ်။ ဝါရှင်တန်ဒီစီမှာလည်း 'အော်လတာနေးတစ်အနာဂတ်' ဆိုတဲ့ အဖွဲ့အစည်းတစ်ခု ရှိတယ်။ အနာဂတ် တရားရေးစနစ်ကို စူးစမ်းနေတယ်လို့ သိရပါတယ်။

အသုံးပြုကြတဲ့ နည်းတွေရော၊ ဖွဲ့စည်းပုံ ဒီဇိုင်းတွေ ရော၊ ရည်မှန်းချက်တွေရော၊ စုံမှစုံ၊ များမှများလို့ ပြောရ လိမ့်မယ်ဗျ။ ဒါတွေအားလုံးဟာ ကျွန်တော်တို့ လွယ်လွယ် ပြောနေကြတဲ့ 'နိမိတ်ဖတ်ဖို့' ဆိုတဲ့ ရည်ရွယ်ချက်သက်သက် နဲ့ လုပ်နေကြတာတော့ မဟုတ်ဘူး။ ကမ္ဘာကြီးရဲ့ အနာဂတ်ကို တီထွင်ဖန်တီးမှု ရှိရှိနဲ့ ပုံဖော်ဖို့ ကြိုးပမ်းနေကြတာပါ။ အနာဂတ်အဖြစ်အပျက်တစ်ခုခုကို စိတ်ကူးနဲ့ မှန်းဆ ကြည့်လိုက်မယ်ဗျာ။ အနုမာန မှန်းဆချက်ပေါ့။ ပြီးမှ အဲဒီ စိတ်ကူးဖြစ်ရပ်ကနေ နောက်ပြန် လှည့်ကြည့်တာမျိုး။ တကယ်လို့များ ဒီလိုဖြစ်ရပ်မျိုး ဖြစ်လာခဲ့ရင် ဘယ်သင်းက စဖြစ် လေမလဲပေါ့။ မေးခွန်းထုတ်ကြတယ်။ ပြီးအဖြေရှာကြတယ်။ ဒီလိုနဲ့ သူတို့ရဲ့ ကြိုးပမ်းမှုတွေဟာ 'အပြောင်းအလဲ' ဆိုတဲ့ ရှုမြင်ကွင်းကြီးတစ်ခုဆီ ရောက်လာခဲ့တော့တယ်။

- **အခုပြောတဲ့ လုပ်နည်းလုပ်ဟန်တွေထဲမှာ ဘယ်ဟာက ခင်ဗျားနဲ့ အံဝင်ခွင်ကျ ဖြစ်မလဲ။ ခင်ဗျား ဘယ်ပုံ အလုပ်လုပ်တယ်ဆိုတာလည်း ပြောပါဦး။**

BURMESE CLASSIC .com

www.burmeseclassic.com


□ ကျွန်တော်က မတူတဲ့ နောက်ခံကားက ထွက်လာတဲ့ကောင်လေဗျာ။ ကျွန်တော်ဟာ သင်္ချာသမားမဟုတ်သလို ရူပဗေဒသမားလည်း မဟုတ်ဘူး။ လူမှုရေး ရူပဗေဒသမားလို့တောင် မပြောနိုင်ပါဘူး။ လူမှုရေး စီးပွားရေး အပြောင်းအလဲတွေကို ကိန်းဂဏန်းတွေနဲ့ စနစ်တကျ ခွဲခြမ်းစိတ်ဖြာတာကို ကျွန်တော် တန်ဖိုးထားပါတယ်။ နည်းနာ အမျိုးမျိုး သုံးခဲ့ကြတဲ့ ပညာရှင်တွေကိုလည်းပဲ ကျွန်တော် လေးစားပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ အနာဂတ်ကို မျှော်ကြည့်ရတဲ့ လုပ်ဟန်မှာ၊ အကန့်အသတ်တွေ ကြီးကြီးမားမား ရှိတယ်ဆိုတာကိုလည်း ကျွန်တော် အသိအမှတ်ပြုတယ်။

ကျွန်တော်တို့အနေနဲ့ ကိန်းဂဏန်းအရေအတွက်တွေနဲ့ ချဉ်းကပ်မှုကို အမြင့်ဆုံး အသုံးပြုသင့်ပါတယ်။ ကွန်ပျူတာ အကူအညီလည်း ယူရမှာပဲ။ ဒါပေမဲ့ ရလာတဲ့ အဖြေတွေကိုတော့ မျက်စိမှိတ်ယုံလို့ မဖြစ်ချေဘူး။ သံသယကြီးကြီးမားမား ထားကို ထားရပါလိမ့်မယ်။ ဒီနည်းနဲ့သာလျှင် အတွင်းကျကျ ထိုးဖောက်မြင်နိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ အရင်က သတိမပြုမိလိုက်တဲ့ ဆက်ဆံရေးတွေကို မီးမောင်းထိုးပြသလို ဖြစ်ပါလိမ့်မယ်။ ဒါမှလည်း အနာဂတ်ဖြစ်နိုင်ချေကို ခွင်ကျယ်ကျယ် မှန်းဆကြည့်မြင်နိုင်ပါလိမ့်မယ်။

ဒါနဲ့တောင် ဒီနည်းဟာဖြင့် 'အမှန်တရား' ကို တိတိကျကျ ဖော်ထုတ်နိုင်ပေတာပဲလို့ တစ်ထစ်ချ မယူဆလိုက်ပါ

www.burmeseclassic.com


နဲ့ဦး။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ အသိတော်တော်များများကို ကိန်းဂဏန်းတွေနဲ့ ထုပ်ပိုးထားရတယ် လေဗျာ။ ကိန်းဂဏန်းဆိုတာက နှစ်ခွ လက္ခဏာ ဆောင်တတ်ပါတယ်။ စင်စစ်တော့ 'အနာဂတ်ဝါဒ' ဆိုတာ အနုပညာမှုတစ်ခုဗျ။ ဒါ့ကြောင့် ကျွန်တော့်အမြင်ကို ခုလို ရိုးရိုးလေး အနှစ်ချုပ်လိုက်ချင်ပါတယ်။ 'အနုပညာကို အထောက်အပံ့ပြုနိုင်ဖို့ သိပ္ပံကို အသုံးချ' လို့။

ကျွန်တော်ဟာ အစဉ်အလာထဲက ထွက်လာတဲ့ ကောင် ဆိုတာလည်း မမေ့လိုက်နဲ့ဦး။ မူလပထမလေ့လာချက်တွေနဲ့ အရင်ဆုံး သတင်းပေးပို့ချက်တွေကို ကျွန်တော် အရမ်းလေးစားတယ်။ နှစ်ပေါင်းများစွာ သတင်းထောက်လုပ်ခဲ့တဲ့ကောင်မဟုတ်လား။ ဂျာနယ်လစ်တစ်ယောက် လေဗျာ။

စာအုပ်တွေ၊ နည်းပညာဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ စာတမ်းတွေ၊ ဂျာနယ်တွေ ဖတ်ဖို့ဟာ ကျွန်တော့်အတွက် တော့ သေရေးရှင်ရေးဗျ။ ဒါ့ကြောင့် ကျွန်တော် ဖတ်နိုင် သလောက် ဖတ်တယ်။ ဒါပေမယ့် ကျွမ်းကျင်သူ တော်တော်များများနဲ့တော့ဖြင့် မတူပြန်ဘူး။ သူတို့က ပုံနှိပ်စာလုံးတွေကို ရှေ့တင်ပြီး အတွေ့အကြုံကုန်ကြမ်းတွေကို ချောင်ထိုးပစ်လိုက်ကြတာကလား။ ကျွန်တော်ကတော့ တကယ့်ဘဝရဲ့ ရင်ဆိုင်တိုးမှုတွေ၊ ကိုယ်တိုင် ထိရှခံစားရတာတွေ၊ ဒေသန္တရအတွေ့အကြုံတွေ၊ တွေ့ဆုံမေးမြန်းရင်းနဲ့ ရတဲ့ အသိတွေ၊ ပညာရပ်ဆိုင်ရာ လေ့လာချက်တွေ၊ ကိန်းဂဏန်း

BURMESE CLASSIC .com

www.burmeseclassic.com


အထောက်အထားတွေ အားလုံးကို ရှာမွှေပြီးမှ ကျယ်ပြန့်တဲ့ အမြင်တစ်ခုကို ဖန်တီးပုံဖော်ချင်ပါတယ်။ ကျွန်တော် ဟာ သိပ္ပံပညာရှင်တစ်ယောက် မဟုတ်ပါဘူး။ တစ်ပိုင်း တစ်စ သိပ္ပံသမားလို့တောင် မခေါ်နိုင်ပါဘူး။ ဘယ်ဟုတ် ယောင်မှု အရိပ်အာဝါသအောက်မှ အလုပ်လုပ်နေတာ လည်း မဟုတ်ဘူး။ ကျွန်တော် ရေးသမျှကို အစွန်းအထင်း တွေ ကင်းနိုင်သမျှ ကင်းဖို့ ကျွန်တော် ကြိုးစားပါတယ်။ နိုင်ငံရေးအရပဲဖြစ်ဖြစ် ကျင့်ဝတ်အရပဲဖြစ်ဖြစ်၊ လူမှုရေး အရပဲဖြစ်ဖြစ် အစွဲအလမ်း အခုအခံတွေ ကင်းဖို့ ကျွန်တော် ဆက်ပြီး အားထုတ်သွားမှာပါ။

BURMESE CLASSIC .com

www.burmeseclassic.com

# ဒုတိယလှိုင်းထိပ်က ဒဿနတစ်ရပ်

www.burmeseclassic.com

## ဒုတိယလှိုင်းထိပ်က ဒဿနတစ်ရပ်

## ပညာရှင် 'မာ့က်စ်'

- **ခင်ဗျားကိုယ်တိုင် တစ်ချိန်က မာ့က်စ်ဝါဒီ ဖြစ်ခဲ့ဖူးတယ်နော်။ ဒီကနေ့ လူမှုအပြောင်းအလဲတွေအပေါ် ခင်ဗျားရဲ့ အမြင် ဟာ မာ့က်စ်ဝါဒ နယ်ပယ်ထဲမှာပဲ ရှိသေးတယ်လို့ ပြောနိုင်မလား။**

□ နှိုင်းယှဉ်ပြောကြစတမ်းဆိုရင်တော့ တူတာလည်း ရှိ မတူတာ လည်းရှိပေ့ါဗျာ။ ပွင့်ပွင့်လင်းလင်း ပြောရရင် မတူတာက ပိုများ ပါတယ်။ အသက် နှစ်ဆယ်ဝန်းကျင်ထိတော့ ကျွန်တော် မာ့က်စ်ဝါဒကို နှစ်နှစ်ကာကာ ယုံခဲ့ပါတယ်။ ဒါပေမဲ့ လူ့အဖွဲ့အစည်းအကြောင်းကို ပိုသိလာတာနဲ့အမျှ အထူးသဖြင့် နည်းပညာ အဆင့်မြင့်တဲ့ နိုင်ငံတွေမှာ လျှပ်စီးလက်သလို သိပ်မြန်တဲ့ အပြောင်းအလဲတွေနဲ့ ကြုံလိုက်ရတော့ ကျွန်တော့်မျက်လုံးတွေ ပြာသွားတယ်။ လက်တွေ့ဖြစ်ရပ်တွေဟာ မာ့က်စ်ဝါဒကို ဖြတ်ကျော်သွားပြီ လို့ ခံစားလိုက်ရတယ်။

www.burmeseclassic.com


လူ့အဖွဲ့အစည်း ဘယ်ပုံ အလုပ်လုပ်တယ်ဆိုတာ မာ့က်စ်ဝါဒက ရှင်းပြလိုက်တော့ ရင်ထဲမှာ တလှိုက်လှိုက် ခုန်လာအောင်ကို ကျွန်တော် ဖမ်းစားခံခဲ့ရပါတယ်။ အဲဒီတုန်းက အသက်ကလည်း ငယ်သေးတာကိုး။ ခုချိန်ထိ သဘောကျနေသေးတာကို ပြောရရင် 'မာ့က်စ်' ဟာ တကယ့်ကို ဉာဏ်ပညာကြီးရင့်တဲ့ ပါရမီရှင်ကြီးပါ။ ပြောရရင် သူ့ကို ဆန့်ကျင်သူတွေတောင် သူ့ဩဇာနဲ့ မကင်းပါဘူး။ လောကကြီးကို သိမြင်နားလည်အောင် ပုံဖော်ပေးခဲ့ကြတဲ့ နယူတန်လို၊ ဒါဝင်လို၊ ဖရွိုက်လို ပညာရှင်ကြီးတွေထဲမှာ 'ကား(လ) မာ့က်စ်' လည်း ပါတယ်။

အသိပညာနယ်ပယ်မှာ 'မာ့က်စ်ဝါဒ' ဆိုတာ ပေါ်လာပြီးတာနဲ့ ကျွန်တော်တို့ရဲ့ စဉ်းစားချက်တွေဟာ တစ်ဆစ်ချိုး ပြောင်းသွားတယ်လို့တောင် ဆိုနိုင်ပါတယ်။ 'နည်းပညာ' ဆိုတာကို သာမန်ကျွမ်းကျင်မှုလေးတစ်ခုလို သဘောထားလို့ မရတော့ဘူးဗျာ။ လူတန်းစားဆိုတာကို ဥပေက္ခာပြုထားလို့ မဖြစ်တော့ဘူးဗျာ။ သမိုင်းဆိုတာ အပြတ်အတောက်မရှိ တစ်ဖြောင့်တည်း ပုံမှန်နှုန်းနဲ့ သွားနေတာမျိုးလို့ ကြည့်မြင် မရတော့ဘူးဗျာ။ နိုင်ငံရေးနဲ့ စီးပွားရေးဆိုတာကို ဘာအဆက်အစပ်မှ မရှိတဲ့ တသီးတခြား ဖြစ်စဉ်တွေလို့ သဘောထားလို့ မရတော့ဘူးဗျာ။ ဒါကိုကြည့်ရင်ပဲ လူ့အသိပညာသမိုင်းမှာ 'မာ့က်စ်' ဖြည့်စွမ်းခဲ့တဲ့ ကောင်းမှုတွေကို ခန့်မှန်းနိုင်ပါလိမ့်မယ်။

www.burmeseclassic.com



BURMESE CLASSIC .com

အဲ တစ်ခုတော့ ရှိလေရဲ့။ 'ကား(လ)မာ့က်စ်' ဆိုတဲ့ ပညာရှင်တစ်ယောက်ဟာ စက်မှုခေတ်မှာ လူဖြစ် ကြီးပြင်းခဲ့ရပြီး သူ့ခေတ်ရဲ့ အတွေ့အကြုံတွေနဲ့ 'မာ့က်စ်ဝါဒ' ဆို တဲ့ အမြင်တစ်ခုကို စုစည်းခဲ့ရတာကလား။ ကျွန်တော့်ရဲ့ ဝါဟာရနဲ့ဆိုရင် ဒုတိယလှိုင်း ယဉ်ကျေးမှုပေါ့ဗျာ။ ကျွန်တော်တို့ ဒီနေ့ မျက်မှောက်ပြုနေကြရတဲ့ ခေတ်က တော့ တစ်မျိုးဗျ။ ကမ္ဘာကြီးဟာ တတိယလှိုင်းကို ဦးတည်သွားနေတာတော့ မှန်တယ်။ တစ်ချိန်တည်းမှာပဲ တချို့ လူ့အဖွဲ့အစည်းတွေဟာ ပထမလှိုင်းထဲမှာ ရုန်းနေရဆဲ။ တချို့ကျတော့ ဒုတိယလှိုင်းမှာ ကူးခတ်နေရဆဲ။ လှိုင်းလုံးချင်း တိုးမိတိုက်မိတာမျိုးတွေလည်း ရှိနေသေးတယ်။ ဒီနောက်ခံကားမှာ အချို့သော နေရာက အချို့သော လူများအတွက် မာ့က်စ်ဝါဒဟာ 'သမ္မာကျမ်းစာ' ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ပြီးပြည့်စုံတဲ့ အမှန်တရားတော့ မဖြစ်နိုင်တော့ပါဘူး။

စင်စစ်မှာတော့ ဒီနေ့ ကျွန်တော် ဖိုးကပ်(စ်)လုပ်နေတာဟာ 'မာ့က်စ်' ကိုယ်တိုင် စလမ်းဖောက်ခဲ့တဲ့ အကြောင်းအရာပါ။ 'လူမှုအပြောင်းအလဲ' ဆိုတဲ့ ဘာသာရပ်ပေါ့ဗျာ။ နည်းပညာရဲ့ အခန်း၊ လူမှုပဋိပက္ခတွေ အဆက်ပြတ်သွားတဲ့ ခေတ်၊ 'တော်လှန်ရေး' ဆိုတာရဲ့ အကျယ်ပြန့်ဆုံး အဓိပ္ပာယ်။ ဒါပေမဲ့ ဖြတ်သန်းရတဲ့ ခေတ်ချင်းက မတူလေတော့ လေ့လာရမယ့် ပြဿနာတွေ၊ စုဆောင်းရတဲ့ အတွေ့အကြုံတွေဆိုတာ ဘယ်လိုမှ တစ်ထပ်တည်း မကျနိုင်တော့ပါဘူး။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ဥပမာ 'ကား(လ)မာ့က်စ်' က စီးပွားရေးကို အခေါင် အချုပ်လို့ ဆိုတယ်။ ဒါကို ကျွန်တော်က ဘဝင်မကျချင် ဘူး။ ဒါမျိုးတွေပေ့ါဗျာ။

## 'မာ့က်စ်' ၏ တပည့်သားမြေးများ

■ **မာ့က်စ်ဝါဒီတစ်ယောက်ရဲ့ အမြင်အရဆိုရင် စီးပွားရေး ဆိုတာ အတွင်းပင်ဒို်ပက္ခတွေနဲ့ ပြည့်လျှမ်းနေတဲ့ စနစ်ကြီး တစ်ရပ်ပေ့ါနော်။ ကျန်တဲ့ စနစ်တွေ အားလုံးဟာ ဒီစီးပွားရေး စနစ်ကြီးရဲ့ လက်အောက်ခံတွေလို့ သဘော ထားတယ် မဟုတ်လား။ ခင်ဗျား ဘဝင်မကျတာဟာ စီးပွားရေးရဲ့ 'အဓိကနေရာအခန်း' Primary Role ကို မဟုတ်လား။ ဒီအချက်ကြောင့် ခင်ဗျား မာ့က်စ်ဝါဒနဲ့ လမ်းခွဲခဲ့တာလို့ ပြောရင် ရမလား။**

□ ခင်ဗျားပြောသလိုပါပဲ။ မာ့က်စ်ဝါဒီတစ်ယောက်အတွက် 'စီးပွားရေး' မဟုတ်တာအားလုံးကို 'အပေါ်ထပ် အဆောက် အအုံ' ဆိုတဲ့ စာရင်းထဲ ထည့်လိုက်ကြပါတယ်။ သူ့သဘော သူ မဆောင်နိုင်ဘူး။ စီးပွားရေး အခြေခံပေါ် မူတည်ပြီးမှ ပြောင်းလဲနိုင်တယ်။ 'မှီကိန်းရှင်တွေ' Dependent Variables တွေပေ့ါဗျာ။ ဒါကို ကျွန်တော် ဘဝင်မကျဘူးဗျာ။ ဒါပေမဲ့ ဒီတစ်ချက်တည်းကြောင့် မာ့က်စ်ဝါဒနဲ့ ဝေးသွား တာလို့တော့ မပြောနိုင်ပါဘူး။

'မာ့က်စ်ဝါဒ' ကို ကျွန်တော် သံသယ စရှိတာ မာ့က်စ် ဝါဒီတွေကြောင့်လို့ ပြောနိုင်မယ် ထင်တယ်ဗျ။ အထူးသဖြင့်

BURMESE CLASSIC .com

www.burmeseclassic.com


ကျွန်တော်တို့ဆီက အမေရိကန် မာ့က်စ်ဝါဒီတွေပေ့ါဗျာ။ သူတို့ရဲ့ 'မုချဖြစ်ရမယ်. . .' ဆိုတဲ့ အနာဂတ်ဟောစာတမ်းတွေဟာ နိစ္စဓူဝ ဖြစ်ရပ်တွေနဲ့ ပြောင်းပြန်လိုချည်း ဖြစ်နေတယ်။ ဒုတိယ ကမ္ဘာစစ် ပြီးခါစပေ့ါဗျာ။ 'အမေရိကန်ပြည်ထောင်စုဟာ မဟာစီးပွားပျက်ကပ်ကြီး တစ်ခုရဲ့ နှုတ်ခမ်းဝမှာ ရောက်နေပြီ' တဲ့။ ဒီပုဂ္ဂိုလ်ကြီးများက မိန့်ကြားခဲ့ပါတယ်။ ၁၉၃၀ အလွန်က စီးပွားပျက်ကပ်ကြီးတွေလို ဖြစ်ကိုဖြစ်ရမယ်လို့ ပုံသေနည်းတွေနဲ့ အဖြေထုတ်ကြဟန် တူပါရဲ့။ လက်တွေ့မှာ ဘာတွေဖြစ်ခဲ့လဲ။ ခင်ဗျားအသိပဲလေ။ ၁၉၅၀ နဲ့ ၆၀ အလွန်နှစ်တွေမှာ ကျွန်တော်တို့ စီးပွားရေးက အတက်ဘက်တောင် ပြခဲ့သေးတာပဲ။ နောက်တစ်ခု၊ အမေရိကန် အလုပ်သမား လူတန်းစားနဲ့ ပတ်သက်လို့ သူတို့ ပုံဖော်ပြတာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာလောက်က 'ကား(လ)မာ့က်စ်' ပြောခဲ့တဲ့ ပုံစံနဲ့ ဘာမှ မကွာလှပါဘူး။ 'လူတန်းစား' ဆိုတာဟာ တကယ်လည်း ရှိသလောက်တော့ ရှိနေပါသေးတယ်။ ဒါပေမဲ့ လူမှု အဆင့်ကွဲပြားမှုတွေကို လူတန်းစားဆိုတဲ့ အချက်တစ်ချက်တည်းနဲ့ ကောက်ချက် ဆွဲတာကတော့ လက်တွေ့ မကျဘူးလို့ ထင်တယ်။ အထူးသဖြင့် အမေရိကန်မှာပေ့ါဗျာ။ လိင်၊ အသက်အရွယ်၊ လူမျိုး၊ ပညာရေးရေချိန်၊ ယဉ်ကျေးမှုအဆင့်ဆိုတဲ့ တခြားဖက်တာတွေကိုလည်း ထည့်စဉ်းစားဖို့ လိုမယ်ထင်တယ်။ အရာအားလုံးကို အသင့်ရှိပြီးသား လူတန်းစား အမြင်ဆိုတာနဲ့ ချဉ်းကပ် စဉ်းစားတာဟာ ရုပ်ဝါဒရော

www.burmeseclassic.com


ဟုတ်ပါ့မလား။ ပြောရရင် လက်တွေ့ကို သီအိုရီရဲ့ လက်အောက်ခံ လုပ်ပစ်လိုက်တာပဲဗျ။ ဒါဆိုရင် မာ့က်စ်ဝါဒဝိညာဉ်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပြီလို့တောင် ပြောနိုင်မယ် ထင်ပါတယ်။

နောက်တစ်ခု စဉ်းစားမိတာက လူတန်းစားဆိုတာ အပြောင်းအလဲမရှိ တန့်နေတဲ့ သဘောမရှိဘူးဆိုတာကိုပါ။ ဒါကို အသေကျကျ ဆုပ်ကိုင်ပြီး အရာရာ ဒါနဲ့ကြည့်ရင် ကျွန်တော်တို့ဟာ တကယ့်အရှိတရားကို ပြောင်းလဲဖန်တီးနိုင်ဖို့ဆိုတာထက် နားလည်နိုင်ဖို့တောင် မလွယ်ပါဘူး။ လူတန်းစား အကောက်အယူပေါ်ကလာတဲ့ 'ပစ္စည်းမဲ့အာဏာရှင်စနစ်' ဆိုတာကိုပဲ စဉ်းစားကြည့်ပါ။ လက်ဝဲနိုင်ငံတွေရဲ့ တကယ့်ဖြစ်ပေါ် တိုးတက်မှုဘက်က ကြည့်ရင် ရှေ့က 'ပစ္စည်းမဲ့' ဆိုတဲ့ စကားဟာ ပညတ်သက်သက်ပါ။ လိုသလို အဓိပ္ပာယ်ဖွင့်ကြပေါ့။ နောက်က 'အာဏာရှင်စနစ်' ဆိုတာကိုတော့ ခံစားရသူတွေဘက်က အဓိပ္ပာယ်ဖွင့်ကြလိမ့်မယ်။ နှစ်မျိုး မရှိနိုင်ပါဘူး။

သတင်းနည်းပညာ တော်လှန်ရေး နောက်ပိုင်း အပြောင်းအလဲတွေကို နားလည် နိုင်ဖို့ဆိုရင် မာ့က်စ်ဝါဒီတွေရဲ့ သိမြင် ချဉ်းကပ်ပုံဟာ အထောက်အကူထက်၊ အဟန့်အတားသာ ဖြစ်လာတယ်လို့ ကျွန်တော်ထင်တယ်။ ဒီနေ့ လူ့အဖွဲ့အစည်းရဲ့ အတွင်းသရုပ်ကို မာ့က်စ်ဝါဒအမြင်နဲ့ ဖော်ထုတ်ကြည့်ဖို့ ကြိုးစားခဲ့ဖူးပါတယ်။ ကျွန်တော့်အတွေ့အကြုံကို ဥပမာလေးတစ်ခုနဲ့ ပြောပါရစေ။ 'မိုက်ခရို

www.burmeseclassic.com

BURMESE CLASSIC .com

စကုပ်ခေတ်မှာ လက်ကိုင်မှန်ဘီလူးလေးနဲ့ သဲလွန်စ ရှာနေတဲ့ စုံထောက်ကြီး ဦးရှုံစားကိုသာ ပြေးမြင်လိုက်ကြပါတော့လို့’။

**မျက်နှာစာတစ်ဖက်တည်း**

- ■ **လူတန်းစားတိုက်ပွဲဟာ ဒီနေ့ အပြောင်းအလဲတွေရဲ့ အရင်းခံနေရာမှာ မရှိတော့ဘူးလို့ ခင်ဗျား ဆိုလိုတာပေါ့ ဒါမှမဟုတ် နည်းပညာအဆင့်မြင့် လူ့အဖွဲ့အစည်းတွေမှာ ဒါဟာ အဓိက ပဋိပက္ခ မဟုတ်တော့ပေမယ့် တခြား လူ့အဖွဲ့အစည်းမှာတော့ လွှမ်းမိုးဆဲလို့ ပြောချင်တာလား။**
- □ ‘လွှမ်းမိုးတယ်’ တဲ့လား။ စကားလုံးကြီးက ဖောင်းပွလွန်းပါတယ်ဗျာ။ ထားပါတော့။ နည်းပညာနဲ့ စီးပွားရေးဟာ အရေးကြီးတာ မှန်ပါတယ်။ ဒါပေမဲ့ အပေါ်ထပ် အဆောက်အအုံဆိုတာ အားလုံးရဲ့ အရင်းခံဆိုတာတော့ များလွန်းသွားပြီ ထင်တယ်။ ဒီနေရာမှာ ‘မာ့က်စ်’ ကတော့ သူ့နောက်လိုက်တွေထက် ပိုပညာပါပါတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ ပြောင်းလဲမှုအရင်းခံဟာ လူတန်းစားတိုက်ပွဲလို့ ပြောသလို ဒီအချက်ကိုပဲ ပိုယေဘုယျ သဘောဆောင်အောင် တစ်မျိုး ဖော်ပြပါသေးတယ်။ ကုန်ထုတ်စွမ်းအားစုနဲ့ ကုန်လုပ်ဆက်ဆံရေးတို့ရဲ့ အဆက်အစပ်ပေါ့ဗျာ။ ဒါတွေ ခင်ဗျား သိပြီးသားပါ။

တချို့ လူ့အဖွဲ့အစည်းတွေမှာ အခြေခံ နားလည်ချက်တွေရဖို့ လူတန်းစား ခွဲခြမ်း စိတ်ဖြာချက်ဟာ အသုံးတည့်

BURMESE CLASSIC .com

www.burmeseclassic.com


နိုင်ပါလိမ့်မယ်။ လူတန်းစားတစ်ခုက ချွန်ထွက်နေတဲ့ နိုင်ငံမျိုးမှာပေါ့။ ဒါဆိုရင်တော့ လူတန်းစားတိုက်ပွဲဟာ လှမ်းမိုးတဲ့ သဏ္ဌာန်ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဘယ်အခြေအနေမျိုး မဆို ထာဝရ တည်တံ့နေနိုင်တာမျိုး မဟုတ်ဘူးဗျ။ ပြီးတော့ ဒီနေ့ ခေတ် ဆက်ဆံရေးတွေဟာ ခုပြောသလောက် မရှင်းလှပါဘူး။ ဒီတော့ ဒီလို အခြေအနေမျိုးကို တစ်ခွင်တစ်ပြင်လုံး ကိစ္စ လုပ်လို့ မဖြစ်ဘူးလေ။ ဒီကနေ ယေဘုယျ သီအိုရီ တစ်ခု ထုတ်ဖို့ ပိုမဖြစ်နိုင်တာပေါ့။

'ကား(လ)မာ့က်စ်' ကတော့ သမိုင်းဦးဘုံမြေခေတ် အလွန်ကနေ နောက်ဆုံး ကွန်မြူနစ်စနစ် မရောက်မချင်း လူ့သမိုင်းဟာ လူတန်းစားတိုက်ပွဲရဲ့ သမိုင်းလို့ ဆိုတာပဲ။ တဆိတ်တော့ များလွန်းသွားပြီ ထင်ပါရဲ့ဗျာ။ ပုံသဏ္ဌာန်မျိုးစုံနဲ့ တည်ရှိနေတဲ့ တခြား ပဋိပက္ခတွေကို အသိအမှတ် မပြုရာ (အနည်းဆုံး) လျှော့တွက်ရာ ရောက်မယ် ထင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ သတိပြုရမှာ တစ်ချက်ရှိသေးတယ်။ မာ့က်စ်ဝါဒဆိုတာ ဥရောပကို ဗဟိုပြု ပေါ်ထွက်လာတာနော်။ အရင်းရှင်စနစ်ရဲ့ ခေတ်ဦးပိုင်း အတွေ့အကြုံတွေကနေ ထွက်လာတာ။ သူသုံးခဲ့တဲ့ နည်းကလည်း သိတာကို အခြေခံပြီး မသိသေးတာကို မှန်းဆတဲ့နည်း။ ဒါတွေဟာ ဒီနေ့ခေတ်နဲ့ ထပ်တူကျမကျ စဉ်းစားကြဖို့ပဲ။

ကျွန်တော့်သဘောကို ပြောရရင် မာ့က်စ်ဝါဒဟာ မျက်နှာစာ တစ်ခုတည်းကိုသာ ကွက်ကြည့်ရာ ရောက်နေ

www.burmeseclassic.com


တယ်။ စီးပွားရေး မျက်နှာစာပေါ့ဗျာ။ တခြား မျက်နှာစာတွေရဲ့ အရေးပါမှုကို ပစ်ပယ်တယ်။ ဒါမှမဟုတ် လျှော့တွက်တယ်။ ပြောရရင်တော့ 'မျက်နှာစာ တစ်ခုတည်း အယူအဆ' Uni-Dimensional Assumption ပေါ့။

■ **'မျက်နှာစာတစ်ခုတည်း အယူအဆ' ဟုတ်လား။ ကိုင်း တည့် တည့်ပဲ မေးမယ်ဗျာ။ 'မာ့က်စ်ဝါဒဟာ ဘဝရဲ့ အခြင်းအရာ အားလုံးကို ရှင်းပြနိုင်တဲ့၊ ကျယ်ပြန့်တာနဲ့အမျှ ထောင့်စုံတဲ့၊ သီအိုရီတစ်ခု' ဆိုတဲ့ ကောက်ချက်ကို ခင်ဗျား ထောက်ခံ လား၊ ဒါမှမဟုတ် ကန့်ကွက်လား။**

□ တည့်တည့် မေးမှတော့ တည့်တည့်ပဲ ဖြေမယ်ဗျာ။ မထောက်ခံဘူး၊ မယုံဘူး။ လူ့ဘဝ လူ့သမိုင်းမှာ မျက်နှာစာတွေ အများကြီးရှိတယ်။ တစ်ခုနဲ့တစ်ခုလည်း ဆက်စပ်နေကြတယ်။ အချိန်နဲ့အမျှ ပြောင်းလဲနေတော့ ဘယ်သင်းက အရေးကြီးဆုံးလဲဆိုတာ ယေဘုယျ လုပ်ပြောဖို့ မဖြစ်နိုင်ဘူး။ ကျွန်တော်ကတော့ မျက်နှာစာပေါင်းစုံက ချဉ်းကပ်ဖို့ ကြိုးစားတဲ့၊ ပြောင်းလဲနေတဲ့ ဖြစ်စဉ်ကို အသိအမှတ်ပြုပြီး အသေမကျတဲ့ နားလည်ချက်မျိုးကိုပဲ ခံတွင်းတွေ့တယ်။ အစစအရာရာ ပြီးပြည့်စုံတဲ့ မဖောက်မပြန် အမြဲမှန်တဲ့ သီအိုရီဆိုတာမျိုးကို ကျွန်တော်ကတော့ မယုံရေးချမယုံဘဲဗျို့။

■ **ဒါဖြင့် ခင်ဗျားရဲ့ တတိယလှိုင်း အယူအဆကရောဗျာ။**

□ သူလည်း ဘာသားနဲ့ ထုထားလို့လဲဗျာ။ ခြွင်းချက်မရှိပါဘူး။

www.burmeseclassic.com

# တတိယလှိုင်းပုံစံ

www.burmeseclassic.com

## တတိယလှိုင်းပုံစံ

**စက်ဝန်းများ၊ လှိုင်းများ**

■ **ခင်ဗျားရဲ့ တတိယလှိုင်းပုံစံကို ပြောပါဦး။ မျက်နှာစာ တစ်ဖက်တည်းက ချဉ်းကပ်တာမျိုးကို ခင်ဗျား ဘဝင်မကျဘူး ဆိုတော့ မျက်နှာစာပေါင်းစုံက ချဉ်းကပ်တာမျိုး ဖြစ်လိမ့်မယ်လို့ တွက်ဆရပါတယ်။ ဒါကို ရှင်းပြပါဆိုရင် ခင်ဗျား ဘယ်က စမလဲ။**

□ လက်တွေ့ကျကျပဲ စမယ်ဗျာ။ ယဉ်ကျေးမှုအားလုံးမှာ ယေဘုယျ တွေ့ရတတ်တာမျိုးတွေနဲ့ သာဓကတင်ပါမယ်။ ဆိုပါစို့ဗျာ။ ဘယ်ယဉ်ကျေးမှုမျိုးမှာမဆို လိုအပ်တဲ့ စွမ်းအင်ကို သုံးနည်းသုံးဟန်နဲ့ ထုတ်ယူသုံးစွဲကြတယ် မဟုတ်လား။ စွမ်းအင်စနစ်ပေါ့ဗျာ။ ပြီးတော့ အသက်ရှင် ရပ်တည်နိုင်ဖို့ လိုအပ်မယ့် ကုန်စည်တွေ၊ ဝန်ဆောင်မှုတွေ ထုတ်လုပ်ကြရမယ်။ ထုတ်လုပ်ရေးစနစ်ပေါ့။ ပြီး အဲဒီ ကုန်စည်တွေ၊ ဝန်ဆောင်မှုတွေကို ခွဲဝေ ဖြန့်ဖြူးကြရဦးမယ်။

www.burmeseclassic.com


ခွဲဝေ ဖြန့်ဖြူးရေးစနစ် ဆိုပါတော့။ ပြောရရင် ဒီစနစ်သုံးခု ဟာ သီးခြားစီ ရှိနေကြတာ မဟုတ်ဘူးဗျ။ နီးနီးကပ်ကပ် ကို ဆက်စပ်နေတာပါ။ ဒီသုံးခုလုံးကို ခြုံပြီး 'နည်းပညာ စက်ဝန်း' Techno-Sphere လို့ ခေါ်လိုက်မယ်ဗျာ။ ဟုတ်ပြီလား။

ပြီးတော့ ယဉ်ကျေးမှုအားလုံးမှာ ပတ်ဝန်းကျင်နဲ့ သဟ ဇာတဖြစ်စေဖို့ 'ဂေဟစနစ်' ရှိရဦးမယ်။ ပြီးတော့ လူမှု အဆောက်အအုံတွေ၊ ဒါကို ခြုံပြီး 'လူမှုရေးစက်ဝန်း' Socio-Sphere လို့ ယူမယ်။ မတူတဲ့ ယဉ်ကျေးမှုအသီးသီး ကြားမှာ ဒီအဖွဲ့အစည်းတွေ၊ အဆောက်အအုံတွေဟာ မတူတဲ့ နည်းတွေနဲ့ အချင်းချင်း ဆက်စပ်နေကြလိမ့်မယ်။ ဒါ့ကြောင့် 'လူမှုရေးစက်ဝန်း' ဆိုတာထဲမှာကိုပဲ အပြန် အလှန် ဆက်စပ်နေကြတဲ့ မတူခြားနားတဲ့ စနစ်ခွဲတွေလည်း ရှိနိုင်သေးတယ်။

အခု ပြောပြီးတဲ့ 'နည်းပညာစက်ဝန်း' နဲ့ 'လူမှုရေး စက်ဝန်း' နှစ်ခုဟာလည်း အချင်းချင်း အပြန်အလှန် ဆက် စပ်နေကြပြန်တယ်။

ရှေ့ဆက်ကြဦးစို့။ ယဉ်ကျေးမှုတိုင်းမှာ သူ့နည်းသူ့ ဟန်နဲ့ 'ဆက်သွယ်ရေးစနစ်' တွေ ရှိတယ် မဟုတ်လား။ သတင်း သိပ်မလိုတဲ့ လူ့အဖွဲ့အစည်းမျိုးဆိုရင်တော့ ခြေ မြန်တော်လွှတ်ပြီး ဆက်သွယ်မယ်ဗျာ။ ဒါမှမဟုတ် ရှေး ခေတ် ပါရှန်လူမျိုးတွေလို မျှော်စင်ကြီးတွေ မနီးမဝေးမှာ တန်းစီ ဆောက်လိုက်။ ပြီးတော့ အဆုတ်အား ကောင်း ကောင်း အာကျယ်ကျယ်ပုဂ္ဂိုလ်တွေ တင်ပြီး မျှော်စင်တစ်ခုနဲ့

www.burmeseclassic.com


တစ်ခု သတင်းပို့၊ ပြောချင်တာကဗျာ ခေတ်မီတာ မမီတာ အသာထား၊ ဘယ် လူ့ အဖွဲ့အစည်းမှာမဆို 'ဆက်သွယ်ရေးစနစ်' တစ်မျိုးမဟုတ် တစ်မျိုးတော့ ရှိမှာပဲ။ ဒါကို 'သတင်းစက်ဝန်း' Info-Sphere လို့ သတ်မှတ်ကြရအောင်။

ဒီ 'သတင်းစက်ဝန်း' ကလည်း စောစောက ပြောခဲ့တဲ့ နည်းပညာစက်ဝန်းတို့၊ လူမှုရေး စက်ဝန်းတို့နဲ့က ဆက်နေပြန်ရော။

မဆုံးသေးဘူး။ ကျန်သေးတယ်။ လူ့အဖွဲ့အစည်းတိုင်း ဟာ သူ့သက်ဆိုင်ရာ သက်ရှိဝန်းကျင်မှာ လည်ပတ်ခုတ်မောင်းနေကြရသမို့လား။ ဒါကို 'ဇီဝစက်ဝန်း' Bio-Sphere လို့ ခေါ်ဗျာ။ ဒီစက်ဝန်းဟာ အချိန်နဲ့အမျှ အံ့သြလောက် အောင် ပြောင်းနေတတ်တယ်ဆိုတာလည်း မမေ့နဲ့ဦး။ နောက်ထပ် အရေးကြီးတဲ့ စက်ဝန်းတစ်ခု ကျန်သေးတယ်။ 'ပါဝါစက်ဝန်း' Power-Sphere ပေါ့ဗျာ။ အဖွဲ့အစည်းတွေ ကြားမှာ လုပ်ပိုင်ခွင့်ပါဝါကို ခွဲဝေသုံးစွဲကြတဲ့ စနစ်ပေါ့။ ဒီအဖွဲ့အစည်းတွေဟာ တရားဝင်လည်း ဖြစ်ချင်ဖြစ်မယ်။ ဝင်ချင်မှလည်း ဝင်မယ်။ ဒါကို အသာထား၊ ပါဝါစက်ဝန်းလို့ ပဲထားလိုက်ကြစို့ရဲ့။ နေဦး နောက်ဆုံးတစ်ခု ရှိသေးတယ်ဗျ။ လူတွေရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ၊ အတ္တဘာဝတွေ၊ အနီးကပ် အရင်းနှီးဆုံး ဆက်ဆံရေးတွေ၊ ဒါတွေကို ခြုံပြီး 'စိတ်စေတသိက်စက်ဝန်း' Psycho-Sphere လို့ မှတ်လိုက်မယ်၊ ဟုတ်ပြီလား။

ကိုင်း အခုပြောခဲ့ပြီးတဲ့ စက်ဝန်းအားလုံးကို စုကြည့်

www.burmeseclassic.com



BURMESE CLASSIC .com

လိုက်။ ဘယ်လူ့အဖွဲ့အစည်းမဆို ဘယ်ယဉ်ကျေးမှုမျိုးမဆို ဒီစက်ဝန်းတွေထဲမှာ ဖြတ်သန်းလည်ပတ်နေကြရတာပဲဗျ။ ရှောင်လို့ မရနိုင်ပါဘူး။ စက်ဝန်းတစ်ခုချင်းအတွင်းမှာရော စက်ဝန်းအချင်းချင်းကြားမှာရော အပြန်အလှန် ကျေးဇူးပြုမှုတွေကို စနစ်တကျ ပုံကြမ်းထုတ်လိုက်ဗျာ။ ဒါအစပဲ။ ဒီလိုနဲ့ ကျွန်တော်တို့ စလိုက်ကြရအောင်။

- **Civilization ဆိုတဲ့ ယဉ်ကျေးမှုအုပ်စုကြီးတွေကို ထားဗျာ Culture လို့ ပြောရမယ့် နှုန်းစံတန်ဖိုးတွေကိုရော ဘယ်စက်ဝန်းထဲမှာ ခင်ဗျား ထည့်မလဲ။**

- ဘယ်ထဲမှာမှ မထည့်ဘူးဗျ။ ပြီးမှ သူ့ကို သတ်သတ်ပြောမယ်။ အခု 'စက်ဝန်း' တွေကိုပဲ ဆက်ကြဦးစို့။ ဒီစက်ဝန်းတစ်ခုချင်းစီမှာ ရှုပ်ထွေးတဲ့အတွင်းပိုင်း ဆက်သွယ်မှုတွေ ရှိတယ်။ ဒါတွေအားလုံးဟာ အပြန်အလှန် ဆက်စပ်နေသလို အဆက်မပြတ်လည်း ပြောင်းနေတယ်။ တက်လိုက်ကျလိုက်ဖြစ်နေသလို ဖွံ့ဖြိုးတိုးတက်လာတာတွေလည်း ရှိတယ်။ စက်ဝန်းတစ်ခုချင်းစီကို ခွဲခြမ်းစိတ်ဖြာကြည့်မလား၊ ဖြစ်တယ်။ သူတို့ရဲ့ အစိတ်အပိုင်းတွေ၊ ဒီအစိတ်အပိုင်းချင်း ဆက်သွယ်မှုတွေ၊ ဒါတွေကို အသေးစိတ်ဖော်ပြချင်သလား၊ ဒါလည်း ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ဒီစက်ဝန်းတွေ ကိုယ်တိုင်ကိုက အဆက်မပြတ် ပြောင်းနေတယ်ဗျ။ အပြန်အလှန် ကျေးဇူးပြုနေတဲ့ စနစ်ထဲမှာ အချင်းချင်း ဆက်စပ်နေတယ်။ 'စက်ဝန်း' တစ်ခုနဲ့တစ်ခုကြား အဆက်အစပ်ကို 'မီတာ

BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

ဆက်စပ်မှု’ လို့ ခေါ်မယ်ဗျာ။ စက်ဝန်းတစ်ခုချင်းစီရဲ့ အတွင်းပိုင်း ဆက်သွယ်မှုကိုတော့ ‘မိုက်ခရိုအဆက်အစပ်’ ပေါ့။ ‘တယ်လီအဆက်အစပ်’ ဆိုတာလည်း ရှိသေးတယ်။ စက်ဝန်းတစ်ခုရဲ့ အစိတ်အပိုင်းနဲ့ တခြားစက်ဝန်းတစ်ခုရဲ့ အစိတ်အပိုင်းချင်း အဆက်အစပ်ပေါ့ဗျာ။ ပြောရမယ်ဆိုရင်တော့ ဒီပုံစံကို ခင်ဗျားဆန္ဒရှိသလောက် အသေးစိတ်ပုံဖော်လို့ရတယ်။ အရှုပ်အထွေးတွေကို စိတ်ရှိသလောက် ဖိုးကပ်(စ်)လုပ်လို့ ရတယ်။

ယဉ်ကျေးမှုတစ်ခုချင်းကို လေ့လာရင်ပဲ ဖြစ်ဖြစ်၊ ယဉ်ကျေးမှုအချင်းချင်း နှိုင်းယှဉ် လေ့လာရင်ပဲဖြစ်ဖြစ် ဒီပုံစံဟာ အသုံးတည့်နိုင်စရာ ရှိပါတယ်။ ဒါပေမဲ့ စနစ်ကိုယ်တိုင်ကိုက ‘စီးမျော’ နေတယ် ဆိုတာကိုတော့ နှလုံးသွင်းထားဖို့ လိုလိမ့်မယ်။ လူ့အဖွဲ့အစည်း တစ်ခုရဲ့ အစိတ်အပိုင်းတွေကို သူတို့ ဖြစ်တည်နေတဲ့ အခိုက်အတန့် အတွင်းမှာပဲ လေ့လာလို့ ကြည့်လို့ရမယ်။ ခဏငယ်အတွင်းမှာပဲ အစိတ်အပိုင်းတစ်ခုရဲ့ ဖြစ်တည်မှုဟာ ချုပ်ငြိမ်းပြီး နောက်ထပ် အစိတ်အပိုင်းတစ်ခုရဲ့ ဖြစ်တည်မှုက ရောက်လာတတ်တာကလား။ ဥပမာပြောရရင် ‘လှိုင်းတွေ’ လိုပေါ့ဗျာ။ ခင်ဗျားကြည့်နေစဉ် အတွင်းမှာကိုပဲ ဒီနေရာက လှိုင်းဟာ ဒီနေရာမှာ မရှိတော့ဘူး။ ဒီနေရာမှာ ရောက်လာတာက နောက်ထပ် လှိုင်းသစ်တွေ။ လှိုင်းတွေအချင်းချင်းဟာလည်း အပြန်အလှန် ဆက်စပ်ပြီး အပြန်အလှန် တွန်းအားပေးနေကြတော့ ဘယ်နေရာမှာ ဘယ်လှိုင်းက ဆုံးပြီး ဘယ်လှိုင်းက

BURMESE CLASSIC .com

www.burmeseclassic.com


စတယ်ဆိုတာ ပြောဖို့ မဖြစ်နိုင်ပါဘူး။ လူ့အဖွဲ့အစည်းမှာ ဖြစ်နေတဲ့ အပြောင်းအလဲတွေဟာလည်း ဒီသဘောပဲဗျ။ ဒါကြောင့် ကျွန်တော်က လှိုင်းဥပမာကို ယူတာ။

သမိုင်းကို 'အဆင့်' Stage တွေနဲ့ ပိုင်းခြား သတ်မှတ်ကြတာလည်း ရှိပါတယ်။ ဘာခေတ်၊ ညာခေတ်ဆိုတာတွေပေါ့ဗျာ။ ဒီတော့ အဆင့်တစ်ဆင့် ခေတ်တစ်ခေတ်ဟာ ဓာတ်ပုံတစ်ပုံ ဒါမှမဟုတ် သက်ငြိမ်ပန်းချီတစ်ချပ်လို ဖြစ်လာတယ်။ ကျွန်တော်လိုချင်တာက ဖြစ်စဉ်ကြီးတစ်ခုလုံး ရုပ်လုံးကြွလာတဲ့ မြင်ကွင်းမျိုး။ အဆင့်သီအိုရီ၊ ခေတ်သီအိုရီအရဆိုရင် ရုပ်ပုံကားချပ်တွေ တန်းစီ ထောင်ထားသလို ရမှာပဲ။ တစ်ခုပြီးမှတစ်ခု၊ တစ်သီးတခြားစီ ဖြစ်နေလိမ့်မယ်။ တစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်စပ်အားပြိုင်မှုတွေ၊ တစ်ချိန်မှာ တစ်ခုမက အပြိုင်တည်ရှိနေတာမျိုးတွေကို ပုံဖော်နိုင်ဖို့ လွယ်မယ်မထင်ဘူး။ လှိုင်းသီအိုရီအရ ဆိုရင်တော့ လှိုင်းတစ်လုံးမဆုံးခင် နောက်လှိုင်းတစ်ခု စတာမျိုး၊ အချိန်တစ်ချိန်မှာ လှိုင်းလုံးတစ်လုံးမက ရှိနိုင်တာမျိုး၊ လှိုင်းလုံးတွေ ဝင်ဆောင့်မိတာမျိုး (ပြောရရင်) အသက်ဝင် လှုပ်ရှားနေတဲ့ သမိုင်းဖြစ်စဉ်ကြီးကို ဉာဏ်မျက်စိနဲ့ မြင်နိုင်စရာ ရှိမယ်ထင်ပါတယ်။

လူ့အဖွဲ့အစည်းတစ်ခုကို စုစည်းညီညွတ်နေတဲ့ ဖြစ်စဉ်ကြီးတစ်ခုလို့ ကျွန်တော် မမြင်ဘူးဗျ။ အချိန်တစ်ခုအတွင်းမှာကိုပဲ လှုပ်ရှားမှုတွေ၊ ရေစီးကြောင်းတွေ၊ လှိုင်းတွေ တစ်ပြိုင်နက် လှုပ်ရှားနေတဲ့ အပြိုင် ဖြစ်စဉ်ကြီး

www.burmeseclassic.com

BURMESE CLASSIC .com

တစ်ခုလို့ မြင်တယ်။ ကျွန်တော် ပြောချင်တဲ့ 'လှိုင်းပုံစံ' ဆိုတာ ဖွဲ့စည်းပုံသက်သက်ကို အခြေခံတာ မဟုတ်ဘူး။ 'ဖြစ်စဉ်' ဆိုတဲ့ သဘောကို အခြေခံတာပါ။

■ **ခင်ဗျားရဲ့ စာအုပ်ထဲမှာ ဖွဲ့စည်းပုံ အပြောင်းအလဲ အကြောင်းကို ပြောခဲ့တယ်နော်။ ပြီးတော့ ယဉ်ကျေးမှု ဆိုင်ရာ အခြေခံမှုတွေ အကြောင်းကိုလည်း ရည်ညွှန်းထား တယ်။ ခင်ဗျားရဲ့ တတိယလှိုင်းပုံစံမှာ ဒါတွေကို ဘယ်လို အဟပ်ညီအောင် ထည့်မလဲဗျ။**

□ အခု ကျွန်တော်ပြောနေတဲ့ 'စက်ဝန်း' တွေဆိုတာ တကယ် ကတော့ ယဉ်ကျေးမှုတစ်ခုရဲ့ အစိတ်အပိုင်းတွေပဲဗျ။ ဒါတွေကို ပုံစံမျိုးစုံနဲ့ ရှုပ်ရှုပ်ထွေးထွေး ချိတ်ဆက်ထားတာပဲ။ ဒါပေမဲ့ ဒါတွေနဲ့တင် မလုံလောက်သေးဘူး။ ဒီစက်ဝန်း အားလုံးကို ကန့်လန့်ဖြတ် ရစ်ပတ်ထားတဲ့ မျက်နှာစာတစ်ခု ရှိသေးတယ်။ ဒါကို 'ဆူပါ-အိုင်ဒီအိုလိုဂျီ' လို့ ခေါ်လေ မလားပဲ။ ဘယ်ယဉ်ကျေးမှုမျိုးမှာမဆို သူ့ရဲ့ သမိုင်းဆိုင်ရာ အခန်းကို ရှင်းပြနိုင်ဖို့၊ သူ့ရဲ့ ဆောင်ရွက်ချက်တွေကို မှန်ကန်ကြောင်း သက်သေပြဖို့ သူ့ရဲ့ တရားမျှတမှုကို ဖော် ထုတ်နိုင်ဖို့ နှုန်းစံတစ်ခုကို ဖန်တီး တည်ဆောက်ကြရတယ် မဟုတ်လား။ ဒါဟာ လူ့အဖွဲ့အစည်းကြီး တစ်ရပ်လုံးကို လွှမ်းခြုံထားတဲ့ 'ယဉ်ကျေးမှုအလွှာပါး' Cultural Overlay လို့ ယူမယ်ဆိုရင်လည်း ယူနိုင်ပါလိမ့်မယ်။ ဒီအလွှာပါး ဟာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ဖွဲ့စည်းပုံကို ကူညီ ပံ့ပိုးပေးပါတယ်။ လူ့အဖွဲ့အစည်းထဲက စက်ဝန်းအသီး

BURMESE CLASSIC .com

www.burmeseclassic.com



သီးမှာ ဒီအလွှာပါ။ ဒါမှမဟုတ် အိုင်ဒီအိုလိုဂျီရဲ့ ပုံရိပ်တွေကို ခင်ဗျား တွေ့ပါလိမ့်မယ်။

■ **လူ့အဖွဲ့အစည်းတစ်ခုကို နားလည်ဖို့ဆိုရင် ပုံစံတွေ လိုတာပေ့ါနော်။ ခင်ဗျားရဲ့ ပုံစံက 'စက်ဝန်း' တွေအနေနဲ့ ခွဲခြမ်းစိတ်ဖြာတဲ့နည်းပေ့ါ။ တခြားပုံစံတစ်ခုခုနဲ့ရော လေ့လာလို့ မရဘူးလား။ ဥပမာ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ လူမှုရေးစနစ်၊ ယဉ်ကျေးမှုစနစ် စတာမျိုးတွေပေ့ါဗျာ။ သမိုင်းဆိုင်ရာ အပြောင်းအလဲတွေရဲ့ ထူးခြားတဲ့ ဝိသေသတွေဟာ ဒီစနစ်တွေထဲမှာ ရှိနိုင်တယ် မဟုတ်လား။ လူဆိုတာ သမိုင်းကို ဖန်တီးနိုင်ဖို့စုစည်းလုပ်ဆောင်ကြရတာမဟုတ်လား။ ဒီပုံစံနဲ့ နှိုင်းယှဉ်လိုက်တော့ ခင်ဗျားရဲ့ 'စက်ဝန်း' တွေဟာ ကျယ်ပြန့်ပေမယ့် အပေါ်ယံများ ကျနေမလားလို့။**

□ ငါ့ပုံစံမှ အမှန်၊ တခြားပုံစံတွေအားလုံး အလကားလို့ ကျွန်တော် မဆိုလိုပါဘူးဗျာ။ ပုံစံတိုင်းမှာ အားကောင်းချက်တွေ ရှိနိုင်သလို ဘယ်ပုံစံမှလည်း ပြီးပြည့်စုံပြီလို့ မဆိုနိုင်ပါဘူး။

နောက်တစ်ခု ပြောစရာရှိတာက သမိုင်းကို လူမှုရေးလှုပ်ရှားမှုတွေ (ခင်ဗျားပြောတဲ့ နိုင်ငံရေးတို့၊ စီးပွားရေးတို့ပေ့ါဗျာ) ချည်းကပဲ ပုံဖော်နေတာလို့ ကျွန်တော် မယူဆဘူးဗျ။ ဥပမာ သိပ္ပံပညာရှင်တွေက အဏုမြူဗုံးတီထွင်လိုက်တယ်ဗျ။ ဒါ သမိုင်းကို ဖန်တီးလိုက်တာပဲ။ ကျွန်တော် ပြောချင်တာက မျက်နှာစာတစ်ခု၊ စနစ်တစ်ခု၊ ဝင်ရိုးတစ်ခုခုပေါ်မှာ ဗဟိုပြုပြီး ပုံစံထုတ်တာမျိုးဟာ လက်တွေ့သမိုင်း

www.burmeseclassic.com

BURMESE CLASSIC .com

ဖြစ်ပေါ်မှုတွေကို တကယ်ရော ထင်ဟပ်နိုင်ပါ့မလား ဆိုတာပါ။ ကျွန်တော့်အမြင်တော့ ဘောင်ခတ်လေ့လာသလို ဖြစ်မယ်ထင်တာပဲ။

ကျွန်တော့်ရဲ့ တတိယလှိုင်းပုံစံဟာ ခုချိန်မှာ အရေးမပါဘူးလို့ ယူဆရပေမယ့် တစ်ချိန်မှာ အရေးပါချင်ပါလာနိုင်မယ့် အကြောင်းခြင်းရာမျိုးတွေကအစ ဘာတစ်ခုမှ တတ်နိုင်သလောက် မကျန်ရစ်အောင် ဆက်စပ်လေ့လာနိုင်ဖို့ အားထုတ်ကြည့်တာပါ။ ဒီနေရာမှာ နောက်ထပ်ဖြည့်စွက်ပြောစရာတစ်ခု ကျန်ပါသေးတယ်။ တတိယလှိုင်းပုံစံရဲ့ အရေးကြီးတဲ့ အခြင်းအရာ တစ်ခုပေ့ါဗျာ။ အားပြိုင်မှုတွေ၊ ဆန့်ကျင်ဘက်တွေ၊ ပဋိပက္ခတွေရဲ့ အခန်းကဏ္ဍပါ။ 'ပဋိပက္ခသီအိုရီ' Conflict Theory လို့ ဆိုကြပါစို့ဗျာ။

## လှိုင်းလုံးများ ဝင်ဆောင့်ခြင်း

■ **အနာဂတ္တိဆရာတချို့ရဲ့ အလိုအရဆိုရင် 'စက်မှုလွန်ခေတ်' ဟာ အနည်းနဲ့အများဆိုသလို အဆင်ပြေ ချောမွေ့လိမ့်မယ်လို့ မှန်းဆရပါတယ်။ ခင်ဗျားရဲ့ သဘောထားကရော ဘယ်လိုလဲ။**

□ မထင်ဘူးဗျာ။ ပဋိပက္ခတွေ ကင်းစင်တဲ့ အဆင်ပြေ ချောမွေ့နေမယ့် ကမ္ဘာကြီးကို ကျွန်တော်ဖြင့် မျှော်လင့်လို့ မရနိုင်သေးပါဘူး။ ပြင်းထန်တဲ့ လူမှုရေး၊ နိုင်ငံရေး ပဋိပက္ခတွေ တင်းကြမ်းပြည့်နေမယ့် ကမ္ဘာကြီးသာ ဖြစ်ဖို့ များပါတယ်။ ကမ္ဘာလုံးအတိုင်းအတာနဲ့ပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်း

BURMESE CLASSIC .com

www.burmeseclassic.com


တစ်ခုချင်းပဲဖြစ်ဖြစ် ဒါကို သဘောပေါက်ဖို့ဆိုရင် ကျွန်တော်တို့မှာ 'ပဋိပက္ခသီအိုရီ' တစ်ခုရှိဖို့ လိုပါလိမ့်မယ်။

■ **ခင်ဗျားပြောတဲ့ 'ပဋိပက္ခသီအိုရီ' က ဘယ်လို အသုံးဝင်မှာလဲဗျ။**

□ တစ်ခုနဲ့တစ်ခု မတူခြားနားတဲ့ သီးခြား လွတ်လပ်သယောင်၊ အမှီခိုကင်းသယောင် ထင်ရတဲ့ ပဋိပက္ခတွေရဲ့ အဆက်အစပ်ကို လေ့လာနိုင်မယ်ဗျာ။ ဒီပဋိပက္ခတွေထဲက ပိုလွှမ်းမိုးတဲ့ ပိုအရေးကြီးတဲ့ ဟာတွေကို ထုတ်ယူနိုင်မယ်ဗျာ။ ဒီကနေ့ အဓိကအကျဆုံး အပိုင်းကို 'ဖိုးကပ်(စ)' လုပ်နိုင် မယ်။

■ **ခင်ဗျားရဲ့ 'လှိုင်းသီအိုရီ' နဲ့ အခု 'ပဋိပက္ခ သီအိုရီ' ကို ဆက်စပ်ပြပါဦး။**

□ 'လှိုင်း' လို့ ကျွန်တော် ပြောလိုက်တာဟာ လူ့အဖွဲ့အစည်း တစ်ခုလုံးကို တံမြက်စည်းလှည်းသလို ရှင်းပစ်လိုက်မယ့် တစ်ခွင်တစ်ပြင်လုံး အပြောင်းအလဲကြီးကို ဆိုလိုတာနော်။ အခိုင်အမာပြောလို့ရတဲ့ အပြောင်းအလဲလေး တစ်ခုတလေကို ဆိုလိုတာ မဟုတ်ဘူး။ ဒီအချက်ကိုတော့ ပထမဆုံး သဘောပေါက်ထားစေချင်တယ်။ ဥပမာ နည်းပညာ အပြောင်းအလဲတစ်ခု ဆိုပါတော့ဗျာ။ ဒီတစ်ခုတည်းကို ကွက်ပြီး 'လှိုင်း' လို့ ပြောတာ မဟုတ်ဘူး။ သူနဲ့ ဆက်စပ်နေတဲ့ အပြန်အလှန်လည်း တွန်းအားပေးနေတဲ့ အဲဒီလို အပြန်အလှန် ကျေးဇူးပြုရင်းက ဦးတည်ချက် တစ်ခုခုကို တည်သွားတဲ့ အပြောင်းအလဲကြီး တစ်ခုလုံးကို ရည်ရွယ်လိုက်တာပါ။

www.burmeseclassic.com



ဇာတ်ရဲ့ အစကို ပြန်လှန်ရရင် ပထမလှိုင်းပေါ့ဗျာ။ စိုက်ပျိုးရေး နည်းပညာနဲ့အတူ နေမှုပုံစံသစ်တစ်ခု ပေါ်လာတယ်။ လူမှုရေး၊ နိုင်ငံရေးနဲ့ ဘာသာရေးအဖွဲ့အစည်းတွေ ဖြစ်လာတယ်။ ပတ်ဝန်းကျင်သစ်နဲ့ သဟဇာတဖြစ်မယ့် အခြေခံမှုသစ်တွေ ပေါ်လာတယ်။

စက်မှုတော်လှန်ရေးက ဒုတိယလှိုင်းလုံးကြီးကို ဖန်တီးလိုက်တော့ နောက်ထပ်နေမှုပုံစံသစ်၊ အဖွဲ့အစည်းသစ်၊ တန်ဖိုးသစ်၊ နှုန်းစံသစ်တွေ ပေါ်လာပြန်ရော။ ဒီအခါမှာ အခြေကျပြီးသား ပထမလှိုင်းနဲ့ ဝင်ဆောင့်မိတော့တာပေါ့။ ဒီလှိုင်းဆောင့်မှုကြီးဟာ သမိုင်းကို ပြောင်းပစ်မယ့် ပဋိပက္ခကြီးလို့လည်း ဆိုနိုင်ပါတယ်။

ဒီနေရာမှာ 'လှိုင်း' ဆိုတာ သင်္ကေတ တစ်ခုနော်။ လူတစ်ဦးတစ်ယောက်ချင်းရော၊ လူထုတစ်ရပ်လုံးရော၊ လူမှုအဖွဲ့အစည်းတွေရော အားလုံး အကျုံးဝင်တယ်။ စစ်တပ်တွေ၊ ကျောင်းတော်တွေ၊ သုတေသနအဖွဲ့အစည်းတွေ၊ စီးပွားရေးသမားတွေ၊ နိုင်ငံရေးပါတီတွေ အားလုံးကို ခြုံပြီး 'လှိုင်း' လို့ သင်္ကေတ လုပ်ထားတာပါ။

တကယ်တော့ အခုထိ ကျွန်တော် ပြောခဲ့တာတွေဟာ ဘာမှ အသစ်အဆန်းမဟုတ်သေးပါဘူးဗျာ။ ခင်ဗျားသိပါတယ်။ ပိုအရေးကြီးတာ၊ ကျွန်တော့်အထင် တော်တော်များများ အလေးမထားကြတာက 'လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာကိုပဲ အချိန်တစ်ခုအတွင်းမှာ လှိုင်းတွေ

www.burmeseclassic.com


တစ်လုံးမက ရှိနိုင်တယ်’ ဆိုတဲ့ အိုင်ဒီယာပါ။ အဲဒီလို အပြိုင်တည်ရှိနေကြတဲ့ လှိုင်းတွေအချင်းချင်း အားပြိုင်ကြရာက တိုးမိတိုက်မိလာတယ်။ ဒီအတိုးအတိုက်မှာ ရေစီးကြောင်းသစ်တွေ ပေါ်လာသလို ကန့်လန့်ဖြတ် ရေစီးတွေ၊ ဝဲဂယက်တွေ၊ ပလုံစီတွေ အမျိုးမျိုး ဖြစ်လာနိုင်တာပေ့ါ။ ခေတ်တစ်ခေတ်မှာ ရှိနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပဋိပက္ခပုံစံတွေပေ့ါဗျာ။

ကိုင်း ဥပမာနဲ့ ပြောကြရအောင်ဗျာ။ တရုတ်ပြည်ရဲ့ ခေတ်သစ်သမိုင်းပေ့ါ။ ခင်ဗျားသိတဲ့အတိုင်း တရုတ်လူထုအများစုဟာ လယ်သမားတွေပါ။ အနှစ်သာရအရ ပြောရရင် ပထမလှိုင်း၊ ယဉ်ကျေးမှုပေ့ါဗျာ။ ကွန်မြူနစ်တော်လှန်ရေးရဲ့ ကနဦးရည်မှန်းချက်ဟာ တရုတ်ပြည်ကြီးကို စက်မှုခေတ်ထဲ ဦးတည်သွားစေဖို့ ဖြစ်ပါတယ်။ ဒီအတွက် ဆိုဗီယက်ကျောထောက်နောက်ခံနဲ့ အသိရှိရှိ အားထုတ်ခဲ့ကြတာပေ့ါ။ ဒီလိုနဲ့ တရုတ်ပြည်ဟာ ဒုတိယလှိုင်း မဟာဗျူဟာ အခင်းအကျင်းအတိုင်း ချီတက်ခဲ့ပါတယ်။ တရုတ်ပြည်သစ်ရဲ့ ပထမ ငါးနှစ် စီမံကိန်းကို ကြည့်ဗျာ။ ရင်းနှီးမြှုပ်နှံမှုရဲ့ ၅၈% ဟာ အကြီးစား စက်မှုလုပ်ငန်းမှာ ရှိပါတယ်။ ဒ့ါကြောင့် စစ်ပြီးခေတ် တရုတ်ပြည်ကို ကြည့်လိုက်ရင် စက်မှုလှိုင်းကြီးကို အကျအန စီးနိုင်ဖို့ ကြိုးစားနေတာ တွေ့ပါလိမ့်မယ်။ အဲဒီ လှိုင်းထိပ်မှာ ပဲ့ကိုင်ထားတာက ကွန်မြူနစ်ပါတီပေ့ါဗျာ။

www.burmeseclassic.com



BURMESE CLASSIC .com

ဒါပေမဲ့ ဣန္ဒြေရရ စီးနိုင်တာတော့ မဟုတ်ပါဘူး။ ၁၉၆၀ ဝန်းကျင်မှာ ကွန်မြူနစ်ပါတီတွင်းမှာရော လူထုကြားမှာပါ ပြင်းထန်တဲ့ ပဋိပက္ခကြီးတစ်ခု ပေါ်လာတယ်။ အုပ်စုတစ်စုက 'လယ်ယာစီးပွား ဖွံ့ဖြိုးတိုးတက်ရေး' အခြေခံနဲ့ ပထမလှိုင်းမှာသာ ကျောက်ဆူးချချင်ကြတယ်။ ကျန်တစ်ခုက 'ခေတ်မီရေး' ကြွေးကြော်သံနဲ့ စက်မှုဖွံ့ဖြိုးရေးကို အရှိန်မြှင့်ချင်ကြတယ်။ 'မော်' ရဲ့ 'ရှေ့သို့ ခုန်ပျံကျော်လွှားရေး လှုပ်ရှားမှု' နဲ့ 'ယဉ်ကျေးမှုတော်လှန်ရေး' ကာလမှာ ဒီသဘောကို တွေ့နိုင်ပါတယ်။ ကျွန်တော့် အမြင်အရတော့ လှိုင်းလုံးချင်း တိုက်မိရာက ရေစီးကြောင်းတစ်ခုလုံး နောက်ပြန်ဆုတ်သွားတာလို့ သဘောရပါတယ်။

'မော်' နောက်ပိုင်းမှာတော့ ရေစီးကြောင်းကို ပြန်တည့်ဖို့ ကြိုးစားကြတာတွေ ရှိပါတယ်။ ဒါပေမဲ့ ခုချိန်ထိလည်း ပထမလှိုင်းနဲ့ ဒုတိယလှိုင်းရဲ့ အားပြိုင်မှုဟာ ရှိနေဆဲပဲလို့ ပြောနိုင်ပါလိမ့်မယ်။ ဒါတင်မက တတိယလှိုင်းကို ဦးတည်တဲ့ ခြေလှမ်းတချို့ကိုလည်း တွေ့စပြုနေရပါပြီ။ ခေတ်ပြိုင်ကမ္ဘာမှာ အရှိန်အဟုန်ပြင်းပြင်းနဲ့ ပေါ်ပေါက်နေတဲ့ 'နည်းပညာတော်လှန်ရေးကြီး' ဟာ တရုတ်ပြည်မှာ နောက်ထပ် ဝင်ရိုးသစ်တစ်ခုကို ဖန်တီးလိုက်ပါတယ်။ ခုချိန်မှာ အားနည်းနေသေးပေမယ့် ဒီဝင်ရိုးကို ဗဟိုပြု ချဉ်းကပ်လာမယ့် စုစည်းမှုအသစ်တစ်ခုကို မှန်းဆလို့ ရပါတယ်။ ပြောရရင် တရုတ်ပြည်မှာ နောက်ထပ် လှိုင်းသစ်တစ်လှိုင်း သန္ဓေတည်နေပြီ ဆိုပါတော့ဗျာ။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ကိုင်းဗျာ တရုတ်ပြည်ကို အသာထားလိုက်ဦး။ စီးပွားရေး ဆူပါ-ပါဝါ နှစ်ခုဖြစ်တဲ့ အမေရိကန်နဲ့ ဂျပန်ကို ကြည့်လိုက်။ ဒီသဘောကို တွေ့ရမှာပါပဲ။ အမေရိကန်မှာဆိုရင် သေလုမြောပါး ဒုတိယလှိုင်းနဲ့ နုပျိုတက်ကြွစ တတိယလှိုင်းကို တွေ့ပါလိမ့်မယ်။ 'ဒက်ထရွိုက်' နဲ့ 'ဒါးလက်(စ)' ကို ယှဉ်ကြည့်လိုက်ပေါ့။ ဂျပန်မှာလည်း ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်လာတဲ့ ဒုတိယလှိုင်းကို အားကောင်းမောင်းသန် တတိယလှိုင်းက စိန်ခေါ်နေပြီ။ ဒီလို လှိုင်းလုံးချင်း အားပြိုင်တိုးတိုက်မိတာဟာ တစ်နိုင်ငံချင်း သဘောတင် မဟုတ်ဘူးဗျ။ ကမ္ဘာလုံးသဘောလည်း ဆောင်နေတယ်။ ကမ္ဘာ့ စီးပွားရေးကို ကြည့်လိုက်၊ စက်-ပါဝါအကျနဲ့ ဦးနှောက်ပါဝါ အတက်ကို ခင်ဗျား ထင်ထင်ရှားရှား တွေ့မှာပါ။ ဒီနေ့ အမေရိကန်နဲ့ ဂျပန်ရဲ့ စီးပွားရေး မျက်နှာစာက အားပြိုင်မှုကို ကြည့်လိုက်ဦး။ ဦးနှောက်ပါဝါရဲ့ ဈေးကွက် (ပြောရရင်တော့ ဆော့ဝဲ(လ)ဈေးကွက်ပေါ့ဗျာ) ကို တည်ပြီး အပြိုင်ကျဲနေကြတာ မဟုတ်လား။ သာဓကတွေ ပြောကြစမ်းဆိုရင်တော့ အများကြီးပေါ့ဗျာ။

■ **အခု ခင်ဗျားပြောခဲ့တာတွေဟာ 'တစ်ခွင်တစ်ပြင်လုံးသဘော' (Macro Level) လို့ ဆိုနိုင်မှာပေါ့။ 'တစ်စိတ်တစ်ပိုင်းသဘော' (Micro Level) မှာရော 'လှိုင်းတိုက်မှုတွေ' ရှိနိုင်ပါ့မလား။**

□ သိပ်ရှိတာပေါ့ဗျာ။ ကိုင်း ဖြန့်ကြည့်ရာကနေ ကန့်ကြည့်ကြရအောင်ဗျာ။ စက်မှုလုပ်ငန်းတွေထဲမှာပဲ ကြည့်ကြစို့။

BURMESE CLASSIC .com

www.burmeseclassic.com


သံမဏိလုပ်ငန်းတို့ မော်တော်ကားလုပ်ငန်းတို့ဆိုတဲ့ ဒုတိယလှိုင်းထိပ်က လုပ်ငန်းကြီးတွေဟာ နိုင်ငံတော် အစိုးရရဲ့ ပံ့ပိုးကူညီမှုကို အလေးထားတယ်ဗျာ။ သူတို့ရဲ့ အပေါ်စီး အနေအထားကို အမြဲ ထိန်းထားနိုင်အောင် 'အခွန်ကောက်တံတိုင်းကာတဲ့ ပေါ်လစီ' Tariff Protection ကို လိုလားမယ်။ အသစ်ဖြစ်ထွန်းလာနေတဲ့ ကွန်ပျူတာလုပ်ငန်းနဲ့ အီလက်ထရောနစ်လုပ်ငန်းတွေမှာတော့ ပြောင်းပြန်ဗျ။ အမှီခိုကင်းကင်းနဲ့ လွတ်လွတ်လပ်လပ် အလုပ်လုပ်ချင်တယ်။ လွတ်လပ်တဲ့ ကုန်သွယ်ရေးကို လိုလားမယ်။ ဒါတွေဟာ စက်မှုလုပ်ငန်းနယ်ပယ်မှာ အလွယ်နဲ့ တွေ့နိုင်တဲ့ လှိုင်းလုံးချင်း အားပြိုင်မှုတွေပေါ့ဗျာ။ ဂျီဆဲဗင်းနိုင်ငံအားလုံးလိုလိုမှာ ဒီသဘောတွေ တွေ့နေရပါပြီ။

ကော်ပရေးရှင်းကြီးတွေကို ကြည့်လိုက်ဦးမလား။ လုပ်ငန်းပေါင်းစုကို တာဝန်ယူ ဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေပေါ့ဗျာ။ အဟောင်းကို ကိုယ်စားပြုတဲ့ အစိတ်အပိုင်းတွေက အစုလိုက် အပြုံလိုက် ထုတ်လုပ်ရေးကို အားသန်တယ်။ လုပ်အားများများ စုနိုင်ဖို့ အဓိကဖြစ်တယ်။ သူတို့ရဲ့ အမြတ်ဟာ 'လုပ်အား' အပေါ်က လာတာကိုး။ အသစ်ကို ကိုယ်စားပြုတဲ့ လုပ်ငန်းတွေကျတော့ တစ်မျိုးဗျ။ သူတို့ရဲ့ ကုန်ထုတ်သတ္တိက အရေအတွက် မဟုတ်ဘူး၊ အရည်အချင်း။ သူတို့လိုချင်တဲ့ လုပ်အားက ကြွက်သားက လာတာမဟုတ်ဘူး။ ဦးနှောက်ကလာတာ။ ဒီတော့ သူတို့အတွက် ကြိုးနီစနစ်တွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ အစုလိုက် အပြုံလိုက်

www.burmeseclassic.com



BURMESE CLASSIC .com

ထုတ်လုပ်ရေးဟာ အဟန့်အတား ဖြစ်လာတယ်။ အထနေ့း တဲ့ ထက်အောက်ဖွဲ့စည်းပုံတွေထက် ဖျတ်ခနဲ လှုပ်ရှား လို့ရတဲ့ ကွန်ရက် ဖွဲ့စည်းပုံဘက် ညွှတ်လာတယ်။ ဒါလည်း ဒုတိယနဲ့ တတိယရဲ့ လှိုင်းလုံးချင်း အားပြိုင်မှုပဲ။

စီးပွားရေး အဖွဲ့အစည်းတွေတင်လားဆိုတော့ မဟုတ် ပြန်ဘူး။ ပညာရေးအဖွဲ့အစည်းတွေမှာလည်း ဒီသဘောကို တွေ့နိုင်တယ်။ အဟောင်းအင်အားစုက 'စည်း' နဲ့ 'စံ' ကို ရှေ့တင်တယ်။ စည်းကမ်းကောင်းရမယ်။ စံပြဖြစ်အောင် လုပ်ရမယ်ပေါ့။ အသစ်သမားတွေက 'ဖောက်ထွက်စဉ်းစား တာ' နဲ့ 'တီထွင်မှု' ကို အာရုံထားတယ်။ ဒီအတွက် တစ်ဦး ချင်း လွတ်လပ်မှုရှိတဲ့ ပညာရေးပတ်ဝန်းကျင်ကို လိုလား တယ်။ ရှိပြီးသား 'စံချိန်' ကို 'စံပြ' လိုက်နာဖို့ထက် လမ်းသစ် ဖောက်ပြီး စံချိန်ချိုးဖို့ အားသန်တယ်။ ပညာရေးတင်ပဲ လားဆိုတော့ မဟုတ်ပြန်ဘူး။ ဘာသာရေးတို့ ယဉ်ကျေးမှု တို့က အစ နောက်ဆုံး မိသားစုဘဝအထိ လှိုင်းတိုက်မှု ရေခံ မြေခံတွေ အပြည့်ရှိနေပါတယ်။

■ **ခင်ဗျားပြောသလို အန္တံ့အပြား ရှိနေပြီဆိုတော့ ဘာကို 'အဓိက အားပြိုင်မှု' Super Struggle လို့ ယူမလဲဗျာ။ အဓိက ပင်္ဒိုပက္ခပေါ့။**

□ အန္တံ့အပြားမှ တကယ့်ကို အန္တံ့အပြားပဲဗျ။ အဆင့်တိုင်းမှာ ရှိတယ်။ နယ်ပယ်တိုင်းမှာရှိတယ်။ မျက်နှာစာတိုင်းမှာ ရှိတယ်။ ကျွန်တော်တို့ အကဲဖြတ်ရမှာက ဘယ်ခြေလှမ်း ဟာ ဘယ်လှိုင်းကို ကိုယ်စားပြုသလဲဆိုတာ ဖြစ်လိမ့်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com


လှိုင်းတွေက မျက်နှာဖုံးစွပ်ပြီးလည်း လာချင်လာနိုင်တာကိုး။

နောက်တစ်ခု လှိုင်းသုံးလှိုင်း တစ်ပြိုင်နက်ရှိနေတဲ့ လူ့အဖွဲ့အစည်းဆိုပါတော့။ တစ်ချိန်တည်းမှာတင် စစ်မျက်နှာသုံးခု အပြိုင်ရှိနေမှာပဲ။ စစ်မျက်နှာတစ်ခုတည်း ဖိုးကပ်(စ) လုပ်မယ်ဆိုရင် တစ်ခုလုံး ကြွလာနိုင်တဲ့ ရုပ်ပုံကားချပ်ကို မြင်နိုင်မယ် မဟုတ်ဘူး။ ဒီတော့ စစ်မျက်နှာအားလုံးကို ထည့်သွင်း စဉ်းစားကြရမှာပဲ။ ဒါမှလည်း ခင်ဗျားပြောတဲ့ အဓိက အားပြိုင်မှုဆိုတာကို ဆုပ်မိကိုင်မိနိုင်စရာ ရှိပါလိမ့်မယ်။

www.burmeseclassic.com

# ပြောင်းလဲခြင်းရဲ့ ဇာစ်မြစ်များ

www.burmeseclassic.com

## ပြောင်းလဲခြင်းရဲ့ ဇာတ်မြစ်များ

### စီးပွားရေးအဓိက ဝါဒလော

- ခင်ဗျား စာတွေကို ဖတ်ရတဲ့သူတွေအနေနဲ့ ခင်ဗျားကို 'စီးပွားရေးနဲ့ နည်းပညာဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းပြီးဝါဒီ' Techno-Economic Determinist လို့ ထင်သွားနိုင်စရာ မရှိပေဘူးလား။ အပြောင်းအလဲတွေအကြောင်း ပြောတဲ့အခါတိုင်း ခင်ဗျားက အနည်းနဲ့အများဆိုသလို စီးပွားရေး လိုအပ်ချက်ဆိုတဲ့ အထိုင်ပေါ်က စဉ်းစားတတ်တာကိုး။ လူမျိုးရေးတို့ ယဉ်ကျေးမှုတို့ စတာတွေ ပြောတော့ ပြောပါရဲ့။ ဒါပေမဲ့ ခင်ဗျားရဲ့ စဉ်းစားချက်တိုင်းမှာ စီးပွားရေး အခြေခံဆိုတဲ့ အရောင်တွေ ထွက်နေသလားလို့။ ပြောရရင် တော့ဗျာ ခင်ဗျား အယူအဆတွေဟာ စီးပွားရေးဆိုတဲ့ မီးဖိုကြီးပေါ်မှာ သံခဲတင်ထားသလိုပဲ။ ကိုင်း ဒီကိစ္စကို ခင်ဗျား ဘယ်လိုရှင်းမလဲ။ ခင်ဗျားဟာ စီးပွားရေးအဓိက ဝါဒီလား၊ နည်းပညာ အဓိက ဝါဒီလား၊ ဘာလဲ။

www.burmeseclassic.com


□ ဘာမှ မဟုတ်ဘူးဗျ။ 'စီးပွားရေးနဲ့ နည်းပညာဆိုင်ရာ သတ်မှတ်ပြဌာန်းပြီးဝါဒီ' ဆိုတာကိုလည်း ကျွန်တော် ကျကျနန ငြင်းရလိမ့်မယ်။ စနစ်ကြီးတစ်ခုလုံးကို တစ်ခုတည်းသော အင်အားစုက မောင်းနေတယ်ဆိုတာမျိုးကို ကျွန်တော် မယုံဘူး။ နည်းပညာပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်၊ ဂေဟစနစ်ကိုပဲဖြစ်ဖြစ် တစ်ခုခုကို အဓိက အကြောင်းရင်းလို့ အသေဆုပ်လိုက်တာနဲ့ ပြောင်းလဲနေတဲ့ ဖြစ်စဉ်ကြီးနဲ့ ခင်ဗျားဝေးသွားပြီ။ 'ကွင်းဆက်တစ်ခုကို မ,လိုက်ရုံနဲ့ သံကြိုးကြီး တစ်ချောင်းလုံး ကြွလာလိမ့်မယ်' ဆိုတဲ့ လောဂျစ်ကို ကျွန်တော် ဘဝင်မကျပါဘူး။

ကျွန်တော်က ဖြစ်စဉ်အနေနဲ့ တွေးတာကိုး။ အပြန်အလှန် ဆက်စပ်မှုတွေကို ကြည့်တာကိုး။ စက်ကွင်းအနေနဲ့ မြင်တာကိုး။ ရစ်သမ်ကို လိုက်ဖမ်းချင်တာကိုး။ အားမျှခြေ မဟုတ်တဲ့ အနေအထားလို့ စဉ်းစားတာကိုး။ ဒီတော့ အဓိက အကြောင်းရင်းတို့၊ အဓိက ပဋိပက္ခတို့ ဆိုတာတွေ ကို ကျွန်တော် လက်မခံနိုင်ပါဘူး။

ဒီနေရာမှာ မာ့က်စ်ဝါဒီတွေနဲ့ ကျွန်တော် မတူတာ သေချာတယ်။ ခင်ဗျားသိပါတယ်။ မာ့က်စ်ဟာ စီးပွားရေး အခြေခံက အပေါ်ထပ်အဆောက်အအုံကို သတ်မှတ်ပြဌာန်းတယ်လို့ ဆိုတယ်လေ။ သူပြောတဲ့ အပေါ်ထပ်အဆောက်အအုံထဲမှာ နိုင်ငံရေးတို့၊ ယဉ်ကျေးမှုတို့၊ စာပေ အနုပညာတို့ အကုန် ပါတာပေ့ါ။ ဒါတွေအားလုံးဟာ လူတန်းစား အခြေအနေရဲ့ ထင်ဟပ်ချက်လို့လည်း ဆိုလိုက်

www.burmeseclassic.com



BURMESE CLASSIC .com

သေးတယ်။ ဒီလူတန်းစားဆိုတာကို သတ်မှတ်ပြဌာန်းထားတာက စီးပွားရေးနဲ့ နည်းပညာလေဗျာ။ ဒီတော့ ခင်ဗျားပြောတဲ့ 'စီးပွားရေးနဲ့ နည်းပညာဆိုင်ရာ သတ်မှတ်ပြဌာန်းပြီး ဝါဒီ' ဆိုတာ 'မာ့က်စ်' လို့ ပြောရလိမ့်မယ်ဗျ။ ကျွန်တော်မဟုတ်ဘူး။

တကယ်တော့ 'ကားလ်မာ့က်စ်' ဖြတ်ခဲ့တဲ့ခေတ်ဟာ နယူတန်ခေတ်ပါ။ အိုင်းစတိုင်းခေတ် မဟုတ်ပါဘူး။ မာ့က်စ်ရဲ့ စဉ်းစားချက်တွေဟာ သူ့ခေတ်ရဲ့ သိပ္ပံပညာ ဘောင်ထဲမှာပဲ ရှိနေတာ သဘာဝကျပါတယ်။ အဲဒီခေတ်ရဲ့ အနုစကြဝဠာမှာ အခြေခံယူနစ်က 'အက်တမ်' မဟုတ်လား။ 'အက်တမ်' ဆိုတာ ခွဲလို့ စိတ်လို့ မရတော့ဘူးလို့ ယူဆခဲ့ကြတာလေဗျာ။ ဒီတော့လည်း လူမှုသိပ္ပံမှာ တစ်ခုတည်းသော ယူနစ်ကို ရှာလိုက်တော့ စီးပွားရေးဖြစ်တာပေါ့ဗျာ။ အချိန်တစ်ချိန်မှာ စီးပွားရေးဟာ အဓိက ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ နောက်တစ်ချိန်မှာတော့ နိုင်ငံရေး၊ ဒါမှမဟုတ် ယဉ်ကျေးမှု၊ ဒါမှမဟုတ် နည်းပညာ တစ်ခုခုပေါ့ဗျာ။ သူက အဓိက ဖြစ်ချင်လည်း ဖြစ်လာနိုင်တယ်။ ကျွန်တော်တို့ ဖြတ်နေရတာက အပြောင်းအလဲတွေ သိပ်မြန်၊ သိပ်များတဲ့ ခေတ်ကြီးလေဗျာ။ ဒီခေတ်မှာ ဒါက အဓိကပဲဆိုပြီး ဘောင်ခတ် လေ့လာနေလို့ မဖြစ်တော့ဘူးဗျ။ ဖောက်ထွက်စဉ်းစားနိုင်မှ တန်ကာကျပါလိမ့်မယ်။

ဥပမာ လူ့အဖွဲ့အစည်းတစ်ခုက နည်းပညာတစ်ခုကို အရေးကြီးဆုံးလို့ ရွေးချယ်လိုက်တယ် ဆိုပါစို့ဗျာ။ ဒါဟာ

BURMESE CLASSIC .com

www.burmeseclassic.com



စီးပွားရေး မျက်နှာစာတစ်ခုတည်း ကွက်စဉ်းစားလို့ ဟုတ်ချင်မှ ဟုတ်မယ်။ အဲဒီ လူ့အဖွဲ့အစည်းရဲ့ သယံဇာတ အခြေအနေနဲ့ ဆိုင်ချင်လည်း ဆိုင်မယ်။ ပညာရေး ရေချိန်၊ ယဉ်ကျေးမှု အဆင့်တို့နဲ့ ပတ်သက်ချင်လည်း ပတ်သက်မယ်။ ဘာသာရေးဆိုင်ရာ တားမြစ်ချက်တွေနဲ့လည်း ညှိရတာမျိုး ဖြစ်နိုင်သေးတယ်။ ဒီအနေအထားမျိုးမှာ 'အဓိက,က ဒါပဲကွ' ဆိုပြီး သိပ်သေချာနေလို့ကတော့ ဟန်ကျမယ် မထင်ဘူး။

## အပြန်အလှန်

■ **သိပ် ကွန်ဆာဗေးတစ် မဆန်တဲ့ မာ့က်စ်ဝါဒီတွေကတော့ အပေါ်ထပ် အဆောက်အအုံကလည်း စီးပွားရေး အခြေခံအပေါ် ပြန်ပြီး ဩဇာသက်ရောက်နိုင်တယ်ဆိုတာ အသိအမှတ် ပြုကြပါတယ်။ ခင်ဗျားရဲ့ တတိယလှိုင်းမှာ မိသားစုတန်ဖိုးတွေ အပြောင်းအလဲကြောင့် ထုတ်လုပ်ရေးစနစ်တွေ ပြောင်းလာရတာကို ပြောခဲ့တယ်မဟုတ်လား။ ဒါပေမဲ့ စီးပွားရေး ဆက်ဆံမှုတွေက မိသားစုတန်ဖိုးအပေါ် သက်ရောက်မှုကိုတော့ ခင်ဗျား မပြောခဲ့ဘူး။ ခုလို ပြောင်းပြန်ယူလို့ ရနိုင်တဲ့ အပြန်အလှန် ဆက်ဆံမှုမျိုးကို ခင်ဗျား လက်မခံဘူးလို့ ပြောနိုင်မလား။**

□ မပြောနိုင်ပါဘူး။ အားလုံးဟာ အပြန်အလှန် အမှီသဟဲ ပြုနေကြတာပါ။ ဒါပေမဲ့ 'စပီ' ချင်း မတူနိုင်ဘူးဗျ။ တချို့က မြန်မယ်။ တချို့က နှေးမယ်။ ဥပမာ စီးပွားရေး

www.burmeseclassic.com



အပြောင်းအလဲကြောင့် မိသားစုတန်ဖိုးတွေ တစ်မျိုးတစ်မည် ဖြစ်မယ်ဆိုပါတော့။ ဒါကို ခင်ဗျား ချက်ချင်း သိမှာမဟုတ်ဘူး။ နောင် အနှစ် နှစ်ဆယ် အစိတ်ကြာမှ သိသာထင်ရှားလာတာမျိုး ဖြစ်ချင်ဖြစ်မယ်။ ဒီလိုပါပဲ၊ ကလေးတွေရဲ့ ပညာရေးဟာ လူ့အဖွဲ့အစည်းအပေါ် ဩဇာ သက်ရောက်နိုင်ပါတယ်။ ဒါပေမဲ့ ချက်ချင်းတော့ ဟုတ်ချင်မှ ဟုတ်မယ်။

ခင်ဗျားပြောတဲ့ စီးပွားရေးနဲ့ မိသားစုတန်ဖိုးတွေ အဆက်အစပ်ပဲ ကြည့်ကြရအောင်။ စီးပွားရေး မျက်နှာစာက အပြောင်းအလဲတွေဟာ တခြားမျက်နှာစာတွေဆီကို ခုတ်လိုက်သလို ကူးသွားမယ်။ ဒီလိုနဲ့ တစ်ချိန်မှာ မိသားစုတန်ဖိုးတွေလည်း ဒယိမ်းဒယိုင် ဖြစ်လာမယ်။ တစ်ခါ မတူတဲ့ မိသားစုတန်ဖိုးတွေက စီးပွားရေးကို ပြန်သက်ရောက်လိမ့်ဦးမယ်။ ဒီဖြစ်စဉ်ကြီးကို ကြည့်ပြီး၊ စီးပွားရေးအဓိက၊ စီးပွားရေးက အခြေခံ’ လို့ ကောက်ချက်ဆွဲနိုင်မယ် ဆိုရင်တော့ ကျွန်တော် သဘောမတူဘူး။ ကျွန်တော့်အမြင်အရ စီးပွားရေးသည်ပင် အမှီခိုကင်းကင်း ပြောင်းလဲနိုင်တဲ့ ‘လွတ်ကိန်းရှင်’ Independent Variable မဟုတ်ဘူးဗျ။ တခြားအခြင်းအရာတွေနဲ့ ဆက်စပ်ပြောင်းလဲနေတဲ့ ‘မှီကိန်းရှင်’ Dependent Variable လို့ မြင်တယ်။

ခင်ဗျားပြောတဲ့ သိပ်အစွဲမကြီးတဲ့ မာ့က်စ်ဝါဒီ ဆိုသူတွေနဲ့လည်း မတူပါဘူး။ သူတို့တစ်တွေဟာ အပြန်အလှန် သက်ရောက်နိုင်စွမ်းကို အသိအမှတ် ပြုကြပေမယ့် အရင်း

www.burmeseclassic.com


ခံကတော့ မာ့က်စ်ဝါဒ စဉ်းစားပုံထဲမှာပဲ ရှိပါတယ်။ အရာအားလုံးကို 'လူတန်းစား ပြဿနာ' ဆိုတဲ့ စီးပွားရေး အခြေခံပေါ်က ကြည့်တာပါပဲ။ ဒီစဉ်းစားပုံတွေနဲ့ လမ်းခွဲချင်လို့ကို စီးပွားရေး မဟုတ်တဲ့ ဖက်တာတွေရဲ့ သြဇာကို ကျွန်တော် ကြိုးစား ဖော်ထုတ်နေတာပါ။

'အနာဂတ်သွေးလန့်မှု' Future Shock မှာဆိုရင် လူမှုရေးနဲ့ ယဉ်ကျေးမှု အပြောင်းအလဲတွေအကြောင်း ကျွန်တော် ဦးစားပေး ပြောပါတယ်။ လူမှုရေးနဲ့ ယဉ်ကျေးမှုပိုင်းမှာ အသွင်ကွဲ၊ အဆင်ကွဲ ဖြစ်လာခြင်းဟာ ဈေးကွက်ကို ပြန်လည် ဖွဲ့စည်းလာစေတယ်လို့ ထောက်ပြခဲ့တယ်။ ခုခေတ်မှာ လူကြိုက်မများတော့တဲ့ စီမံကိန်း စီးပွားရေးစနစ်ဆိုတာ 'စီးပွားရေး ဗဟိုပြုဝါဒ' Econo-Centrism က လာတာဗျ။ လူ့အကြိုက်၊ လူ့စရိုက်နဲ့ လူ့သဘာဝတွေကို အရေးမကြီးဘူးဆိုပြီး သူက ဘေးချိတ်ထားတယ်။ ဒီတော့ ထပ်ငြင်းဦးမယ်ဗျာ။ ကျွန်တော်ဟာ 'စီးပွားရေး ဗဟိုပြုဝါဒီ' မဟုတ်ဘူး။

■ **နေဦးဗျ။ တစ်ခု မေးဦးမယ်။ ဒုတိယလှိုင်းရဲ့ မိသားစုပုံသဏ္ဌာန်တွေကို မတို့မထိ၊ မပြောင်းလဲစေဘဲနဲ့ တတိယလှိုင်းကို ဦးတည်သွားနိုင်ပါ့မလား။**

□ ကျွန်တော်တော့ မထင်ဘူး။

■ **ဒါဖြင့် အခြေခံအရကို မဖြစ်နိုင်ဘူးပေါ့ ဟုတ်လား။**

□ 'မဖြစ်နိုင်' ဆိုတဲ့ စကားကို ကျွန်တော် မသုံးနိုင်ပါဘူး။ ယေဘုယျသဘောပဲ ကျွန်တော် ပြောနိုင်မယ်။ စနစ်တစ်ခုရဲ့

www.burmeseclassic.com


စက်ဝန်းတစ်ခုမှာ အပြောင်းအလဲတစ်ခု ဖြစ်လာရင် ကျန်တဲ့ စက်ဝန်း အသီးသီးကို မတူတဲ့ တုံ့ပြန်မှုတွေနဲ့ ကူးစက်သွားနိုင်တယ်။ ဒါဟာ ကျွန်တော့်ရဲ့ မှန်းဆချက်ပဲ။ အတိအကျ ဘာဖြစ်မယ်၊ ညာဖြစ်မယ်၊ ကျွန်တော် မပြောနိုင်ပါဘူး။

■ **အပြန်အလှန် တုံ့ပြန် ပြောင်းလဲနေတယ်ဆိုတာကိုတော့ ခင်ဗျား လက်ခံတယ်ပေါ့။**

□ ဟုတ်တယ်။ 'အပြန်အလှန်' ဆိုတဲ့ စကားလုံးဟာ ကွက်တိပဲ။ ဒီကနေ့ တတိယလှိုင်းထဲကို ဝင်လာနေတဲ့ နည်းပညာအဆင့်မြင့် တိုင်းပြည်တွေကို ကြည့်လိုက်။ မိသားစုဖွဲ့စည်းပုံတွေမှာ အကြီးအကျယ် ပြောင်းလဲနေပြီဆိုတာ တွေ့ပါလိမ့်မယ်။ ဒီအပြောင်းအလဲတွေဟာ စီးပွားရေး အပြောင်းအလဲတွေကိုလည်း အပြန်အလှန် တွန်းအားပေးနေပါတယ်။ မြင်သာထင်သာတဲ့ ဥပမာတစ်ခုကိုပဲ ပြောကြရအောင်ဗျာ။ ဒီနေ့ခေတ်မှာ အိမ်ထောင် မပြုကြတဲ့ လူပျိုကြီး၊ အပျိုကြီးတွေ များလာတာ ခင်ဗျား သတိပြုမိမှာပေါ့။ ဒီအချက်ကြောင့် အိမ်ခြံမြေဈေးကွက်မှာ အပြောင်းအလဲတွေ ရှိလာတယ်ဗျ။ ဆင်ခြေဖုံးက အိမ်ခြံမြေတွေ အဝယ်လိုက်လာတယ်။ ကျောင်းထားရမယ့် ကလေးတွေ မရှိတော့၊ မြို့လယ်ကောင်နဲ့ ဘယ်လောက်ဝေးဝေး ပြဿနာ မရှိဘူးပေါ့။ ပြီးတော့ တိုက်ခန်းကျဉ်းကျဉ်းလေးတွေ အလုပ်ဖြစ်လာတယ်။ ပြောရမယ်ဆိုရင်တော့ ဒီလို ဥပမာတွေ အများကြီးပေါ့ဗျာ။ ခုချိန်မှာ ခြေရာကောက်လို့ မရသေးတဲ့ တခြား အပြောင်းအလဲတွေလည်း ရှိနိုင်သေးတယ်။

www.burmeseclassic.com


ကျွန်တော်တို့ နိစ္စဓူဝ တွေ့နေရတဲ့ ဖြစ်ရပ်တွေကို လည်း ကြည့်လိုက်ဦး။ ကွာရှင်းပြတ်စဲမှုတွေ များလာတာ၊ အိမ်ထောင်ဆက်တွေ များလာတာ၊ ဒေသတစ်ခုနဲ့တစ်ခု ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင် လုပ်ကိုင်ကြတာတွေ မတွေ့ချင် မမြင်ချင်အဆုံး မဟုတ်လား။ သာမန် ကြည့်လိုက်ရင်တော့ သာမန်ပေါ့ဗျာ။ ဒါပေမဲ့ နည်းနည်းလေး အတွင်းနှိုက်ကြည့်လိုက်ပါ။ ဒီဖြစ်ရပ်တွေကြောင့် 'ငွေကြေးလည်ပတ်မှု အရှိန်' Velocity of Money မြန်လာတာကို တွေ့ပါလိမ့်မယ်။ ဒီတော့ ဒါတွေဟာ ငွေကြေးဖောင်းပွမှုရဲ့ သတိမပြုမိလိုက်ကြတဲ့ အကြောင်းတရားတွေ ဖြစ်နိုင်တာပေါ့။ တစ်ခုတော့ ရှိတာပေါ့ဗျာ။ ဒုတိယလှိုင်းခေတ်ရဲ့ သီအိုရီတွေနဲ့ စဉ်းစားနည်းတွေမှာသာ အကျင့်ပါနေတဲ့ သမားရိုးကျ ဘောဂဗေဒသမားတွေ အတွက်တော့ ဒါတွေကို ထည့်စဉ်းစားကြမှာ မဟုတ်ပါဘူး။ စာအုပ်ထဲမှာ ပါတာ မဟုတ်ဘဲလေ။ ဒီတော့လည်း သူတို့ရဲ့ မှန်းဆချက်တွေ လွဲကုန်တာ 'နည်းတောင် နည်းသေးတယ်' လို့ ပြောရတော့မှာပေါ့။

## မျက်နှာစာပေါင်းစုံ

■ **အပြောင်းအလဲရဲ့ အဓိက တွန်းအားဟာ နည်းပညာလည်း မဟုတ်ဘူး၊ စီးပွားရေးလည်း မဟုတ်ဘူးဆိုတော့ နိုင်ငံရေးကိုရော ခင်ဗျား ဘယ်လို သဘောထားမလဲ။**

□ သူလည်း စက်ဝန်းတစ်ခုပေါ့ဗျာ။ မျက်နှာစာ တစ်ခုပေါ့။ နိုင်ငံရေးရယ်မှ မဟုတ်ပါဘူး။ တစ်ခုခုကို အဓိကလို့

www.burmeseclassic.com

BURMESE CLASSIC .com

ယူကြတာကိုက လွဲနေတာပါ။ တစ်ခုက အဓိကဆိုတော့ ကျန်တာတွေအားလုံးဟာ အလိုလို သာမည ဖြစ်သွားတော့တာပေါ့။ ဒီတော့ တစ်ခုလုံး မြင်ကွင်းကို ဘယ်တွေ့နိုင်တော့မလဲ။ ကိုယ် အဓိကလို့ ထင်တာကိုပဲ ဘောင်ခတ် လေ့လာသလို ဖြစ်နေမှာပေါ့။

ခင်ဗျား နားယဉ်ပြီးသား စကားတစ်ခု ရှိပါရောလား။ 'သံကြိုးကွင်းဆက်ရဲ့ အားအနည်းဆုံးနေရာ' ဆိုတာလေ။ 'လီနင်' ရဲ့ စကားမဟုတ်လား။ ပြဿနာကို ချဉ်းကပ်ကြည့်ရာမှာ သိပ်များ လွယ်လွန်းနေသလားလို့။ လွယ်တာတော့ ကောင်းပါရဲ့။ တမင် လွယ်အောင် လုပ်ရင်တော့ မနိပ်လှဘူး ထင်တယ်နော်။

■ **ဒါဖြင့် လူမှုတော်လှန်ရေး ဆိုတာကို ခင်ဗျား ဘယ်လို မြင်လဲ။**

□ လူတန်းစားတစ်ခုကို တခြားတစ်ခုနဲ့ အစားထိုးတာ၊ နိုင်ငံတော် ယန္တရားကို သိမ်းပိုက်တာ၊ ဆောင်းရာသီနန်းတော်ဆီ ချီတက်တာ၊ ဒါတွေကို လူမှုတော်လှန်ရေးဆိုရင်တော့ တိမ်လွန်းမယ် ထင်တာပဲ။ တကယ့် လူမှုတော်လှန်ရေး အစစ်က ဒီထက် ကျယ်ပြန့်တယ်ဗျ။ ဒီထက်လည်း ပိုနက်ရှိုင်းတယ်။ ယဉ်ကျေးမှုကြီး တစ်ခုလုံးကို ပြောင်းပစ်ရမှာ။ ဒီလောက် ကျယ်ပြန့် နက်ရှိုင်းလှတဲ့ ကိစ္စကြီးအတွက် စီးပွားရေး၊ ဒါမှမဟုတ် နိုင်ငံရေးဆိုတဲ့ 'ဖက်တာ' တစ်ခုခုကို အသေဆုပ်ထားရင် ဘောင်ခတ်လုပ်တဲ့၊ ဒါမှမဟုတ် အုံကျင်းဖွဲ့လုပ်တဲ့ အရေးအခင်းမျှသာ ဖြစ်ပါလိမ့်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com



တကယ်တော့ လူမှုတော်လှန်ရေးဆိုတာ နိုင်ငံရေးသမားတွေ၊ ပရော်ဖက်ရှင်နယ် တော်လှန်ရေးသမားတွေရဲ့ အရေးအခင်းမျှသာ မဟုတ်ပါဘူး။ နယ်ပယ်မျိုးစုံက လူမျိုးစုံနဲ့ သက်ဆိုင်တဲ့ အရေးတော်ကြီးပါ။ သိပ္ပံပညာရှင်တွေ၊ စီးပွားရေးသမားတွေ၊ ဒဿနဆရာတွေ၊ ကျောင်းဆရာတွေ၊ သူနာပြုတွေ၊ ဆော့ဝဲဒီဇိုင်နာတွေ အားလုံးနဲ့ သက်ဆိုင်ပါတယ်။ ကိုယ့်ကဏ္ဍနဲ့ကိုယ် ပါဝင်လှုပ်ရှားခွင့် ရှိသင့်တဲ့ ကိစ္စကြီးပါ။ တပ်ဦးတစ်ခုခုရဲ့ ဦးဆောင်မှုနောက် ဦးလည်မသုန် ချီတက်ခိုင်းတဲ့ လှုပ်ရှားမှုမျိုး မဖြစ်သင့်ပါဘူး။ သမိုင်းကို လူထုက ဖန်တီးတယ်ဆိုရင် လူထုအတွက် နေရာတော့ ရှိသင့်တာပေါ့။ မဟုတ်ဘူးလား။

www.burmeseclassic.com

# လူ့အခွင့်အလမ်းနဲ့ သမိုင်းလမ်းကြောင်း

www.burmeseclassic.com

# လူ့အခွင့်အလမ်းနဲ့  သမိုင်းလမ်းကြောင်း

## အပြောင်းအလဲနဲ့ အခွင့်အလမ်း

■ **အနာဂတ်ဟာ တစ်ခုတည်း ဖြစ်ကောင်းမှ ဖြစ်မယ်လို့ ခင်ဗျားပြောတယ်နော်။ ဖြစ်နိုင်စရာရှိတဲ့ အနာဂတ်တွေထဲက ရွေးကြရမှာပဲလို့ ဆိုတယ် မဟုတ်လား။**

□ ဟုတ်ပါတယ်။ အနာဂတ်ဆိုတာကို သတ်မှတ် ပြဋ္ဌာန်းထားလို့မှ မရနိုင်တာ။ ဒီနေရာမှာ ကျွန်တော်တို့ မဆွေးနွေးရသေးတဲ့ အကွက်တစ်ကွက်ကို ပြောဖို့ လိုမယ်ထင်တယ်။ 'အခွင့်အလမ်း' ဆိုတဲ့ ကိစ္စပါ။ ကျွန်တော့်အမြင် ပြောရရင် လူမှု အပြောင်းအလဲတွေမှာ 'အခွင့်အလမ်း' ဟာ ထူးခြားတဲ့ အခန်းကဏ္ဍက ပါဝင်နေမယ် ထင်တယ်ဗျ။ ဒီအတွက် သာဓကတင်စရာတွေ ကျွန်တော့်မှာ အများကြီး ရှိတယ်။ နည်းနည်းတော့ သဘင်ဆန်သပေါ့ဗျာ။

၁၉၈၁ ခုနှစ် နွေဦးပေါက်ရာသီရဲ့ နေ့တစ်နေ့ဆိုပါတော့။ 'ဟောက်စတန်ပို့(စ်)' သတင်းစာကြီးရဲ့ အယ်ဒီတာ

www.burmeseclassic.com


ရုံးခန်းမှာ ကျွန်တော်ရောက်နေတယ်။ သတင်းထောက် အမျိုးသမီးတစ်ယောက်က ကျွန်တော့်ကို 'ဗျူး' နေတာပေါ့။ သူက ခုလို မေးတယ်ဗျ။ 'တတိယ လှိုင်း'ဟာ မလွဲမသွေ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ 'မုချ' လားတဲ့။ ကျွန်တော့်မှာ အဖြေက အဆင်သင့်ပါ။ ချက်ချင်း ဖြေလိုက်ပါတယ်။ 'မဟုတ်ဘူးဗျ။ သမိုင်းရဲ့ မလွဲမသွေတရား ဆိုတာကို ကျွန်တော်မယုံဘူး။ ဒါတင်မကဘူး။ လူ့အရေးအရာမှာ 'အခွင့်အလမ်း'ရဲ့ အခန်းကဏ္ဍဟာ သိပ်အရေးကြီးတယ်လို့ လည်း ကျွန်တော်ယုံတယ်။ ခု ကျွန်တော်တို့ စကားပြော နေတုန်းမှာပဲ 'ဂွါတီမာလာ' က ဆယ်ကျော်သက် လူငယ် တွေဟာ လုံခြုံရေးတစ်ယောက်ကို ခဲနဲ့ ထုချင် ထုလိုက်လိမ့် မယ်။ ဒီလိုနဲ့ တတိယ ကမ္ဘာစစ်ကြီးကို တွန်းပို့လိုက်သလို ဖြစ်ချင်လည်း ဖြစ်သွားနိုင်တယ်။'

ကျွန်တော့်စကား မဆုံးသေးခင်မှာပဲ သေနတ်သံတွေ ကြားလိုက်ရတယ်။ ချက်ချင်းပဲ သုံးယောက်စလုံး မော်နီ တာတီဗွီကို ပြေးဖွင့်လိုက်ကြတယ်။ အော်သံဟစ်သံတွေ ကြားလိုက်ရတယ်ဗျ။ 'သမ္မတကြီး သေနတ်ပစ်ခံရလို့တဲ့'။ အခန်းထဲမှာ ရှိတဲ့လူတွေအားလုံး တီဗွီရှေ့ ရောက်လာ ကြတယ်။ အဲဒီနေ့က သတင်းကြော်ငြာတဲ့သူဟာ 'ဟိတ်' ပါ။ သူသတင်း ကြေငြာနေတုန်းမှာပဲ ကင်မရာမီးတွေ တဖျတ် ဖျတ်လင်းလာတယ်။ လူတွေအားလုံး ကြက်သေ သေသွား ကြတယ်။ တိုက်ဆိုင်လိုက်တာ။ အခွင့်အလမ်းနဲ့ သမိုင်း ဆိုင်ရာ ပိုင်းဖြတ်မှု ဝါဒရဲ့ အဆက်အစပ်ကို ပြောဖို့

www.burmeseclassic.com


ကျွန်တော်က စဉ်းစားနေတာ။ ဒါဟာ အခွင့်အလမ်းပဲ၊ ကြုံကြိုက်တိုက်ဆိုင်မှုပေါ့ဗျာ။ ကံကြမ္မာလို့လည်း ဆိုချင်ဆိုနိုင်ပါလိမ့်မယ်။

ဒီတော့ ကျွန်တော် ပြောချင်တာက တစ်ခုတည်းသော အနာဂတ်ဆိုတာကို ကြိုတင် သတ်မှတ်ပြဋ္ဌာန်းထားဖို့ လိုမယ် မထင်ပါဘူးဗျာ။ တတိယလှိုင်းဟာ မုချဖြစ်ကို ဖြစ်ရမယ်လို့လည်း ကျွန်တော် မပြောနိုင်ပါဘူး။ ဒီ နေရာမှာ 'ပရီဂိုဂျင်း' Prigogine ရဲ့ အယူအဆကို ကျွန်တော် သဘောတူတယ်။ ကျွန်တော် နားလည်သလို ပြောရရင် 'ပရီဂိုဂျင်း' ရဲ့ အမြင်က အခွင့်အလမ်းရော သတ်မှတ်ပြဋ္ဌာန်းမှုကိုပါ နှစ်ခုလုံး ထည့်စဉ်းစားတဲ့ သဘော ရှိတယ်ဗျ။ တကယ်တော့ ဒါဟာလည်း အသစ်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီနှစ်ခုရဲ့ အဆက်အစပ်ကို သူတင်ပြပုံကတော့ အတော် သဘာဝကျတယ် ထင်တာပဲ။

အတက်အကျတွေ၊ ဖိအားတွေကြောင့် အဆောက်အအုံဟောင်းတစ်ခုဟာ တော်လှန် ပြောင်းလဲရမယ့် ပွိုင့်ကို ရောက်လာတယ် ဆိုပါတော့။ ဒါက သူ့အကြောင်းနဲ့သူ သတ်မှတ် ပြီးသားပါ။ အဲဒီအချိန်မျိုးမှာ 'အခွင့်အလမ်း' က စကားပြောလာတယ်။ ဖြစ်လာတဲ့ အခွင့် အလမ်းပေါ် မူတည်ပြီး စနစ်ကြီးတစ်ခုလုံးဟာ ဦးတည်ရာ အမျိုးမျိုးကို ရောက်သွားနိုင်ပါတယ်။ 'ပြောင်းလဲခြင်း' ဟာ မုချတရား ဖြစ်ပေမယ့် အကျိုးဆက်ကတော့ အမျိုးမျိုး ဖြစ်နိုင်တယ်လေ။ ဒီအတိုင်း ဖြစ်ကို ဖြစ်ရမယ်လို့ မပြောရဲပါဘူးဗျာ။

www.burmeseclassic.com


## သမိုင်းထဲက လူ

- **လူပုဂ္ဂိုလ်ရဲ့ ဩဇာနဲ့ ပတ်သက်ပြီး ပြောကြရအောင်ဗျာ။ သမိုင်းမှာ လူပုဂ္ဂိုလ်ရဲ့ အခန်းကဏ္ဍ ရှိနိုင်သလား။**

□ ရှိတယ်ဗျ။ ခင်ဗျားမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဦးတည်ချက်တွေ ရှိမယ်ဆိုပါတော့ဗျာ။ ဒါနဲ့တင်တော့ မလုံလောက် သေးဘူး။ လူပုဂ္ဂိုလ်ရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး နေရာ ပေး စဉ်းစားရလိမ့်မယ်။ အနိမ့်ဆုံးအနေနဲ့ ပြောရရင်ဗျာ ကျွန်တော်တို့ရဲ့ အပြုအမူတွေဟာ တွန်းအားတွေ ဖြစ်ချင် လည်းဖြစ်တယ်။ အဟန့်အတားတွေ ဖြစ်ချင်လည်း ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် အနည်းနဲ့အများဆိုသလို သက်ရောက်မှု တော့ ရှိနေမှာပဲ။ သတ်မှတ် ပြဋ္ဌာန်းထားတဲ့အတိုင်း ဖြစ် မဖြစ်ဆိုတာ အခွင့်အလမ်းနဲ့ ဆိုင်သလို လူပုဂ္ဂိုလ်နဲ့လည်း ပတ်သက်ပါတယ်။ အနာဂတ်ကို ပြန်ရေးရတာမျိုးတွေ ဖြစ်နိုင်တာပဲဗျာ။

- **လွန်ခဲ့တဲ့ ၂၅ နှစ်လောက်က ကျူးဘားမှာ အနာဂတ္တိ ဆရာတစ်ယောက် ရှိခဲ့တယ်လို့ စဉ်းစားကြည့်ကြရအောင်။ အဲဒီခေတ်ရဲ့ အရပ်ရပ်အခြေအနေကို ကြည့်ပြီး၊ ကျူးဘားဟာလည်း ဂွါတီမာလာလို၊ ဒါမှမဟုတ် ဒီနေ့ တခြား လက်တင်အမေရိကနိုင်ငံတွေလို ဖြစ်မှာပါပဲ။ ဘာမှထူးမှာ မဟုတ်ပါဘူးလို့ ခန့်မှန်းချင် ခန့်မှန်းလိမ့်မယ်။ ဒါမှမဟုတ် အဓိကကျတဲ့ အပြောင်းအလဲကြီးတစ်ခု၊ တော်လှန်ရေးတစ်ခု ပေါ်ထွက်လာလိမ့်မယ်လို့လည်း နိမိတ်ဖတ်ချင်ဖတ်မယ်။ ဒီအနာဂတ်မြင်ကွင်းနှစ်ခုဟာ ဘာ့ကြောင့် မတူတာလဲဗျ။**

www.burmeseclassic.com



**ကျွန်တော့်အမြင်တော့ အဖြေဟာ ကျူးဘားတော်လှန်ရေးနဲ့ ကပ်စထရိုပေါ် မူတည်နေလိမ့်မယ် ထင်တာပဲ။ ဘယ့်နှယ့်လဲ။**

□ အမျိုးမျိုး အဓိပ္ပာယ်ဖွင့်နိုင်တာပေါ့ဗျာ။ 'သမိုင်းဆိုင်ရာ အင်အားစုတွေ' Forces of History ဆိုတာ ရှိပါရောလား။ ကျွန်တော့် စကားနဲ့ဆိုရင်တော့ အပြောင်းအလဲ လှိုင်းလုံးတွေပေါ့လေ။ ဒီအင်အားစုတွေရဲ့ နောက်မှာ လူပုဂ္ဂိုလ်တွေ ရပ်နေတတ်တယ်ဗျ။ စစ်ပွဲတွေ၊ တိုးတက်မှုတွေ၊ အောင်မြင်မှုတွေ၊ ပူဆွေးသောကတွေ၊ သမိုင်းရဲ့ အပြောင်းအလဲတွေ အားလုံးဟာ လူပုဂ္ဂိုလ်တွေနဲ့ မကင်းနိုင်ပါဘူး။ တကယ်တော့ ရွေးချယ်ရတာ၊ ဆုံးဖြတ်ရတာတွေဟာ လူက လုပ်ရတာပါ။ လူလို့ ကျွန်တော် ပြောတဲ့ထဲမှာ သာမန်အရပ်သားတွေလည်း ပါတယ်။

ကိုင်း 'ကပ်စထရို' ကိုပဲ ကြည့်ကြစို့။ ဒီနေရာမှာ ကပ်စထရိုဆိုတဲ့ လူတစ်ယောက်ကို ပုဂ္ဂလဓိဋ္ဌာန်သဘော ပြောချင်တာ မဟုတ်ဘူးနော်။ တော်လှန်ရေးခေါင်းဆောင်တွေရဲ့ သင်္ကေတသဘော ပြောတာပါ။ ကျူးဘားရဲ့ အပြောင်းအလဲမှာ ကပ်စထရိုရဲ့ အခန်းကဏ္ဍကို ပုံစံအမျိုးမျိုးနဲ့ ချဉ်းကပ်လို့ ရတယ်ဗျ။

ပထမဆုံး 'အခွင့်အလမ်း' တစ်ခုအနေနဲ့ မြင်မယ်။ ကြုံကြိုက် တိုက်ဆိုင်မှု ဆိုပါတော့ဗျာ။ ဘာတစ္စတာ အုပ်စိုးမှုဟာ အဆုံးစွန်ရောက်နေချိန်၊ လူထုရဲ့ ဒေါသဟာ ပေါက်ကွဲလုလုအချိန် ဒီအချိန်မှာပဲ ထက်မြက်တဲ့၊ တက်ကြွတဲ့၊

www.burmeseclassic.com


ထူးခြားတဲ့ အရည်အသွေးတွေ ရှိတဲ့ ကပ်စထရိုဆိုတဲ့ လူပုဂ္ဂိုလ်တစ်ယောက် ကျူးဘားမှာ ရှိနေတယ်။ ဒါဟာ 'ချိန်ခါသင့်' လို့ ဆိုရမှာပေါ့။ ဒီအရည်အချင်းတွေနဲ့ ဒီကပ်စထရိုပဲ နောင်ဆယ်နှစ်ကြာမှ လူလာဖြစ်ရင် ဘာဖြစ်မလဲ။ တကယ်တော့ ဘာတစ္စတာနဲ့ ကပ်စထရိုဆိုတဲ့ လူပုဂ္ဂိုလ်နှစ်ဦးကို သမိုင်းခေတ်တစ်ခေတ်ထဲ အတူထည့်ပေးလိုက်တာဟာ 'အခွင့်အလမ်း' လို့ ဆိုရမှာပဲ ထင်တယ်။

နောက်တစ်မျိုး။ တစ်စိတ်တစ်ပိုင်း သတ်မှတ်ပြဋ္ဌာန်းချက်တစ်ခုအနေနဲ့ ကြည့်ကြဦးစို့။ ကပ်စထရိုဆိုတာ အဲဒီအချိန်က ကျူးဘားမှာ မွေးခဲ့တဲ့ ထောင်ပေါင်းများစွာသော ကလေးတွေထဲက တစ်ယောက်ပါ။ သူ့ကို ပြောက်ကျားခေါင်းဆောင်ဖြစ်အောင် ဖန်တီးလိုက်တာက အဲဒီခေတ်ရဲ့ သမိုင်းအင်အားစုတွေပဲ။ ဒီအမြင်အရ စဉ်းစားလိုက်ရင် ကပ်စထရိုဆိုတာ မရှိမဖြစ် သူရဲကောင်းမဟုတ်ပါဘူး။ သူမဟုတ်လည်း တခြားလူယောက်ျား၊ ဒါမှမဟုတ် လူမိန်းမ တစ်ယောက်ယောက်က သူ့နေရာ ဝင်ယူလာပါလိမ့်မယ်။ တကယ်တော့ ခေါင်းဆောင်ဆိုတာ သမိုင်းလိုအပ်ချက် အရ ပေါ်ပေါက်လာတာပါ။ ကပ်စထရို မဟုတ်ရင် တခြား တစ်ယောက်ယောက် ဖြစ်မှာပေါ့။

နောက်ထပ်တစ်မျိုး ထပ်စဉ်းစားနိုင်ပါသေးတယ်။ ကပ်စထရိုဆိုတဲ့ လူပုဂ္ဂိုလ်ကို ဘာမှ အရေးမပါဘူးလို့ စဉ်းစားကြည့်မယ်။ ဒီအမြင်အရ ကျူးဘားတော်လှန်ရေးဆိုတာကို ကျူးဘားလူ့အဖွဲ့အစည်းရဲ့ အင်အားစု အသီး

www.burmeseclassic.com

BURMESE CLASSIC .com

သီးက အတိအကျ သတ်မှတ်ပြဋ္ဌာန်းပြီးသားလို့ ယူဆတယ်။ ဒီအင်အားစုတွေရဲ့ အပြန်အလှန် ဆက်စပ်ပြောင်းလဲမှုကြောင့် တော်လှန်ရေး ပေါ်ထွက်လာတာပါ။ ကပ်စထရိုဆိုတဲ့လူ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျူးဘားတော်လှန်ရေးကတော့ မလွဲမသွေ ပေါ်ပေါက်လာမှာပဲ။ ဒီအမြင်အရဆိုရင် သမိုင်းဖြစ်ရပ်တွေဟာ ကြိုတင်သတ်မှတ် ပြဋ္ဌာန်းပြီးသား ဖြစ်နေပါပြီ။ လူပုဂ္ဂိုလ်ရဲ့ အခန်း ကဏ္ဍဟာ ဘာမှ အရေးမပါတော့ပါဘူး။

ပြဿနာကို ကျိုးကြောင်းဆီလျော်မှုရှိရှိ ကြည့်မယ်ဆိုရင်တော့ ခုပြောခဲ့တဲ့ အမြင်သုံးခုကို ပေါင်းစပ်ရမယ်ထင်တယ်။ ဘာတစ္စတာအစိုးရဟာ သူ့တရား သူ စီရင် တာလို့ ပြောမယ်ဆို ပြောနိုင်တာပဲ။ ကပ်စထရိုဆိုတဲ့ လူတစ်ယောက်ဟာ ဒီ သမိုင်း ခေတ်ထဲမှာ လူဖြစ်လာပြီး သူ့ခေတ်သမိုင်းက သူ့ကို တော်လှန်ရေးခေါင်းဆောင် အဖြစ် ဖန်တီးလိုက်တာလို့ ပြောရင်လည်း မှန်တာပဲ။ အဆုံးအဖြတ်အချိန်က ဘာတစ္စတာအုပ်ချုပ်ရေးရဲ့ နောက်ဆုံးထွက်သက် ဖြစ်လိမ့်မယ်။ ဒီအချိန်မှာ ခေါင်းဆောင်မှုကို ဘယ်သူက ကိုင်လိုက်နိုင်လဲ။ ဒီအချက်က ကျူးဘားတော်လှန်ရေးကို ပြဋ္ဌာန်း သတ်မှတ်သွားတာ ဖြစ်ပါလိမ့်မယ်။

ကျွန်တော် စဉ်းစားနေတာတစ်ခုတော့ ရှိတယ်ဗျ။ တစ်လျှောက်လုံး ကျွန်တော် စဉ်းစားနေမိတာပါ။ တကယ်လို့များ ဝါရှင်တန်က ခေါင်းဆောင်ကြီးတွေဟာ ကပ်စထရိုကို မကျေနိုင်မချမ်းနိုင် ရန်ငြိုးထားမနေဘဲ စီးပွားရေး

BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

အကူအညီတွေပေးခဲ့ရင် ဒီနေ့ ကျူးဘားဟာ ဘယ်လိုဖြစ်နေမလဲ။

ချုပ်လိုက်ကြစို့ဗျာ။ သမိုင်းမှာ 'အခွင့်အလမ်း'ဆိုတာ ရှိပါတယ်။ လူပုဂ္ဂိုလ်ရဲ့ အခန်းကဏ္ဍ ဆိုတာကလည်း ရှိတာပဲ။ လူရဲ့ အားထုတ်မှုဟာ ဘာထိရောက်မှုမှ မရှိဘူးဆိုဦးတော့ လူဆိုတာ ကြိုးစားတော့ နေရမှာပဲ။ ခင်ဗျားစဉ်းစားကြည့်လေ။ ကိုယ့်ရဲ့ အားထုတ် ကြိုးပမ်းမှုတွေဟာ ဘာမှ အရေးမပါဘူးလို့ ယုံကြည်နေမယ်ဆိုရင် လူတစ်ယောက်အနေနဲ့ ဘယ်လောက်ဆိုးမလဲဗျာ။ ဒီလူ ဘယ်လိုပျော်နိုင်တော့မှာလဲ။

## အမှန်လွန်ချင်ခြင်း

■ **လူတစ်ယောက် ချမ်းမြေ့ပျော်ရွှင်နိုင်ဖို့ ဆိုရင် သူ့လုပ်ရပ်တွေဟာ အရေးပါရမယ်။ အသုံးတည့်ရမယ်ဆိုတဲ့ သဘောပေ့ါ။ ဒီနေရာမှာ ကျွန်တော် သိချင်တာက ဒီ 'အရေးပါမှု' ဆိုတာဟာ အစစ်အမှန်လား၊ ကိုယ့်စိတ်က ထင်နေတာလား၊ ခင်ဗျားအတွက် လိုအပ်နေတာ ဘာလဲ။**

□ 'အရေးပါမှု' ဟာ အရေးကြီးတယ်ဗျ။ ဒါပေမယ့် ဒီစကားလုံးကို သိပ်အတိအကျကြီး အဓိပ္ပာယ် မကောက်ဖို့တော့ လိုလိမ့်မယ်။ ကျွန်တော်တို့တစ်တွေဟာ ရက်စက်မှုတွေ၊ ပူဆွေးမှုတွေ၊ ဒေါသတွေနဲ့ ပြည့်လျှမ်းနေတဲ့ ကမ္ဘာကြီးမှာ နေထိုင်ကြရတာမဟုတ်လား။ အရောင်တလက်လက် ထွက်နေတဲ့ ကတိစကားတွေလည်း ရှိသေးတယ်။ ဒီလို လောက

BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

ကြီးကို ဖြတ်သန်းရတဲ့အခါ အသက်ရှင်ရပ်တည်နိုင်ဖို့ တစ်ခုတည်းသော နည်းလမ်းဟာ ဟာသဓာတ်ခံ ရှိဖို့ပဲဗျ။ ပြီးတော့ 'အမှန်လွန် ဝါဒ' Surrealism ကို အရသာခံတတ်ဖို့လည်း လိုလိမ့်မယ်။

နောက်တစ်ချက်၊ ကျွန်တော်တို့တစ်တွေဟာ ထူးဆန်းထွေပြားလှတဲ့ ဥမ္မတက လောကကြီးရဲ့ အစိတ်အပိုင်းတွေဆိုတာလည်း မမေ့လိုက်နဲ့ဦး။ ဒီလိုဖြစ်ရတာကိုလည်း ဂုဏ်ယူနေတတ်တယ်။ အမြီးအမောက်မတည့်တာတွေကိုလည်း ပြက်လုံးတစ်ခုလို သဘောတွေ့နေတတ်တယ်။ ကိုယ့်ကိုယ်ကိုယ်ရော လောကကြီးကိုရော ရယ်ရယ်မောမော သဘောထားနိုင်တယ်ဗျ။ သိပ်တိကျနေ၊ သိပ်မှန်နေရင်လည်း ပျင်းစရာကြီးနေမှာပါ။

ကျွန်တော့်စာတွေကို ဘယ်သူမှ မဖတ်ခင်ကတည်းက ကျွန်တော် စာရေးနေတာပဲဗျ။ ကြာလှပြီ။ ကျွန်တော် စဉ်းစားတာဟာ ကျင့်ဝတ်အရရော၊ ပညာအရပါ မှန်တယ်ဆိုတာ လူတွေ သိအောင် ဆွဲဆောင်သိမ်းသွင်းချင်လို့ စာရေးတာပါ။ ပြီးတော့ စာရေးတဲ့အလုပ်က ကျွန်တော့်ကို ပြောင်းလဲစေတယ်ဗျ။ ကျွန်တော့် အတွေးတွေကို ရှင်း အောင် လုပ်ပေးတယ်။ ကျွန်တော့်ဘဝနဲ့ ကျွန်တော့် အချိန်ကို စုစည်းပေးတယ်။ ဒါ့ကြောင့် ကျွန်တော် စာရေး နေဖြစ်တာပဲ။ ဒီအလုပ်က ကျွန်တော့်ကို အနှစ်မဲ့ လူဗူး တောင်း ဖြစ်သွားစေရင်၊ စိတ်ထဲက အာသာမပြေရင်၊ ကျွန်တော် စာရေးဖြစ်မှာ မဟုတ်ပါဘူး။

BURMESE CLASSIC .com

www.burmeseclassic.com


ကျွန်တော့် ပတ်ဝန်းကျင်က ရှုပ်ယှက်ခတ်နေတဲ့၊ ဒွေးရောယှက်တင်ဖြစ်နေတဲ့၊ ကျွန်တော်ကိုယ်တိုင်လည်း အရင်က သတိမပြုလိုက်မိတဲ့ ပုံစံတချို့ကို တစ်ခါတစ်ခါမှာ ဖျတ်ခနဲ ရတတ်တယ်ဗျ။ အဲဒီအခါမျိုးမှာ ကျွန်တော် စာရေးပါတယ်။ ကျွန်တော် ရလိုက်တဲ့ 'ဉာဏ်အလင်း' ကို ကျွန်တော့် စာဖတ်ပရိသတ်ဆီ ဖြန့်ပေးချင်တာပါ။ ကျွန်တော် ဖြန့်လိုက်တဲ့ 'ဉာဏ်အလင်း' ဟာ အစစ်အမှန် ဟုတ်မဟုတ်ဆိုတာတော့ ကျွန်တော် မဆုံးဖြတ်နိုင်ပါဘူး။ ဖြန့်လိုက်ရတဲ့ ပီတိကို သုံးဆောင်လိုက်ရတာကိုက ကျေနပ်စရာ ကောင်းလှပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

# အင်ဖို ပိုလိုက်တစ်

www.burmeseclassic.com

## အင်ဖို ပိုလိုက်တစ်

### ဘာကြောင့် 'အိုင်အာ' လဲ

■ **'အင်ဖော်မေးရှင်း ရီဘော်လူးရှင်း' (အိုင် - အာ) နဲ့ ပတ်သက်လို့ ရေးကြ ပြောကြတာတွေ အတော်များပါပြီ။ ဒါပေမဲ့ အိုင်အာရဲ့ အကြောင်းရင်း ဇာစ်မြစ်တွေကို ခွဲခြမ်းစိတ်ဖြာတာမျိုးတော့ တယ်မတွေ့ရသေးပါဘူး။ နေပါဦးဗျ၊ ဒီ အိုင်အာက ဘာဖြစ်လို့ ကျွန်တော်တို့ ခေတ်မှာမှလာဖြစ်ရတာလဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာက၊ ဒါမှမဟုတ် နောင်နှစ်ပေါင်း တစ်ရာမှ ဘာ့ကြောင့် မဖြစ်တာလဲ။ လုပ်စမ်းပါဦး။ ခင်ဗျားရဲ့ ထင်မြင်ချက်ကို။**

□ လူမှုရေး ဇာစ်မြစ်ဆိုတော့ ရှုပ်ထွေးတဲ့ သဘောတော့ ရှိတာပေါ့ဗျာ။ ဒါပေမဲ့ အိုင်အာကို ဦးတည်သွားစေတဲ့ အင်အားစု တချို့ကိုတော့ အနည်းဆုံး ပြောနိုင်လိမ့်မယ် ထင်ပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ အကျယ်အပြန့် စဉ်းစားကြည့်ရအောင်လေ။

www.burmeseclassic.com


ကျွန်တော့်အမြင်ပြောရရင် အိုင်အာကို တွန်းပို့လိုက်တဲ့ အကြောင်းရင်း နှစ်ခု ရှိတယ်ဗျ။ တစ်ခုက အသွင်ကွဲ အဆင်ကွဲတွေ ထွေပြားလာတာ။ Diversity ပေါ့။ နောက်တစ်ခုက အရှိန်ရလာတဲ့ အပြောင်းအလဲ၊ Accelerated Change ဒီနှစ်ခုပေါင်းပြီး မီးထိုးပေးလိုက်တော့ အင်ဖော်မေးရှင်း ပေါက်ကွဲမှုကြီး ဖြစ်လာတာပေါ့ဗျာ။

ပြောရရင် ၁၉၅၀ အလွန်နှစ်တွေလောက်ကတည်းက အစုအဝေးသဘောဆောင်တဲ့ စက်မှု လူ့အဖွဲ့အစည်းဟာ တစ်စစ ပြိုကျနေပါပြီ။ နည်းပညာကနေ လူမျိုးရေးထိ နယ်ပယ်အားလုံးကို ကြည့်လိုက်ရင် အစုအဝေး သဘောတွေ လျော့ရဲ လာပြီ။ အသွင်ကွဲ အဆင်ကွဲ ထွေပြားမှုတွေ ရှေ့ရောက်သထက် ရောက်လာတာ တွေ့နိုင် ပါတယ်။ တတိယလှိုင်းက သမိုင်း ဇာတ်ခုံပေါ် တက်လာတော့ သူကိုယ်တိုင်ကပဲ ယဉ်ကျေးမှုသစ်တစ်ခုကို မွေးထုတ်လိုက်တယ်။ ဒီယဉ်ကျေးမှုထဲမှာ ပိုကွဲပြားခြားနားတာနဲ့အမျှ ပိုပြီး အထူးပြု သဘောဆန်တဲ့ အစိတ်အပိုင်းတွေ ပေါင်းစပ် ပါဝင်နေတယ်။

ဇီဝဖွဲ့စည်းပုံ ရိုးရှင်းတဲ့ သတ္တဝါလေး တစ်ကောင်ကို စဉ်းစားကြည့်ဗျာ။ ဥပမာ တီကောင် ဆိုပါတော့။ သူ့ရဲ့ အစိတ်အပိုင်းတွေဟာ တစ်ခုနဲ့တစ်ခု သိပ်မကွာလှဘူး။ ဒါကို ကျွန်တော်တို့လူသားတွေရဲ့ ဖွဲ့စည်းပုံနဲ့ နှိုင်းယှဉ်ကြည့်။ လူမှာ နှလုံးတွေ အဆုတ်တွေ ကျောက်ကပ်တွေ ဆိုကြပါစို့ဗျာ၊ အပြန်အလှန် ဆက်စပ်နေပေမဲ့ သူ့ဟာနဲ့သူ

www.burmeseclassic.com



BURMESE CLASSIC .com

အထူးပြုတာဝန်တွေ သီးခြားစီရှိနေတဲ့ အစိတ်အပိုင်းတွေ အများကြီး ရှိတယ်။ ဒီအစိတ်အပိုင်းတွေ တက်ညီလက်ညီ အလုပ် လုပ်နိုင်ဖို့ဆိုရင် လူခန္ဓာကိုယ်ထဲမှာ အင်ဖော် မေးရှင်းတွေ အများကြီး စီးဆင်းနေဖို့လိုတာပေါ့။ ဒီစီးဆင်းမှု ဟာ လျှပ်စစ်တွန်းအားသဏ္ဍာန် ဖြစ်ချင်ဖြစ်မယ်။ ဓာတု ပြောင်းလဲမှုသဘော ဖြစ်ကောင်းဖြစ်မယ်။ ဒါမှမဟုတ် ဟော်မုန်းတွေ စိမ့်ထွက်စေတာမျိုးလည်း ဖြစ်နိုင်တယ်။ သချာ တာက အင်ဖော်မေးရှင်းတိုင်းဟာ မက်ဆိတ်(ချ်)တစ်ခုခုကို သယ်လာတာပဲ။ ဒီလိုနဲ့ အာရုံကြောတစ်ခုရဲ့ တုံ့ပြန်မှုဟာ ကြွက်သားမျှင်တစ်ခုကို ကျုံ့လိုက်ဖို့ သတင်းပို့ချင်ပို့မယ်။ ဒါမှမဟုတ် မျက်ကြည်လွှာကို ချဲ့လိုက်လို့ ခိုင်းချင်လည်း ခိုင်း လိမ့်မယ်။ ပြောချင်တာက ရှုပ်ထွေး၊ ထွေပြားတဲ့ အစိတ် အပိုင်းတွေ ညှိနှိုင်း ဆောင်ရွက်နိုင်ဖို့ အပြိုင် လှုပ်ရှား နိုင်ဖို့ဆိုရင် အင်ဖော်မေးရှင်းတွေ အများကြီး လိုလိမ့်မယ် ဆိုတာပါ။

ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေဟာ ပိုပြီး ထွေပြားလာ တာနဲ့အမျှ ပိုပြီး အထူးပြု သဘော ဆောင်လာတာနဲ့အမျှ အင်မော်မေး ရှင်းတွေ ပိုပြီး လိုလာမှာပဲ။ ဒါကြောင့် တီကောင်မှာ အင်ဖော်မေးရှင်း သိပ် မလိုဘူး။ သူက တီကောင်ကိုး။ ဖွဲ့စည်းပုံ ရှင်းတာကိုး။ လူမှာတော့ အများကြီး လိုလိမ့်မယ်။ လူကိုး။ ဖွဲ့စည်းပုံ ရှုပ်တာကိုး။ ကိုင်း ဒီဥပမာနဲ့ လူ့အဖွဲ့အစည်းကို ကြည့်ကြရအောင်။

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့်ထင်မြင်ချက်ကို ပြောမယ်နော်။ ကျွန်တော်တို့တစ်တွေဟာ အစုလိုက် အပြုံလိုက် ထုတ်လုပ်ရေးတို့၊ အစုလိုက် အပြုံလိုက် ခွဲဝေဖြန့်ဖြူးရေးတို့၊ အစုလိုက် အပြုံလိုက် ဆက်သွယ်ရေး စနစ်တို့ဆိုတဲ့ 'ထုကြီး ထည်ကြီး သဘော' Mass ကို လွန်လာပြီလို့ ထင်တယ်ဗျာ။ အလုပ်ခွဲခြား လုပ်ကိုင်မှုဟာ ပိုအနုစိပ်လာတယ်။ ဖွဲ့စည်းပုံတွေဟာ ပိုထွေပြားလာတယ်။ ပိုသေးငယ်တာနဲ့အမျှ ပိုအရေအတွက် များပြားတဲ့ အစိတ်အပိုင်းတွေ ပွားစည်းလာတယ်။ ဒါနဲ့အမျှ ဗဟိုတစ်ခုက ဆွဲစုနိုင်တဲ့ အာနိသင်တွေကျလာပြီး ဗဟိုက ခွဲဖြာလာတဲ့သဘောတွေ ကဲလာတယ်။ ကျွန်တော်တို့ အသုံးပြုကြတဲ့ ပစ္စည်းတွေကအစ ကျွန်တော်တို့ အထွတ်အမြတ်ထားကြတဲ့ တန်ဖိုးတွေ၊ နှုန်းစံတွေဟာလည်း ပြောင်းလာတယ်။ ဘယ်လိုပြောင်းသလဲဆိုရင် တစ်သားတည်း သဘောက တကွဲတပြား သဘောဖြစ်လာတယ်။ From Homogeneous To Heterogeneous ဒြပ်ပေါင်းသဘောက ဒြပ်နှောသဘော ရောက်လာတယ်။ ဒီအခြေအနေမျိုးမှာ စနစ်ကြီး တစ်ခုလုံးကို 'အားမျှခြေ' Equilibrium မှာ ထိန်းထားနိုင်ဖို့ဆိုရင် အင်ဖော်မေးရှင်းတွေ 'အနမတဂ္ဂ' လိုမှာပဲ။

ချုပ်လိုက်ရင်တော့ဗျာ၊ တစ်သားတည်း သဘောဆောင်တဲ့ ဒုတိယလှိုင်း လူ့အဖွဲ့ အစည်းကို ကျော်ပြီး တကွဲတပြား သဘောဆောင်တဲ့ တတိယလှိုင်းကို ပြောင်းနေပြီလို့ ပြောချင်တာပါ။ ဒီအပြောင်းအလဲမှာ အဓိက လိုအပ်ချက်ဟာ အင်ဖော်မေးရှင်းလို့ ယူဆပါတယ်။

www.burmeseclassic.com

BURMESE CLASSIC .com

- **ခင်ဗျား ဆိုလိုတာက 'ခြားနားထွေပြားမှုကနေ အင်ဖော်မေးရှင်းတွေ မွေးထုတ်လိုက်တာပေါ့' ဟုတ်လား။ ဒီလိုဆိုရင် လှည်းက မြင်းရှေ့ ရောက်သလိုများ ဖြစ်နေမလားလို့။ အင်ဖော်မေးရှင်း ကိုယ်တိုင်ကကော ခြားနားထွေပြားမှု တွေကို မဖန်တီးနိုင်ပေဘူးလား။**

သိပ်ဟုတ်တာပေါ့။ ဒါကို အင်ဂျင်နီယာတွေက 'အပေါင်းလက္ခဏာဆောင်တဲ့ ပြန်ကျွေးမှု' Positive Feed-back လို့ ခေါ်မယ်ထင်ပါရဲ့။ အကြောင်းတစ်ခုကြောင့် အကျိုးဖြစ်မယ်။ ဒီအကျိုးကပဲ မူလအကြောင်းအတွက် နောက်ထပ် အကြောင်းရင်းခံ ပြန်ဖြစ်တာမျိုးပေါ့။ 'လုပ် - ပြန် - ပြောင်း' ပေါ့ဗျာ။ ဥပမာ တယ်လီဗွီးရှင်း ဆိုပါတော့။ သူကနေ လူ့အဖွဲ့အစည်းထဲကို အမျိုးမျိုး အထွေထွေသော သင်္ကေတတွေ၊ မက်ဆိတ်(ချ်)တွေ ဖြန့်ဖြူးလိုက်တယ်။ အင်ဖော်မေးရှင်းတွေပေါ့ဗျာ။ ဒါရဲ့ အကျိုးဆက်အနေနဲ့ လူမှုရေးထွေပြားမှုတွေဖြစ်လာတယ်။ ဒီလိုထွေပြားလာတဲ့ အခြေအနေအောက်မှာ ညှိနှိုင်းဆောင်ရွက်ဖို့ ပူးပေါင်းလုပ်ဆောင်နိုင်ဖို့ အင်ဖော်မေးရှင်းတွေ ပိုလိုလာပြန်တယ်။ ဒီသဘောကို ဆင်ခြင်လိုက်ရင် အင်ဖော်မေးရှင်းနဲ့ ခြားနား ထွေပြားမှု နှစ်ခုဟာ အချင်းချင်း ကျေးဇူးပြုနေကြတယ်လို့ ပြောနိုင်ပါလိမ့်မယ်။

ဒီနေရာမှာ တော်တော်များများက ဥပေက္ခာပြုထားကြတဲ့ နောက်ထပ် အခြင်းအရာတစ်ခုလည်း ရှိသေးတယ်ဗျ။ ဒါကတော့ အပြောင်းအလဲကိုယ်တိုင်ပဲ။ အတိအကျ

BURMESE CLASSIC .com

www.burmeseclassic.com


ပြောရရင်တော့ အပြောင်းအလဲရဲ့ 'စပိ'ပေါ့ဗျာ။ စပိ မြန်လေ အင်ဖော်မေးရှင်း ပိုလိုလေလို့ ဆိုရလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ အပြောင်းအလဲကို စပိတပ်လိုက်တော့ ထွေပြားမှု တွေကလဲ ဖျတ်ခနဲ ဖျတ်ခနဲ ဖြစ်လာတော့တာပေါ့။ ဒီနေ့ ထွေပြားမှုဟာ မနက်ဖြန်ထွေပြားမှုနဲ့ မတူတော့ဘူးဖြစ်လာ တယ်။ ဒီတော့ အသစ်အသစ်သော ထွေပြားမှုတွေကို မျက်ခြည်မပြတ်ချင်ရင် အသစ်အသစ်သော အင်ဖော်မေး ရှင်းတွေ လိုနေမှာ အမှန်ပဲ။

ဒါကြောင့် အင်ဖော်မေးရှင်း ပေါက်ကွဲမှုကြီးရဲ့ အခြေခံ အကြောင်းရင်းဟာ ဘာလဲလို့ မေးရင် ခြားနားထွေပြားမှုနဲ့ အပြောင်းအလဲရဲ့ စပိလို့ ကျွန်တော် ဖြေပါမယ်။ ဒီနှစ်ခု ပေါင်းလိုက်တော့ မြင်းကို ချိုတပ်လိုက်သလို ဖြစ်သွားတာ ပေါ့ဗျာ။

ဇီဝဗေဒမှာ တီကောင်လို ဖွဲ့စည်းပုံ ရိုးရှင်းတဲ့ သတ္တဝါ ကနေ လူသားလို ဖွဲ့စည်းပုံ ဆန်းပြားတဲ့သတ္တဝါ အပြောင်း အလဲကို 'ဆင့်ကဲဖြစ်စဉ်' Evolution နဲ့ ရှင်းပြတယ်မဟုတ် လား။ လူ့အဖွဲ့အစည်းရဲ့ အပြောင်းအလဲကတော့ ဒီ့ထက် မြန်ပြီး ဒီထက်လဲ ပိုရှုပ်တယ်ဗျ။ အထူးသဖြင့် ဒီနေ့ ကျွန်တော်တို့ ဒုတ်ဒုတ်ထိ ရင်ဆိုင်နေရတဲ့ အပြောင်းအလဲ ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀၀၀ က မြေယာတော်လှန် ရေးထက်ရော၊ နှစ်ပေါင်း ၃၀၀ က စက်မှု တော်လှန်ရေး ထက်ပါ နှိုင်းဆလို့ မရနိုင်လောက်အောင် ပိုမြန်ပိုသွက်ပါ တယ်။

www.burmeseclassic.com

BURMESE CLASSIC .com

**အင်ဖော်မေးရှင်း ဒိုင်းနမစ်**

■ **ခင်ဗျားပြောပုံအတိုင်းဆိုရင် အိုင်အာဟာ ခုန်ပျံကျော်လွှား မှုကြီး တစ်ခုပေါ့နော်။ အဆင့်မြင့် အင်ဖော်မေးရှင်း ဖလှယ်မှုကြီးလို့လည်း ဆိုနိုင်မှာပေါ့။ ဒီဖြစ်ရပ်ကြီးက ကျွန်တော် တို့ရဲ့ လူမှုဘဝတွေအပေါ် ဘယ်လို ရိုက်ခတ်မှု ရှိနိုင်မလဲဗျ။ ဒီအချက်ကို ကျွန်တော် ပိုပြီး စိတ်ဝင်စားတယ်။**

□ ထိပ်သီး စက်မှု နိုင်ငံကြီးတွေရဲ့ အလုပ် အင်အားစုကို ခင်ဗျားတစ်ချက်လောက် ကြည့်လိုက်ဗျာ။ ၁၉၅၀ အလွန် နှစ်တွေလောက်ကစပြီး ကော်လာပြာ အလုပ်သမားဦးရေ အကျနဲ့အပြိုင် ကော်လာဖြူ အလုပ်သမားဦးရေ တက်လာ နေတဲ့ ဖြစ်စဉ်ကြီးကို တွေ့ပါ လိမ့်မယ်။ ဘာ့ကြောင့် ဒီလို ဖြစ်တာလဲ။

ကျွန်တော့်အမြင် ပြောရရင် စနစ် အတွင်းမှာကိုပဲ အတွင်းပိုင်း ရှုပ်ထွေးမှုတွေနဲ့ ခြားနား ထွေပြားမှုတွေ ပေါ်လာလို့ပဲဗျ။ ဒီတော့ အကျိုးဆက်က အင်ဖော်မေးရှင်း လိုအပ်ချက်တွေ များသထက် များလာတယ်။ ဒီလိုနဲ့ အကျပ်အတည်းပွိုင့်တစ်ခုကို ရောက်လာရော ဆိုပါစို့ဗျာ။ စာရွက်စာတမ်းနဲ့ လုပ်ရတဲ့ အလုပ်တွေ အများကြီး လိုလာ တယ်။ ညှိရန္နိုင်းရတာတွေ ရှိလာတယ်။ ဆုံးဖြတ်ချက် တစ်ခုခု ချနိုင်ဖို့ မာရသွန် ဆွေးနွေးပွဲတွေ ဖြတ်လာရတယ်။ ခြေလှမ်း တစ်လှမ်း လှမ်းနိုင်ဖို့အရေး မရေမတွက်နိုင်တဲ့ အင်ဖော်မေးရှင်းတွေ ဖလှယ်ဖို့ လိုလာတယ်။ အချိန်ကြာ လာတာနဲ့အမျှ ဒီလိုအပ်ချက်တွေဟာ စနစ်ကြီးတစ်ခုလုံး

BURMESE CLASSIC .com

www.burmeseclassic.com


ချောချောမောမော လည်ပတ်နိုင်ဖို့ ဖိအား တစ်ခုလို ဖြစ်လာတယ်ဗျ။ ဒီလိုနဲ့ 'ပေါက်ကွဲလုလု အခြေအနေမျိုး' Bursting Point ရောက်လာတဲ့အခါ စနစ်ကိုယ်တိုင်က တုံ့ပြန် လာရပါတယ်။ ဒီ တုံ့ပြန်မှုဟာ နည်းပညာ မျက်နှာစာက လာတာပါ။ 'တီထွင်မှု' Innovation ပေါ့ဗျာ။ လိုအပ်တဲ့ အင်ဖော်မေးရှင်းတွေက အလျှံပယ်ဖြစ်လာတော့ လက်ရှိ ဆက်သွယ်ရေးလမ်းကြောင်းတွေအတွက် မနိုင်ဝန် ဖြစ်လာတာပေါ့ဗျာ။ ဒီမှာတင် ဆက်သွယ်ရေး လမ်းကြောင်းသစ်တွေ ရှာဖွေဖို့ လိုလာသလို တီထွင် ဖန်တီးမှု အသစ်တွေလည်း အပူတပြင်း လိုလာတယ်။ ဥပမာ ကွန်ပျူတာ ပေါ့။ မူလကတော့ သိပ္ပံဆိုင်ရာ ကဲကုလေတာ သဘောလောက် ရည်ရွယ်ခဲ့တာပါ။ ခုတော့ ရိုးရှင်းတဲ့ အုပ်ချုပ်ရေး တာဝန်တွေကိုတောင် သူက စွမ်းနေပြီလေ။ ကွန်ပျူတာ မရှိရင်ဘဲ ရုံးမမည်တော့သလောက် ဖြစ်လာ ရ ပြီ။ ချုပ်လိုက်ရင်တော့ ဝန်ပိလာတဲ့ အင်ဖော်မေးရှင်းတွေကြောင့် နည်း ပညာသစ်တွေ ပေါ်လာရတာလို့ ဆိုနိုင်ပါတယ်။

ကိုင်း ဒီတော့၊ ဒီအတွေ့အကြုံကနေ စက်ဝန်းတစ်ခုကို မှန်းဆလို့ရပါပြီ။ ခြားနား ထူးခြားမှုအပေါင်း အပြောင်းအလဲ၊ ညီမျှခြင်း အင်ဖော်မေးရှင်း လိုအပ်ချက်၊ ညီမျှခြင်း နည်းပညာ တီထွင်မှုပေါ့ဗျာ။ ဆက်စဉ်းစားလိုက်ဦးဗျာ။ ဒီနည်းပညာ တီထွင်မှုကြောင့်ပဲ အင်ဖော်မေးရှင်းတွေ အလျှံပယ်ဖြစ်လာ၊ တစ်ခါ ဒီအင်ဖော်မေးရှင်းတွေကြောင့်

www.burmeseclassic.com



BURMESE CLASSIC .com

ခြားနားထူးခြားမှုနဲ့ အပြောင်းအလဲတွေ ပိုဖြစ်လာ။ ဒီလိုနဲ့ အပြန်အလှန် ကျေးဇူးပြုနေတဲ့ စက်ဝန်းတစ်ခု ဖြစ်လာပါတယ်။ ကျွန်တော့်အမြင်တော့ ဒါဟာ 'မင်္ဂလာ စက်ဝန်း' Virtuous Cycle ပါ။ ဒီစက်ဝန်းကပဲ 'အိုင်အာ' ကို မောင်းနေတာပါ။ အင်ဖော်မေးရှင်းရဲ့ ဒိုင်းနမစ်ပေါ့ဗျာ။ ဒီဒိုင်းနမစ်ကြောင့်ပဲ ကျွန်တော်တို့ရဲ့ သဘာဝကြီးအပေါ် နားလည်ချက်တွေဟာ ပိုနက်ရှိုင်းလာရပါတယ်။ ကျွန်တော်တို့ရဲ့ နိစ္စဓူဝဘဝတွေမှာ အင်ဖော်မေးရှင်းတွေ လှိမ့်ဝင်လာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ အသိပညာ Knowledge ဟာ ပိုဘက်စုံလာတယ်။ ပို အသုံးတည့်လာတယ်။ ဒါနဲ့အမျှ ကျွန်တော်တို့ရဲ့ စီးပွားရေးဘဝ၊ ယဉ်ကျေးမှုဘဝတွေမှာပါ ရိုက်ခတ်မှုတွေ ရှိလာပါတော့တယ်။

- ■ **အိုင်အာရဲ့ ယဉ်ကျေးမှုအပေါ် သက်ရောက်ချက်ပေါ့နော်။ ဒီအပိုင်းကို နည်းနည်း ထပ်ရှင်းပါဦးဗျာ။**
- □ ကျွန်တော် ပြောတဲ့ ယဉ်ကျေးမှုဆိုတာ Civilization မဟုတ်ဘူး။ Culture ဆိုတာကိုတော့ ကြိုပြောထားဖို့ လိုမယ်ဗျ။ လူတွေ လက်ခံ ကျင့်သုံးနေကြတဲ့ နှုန်းစံတန်ဖိုးတွေ စရိုက်တွေပေါ့ဗျာ။

စက်မှုခေတ်မှာ အရေးကြီးဆုံးကိစ္စက အရာဝတ္ထုတွေကို ဘယ်ပုံဖန်တီးမလဲဆိုတဲ့ အပေါ်မှာရှိတယ်။ ခုတော့ ဘယ်ပုံ စီမံခန့်ခွဲမလဲ ဆိုတာက အဓိက ဖြစ်လာပြီ။ ကျွန်တော်တို့ဟာ အင်ဖော်မေးရှင်းတွေကို ဆက်စပ်စဉ်းစားလာကြတယ်။ ဒီကနေ့ အသုံးတည့်မယ့် အသိပညာ

BURMESE CLASSIC .com

www.burmeseclassic.com


တွေကို ဖော်ထုတ်လာကြတယ်။ ပြီးမှ ဒီပညာနဲ့ ပြဿနာတွေကို ချဉ်းကပ်လာကြတယ်။ ခွဲခြမ်းစိတ်ဖြာလာကြတယ်။ ဒီတော့ ဆုံချက်ဟာ အင်ဖော်မေးရှင်းကနေ အသိပညာအဖြစ် ပြောင်းလဲနိုင်ရေးပဲဗျ။

ပညာဟာ ပါဝါ Knowledge is Power ဆိုတဲ့ အိုင်ဒီယာဟာ ဟောင်းသွားပါပြီ။ ဒီခေတ်မှာ ပါဝါကို ကိုင်နိုင်ဖို့ဆိုရင် ပညာနဲ့ ပတ်သက်တဲ့အသိ Knowledge about Knowledge ဟာ မရှိမဖြစ် လိုအပ်ချက်ဖြစ်လာပါတယ်။ ခုဆိုရင် 'ပညာခေတ်' Age of Knowledge ဆိုတဲ့ အသံကိုတောင် ကြားနေရပါပြီ။ ကျွန်တော်တို့ရဲ့ တန်ဖိုးထားမှုတွေ ပြောင်းလာတာကို ဆင်ခြင်ကြည့်ကြဖို့ပါ။

နိုင်ငံရေး မျက်နှာစာဘက်က ကြည့်ရင်တော့ အင်ဖော်မေးရှင်းကို ဘယ်ပုံ စီမံခန့်ခွဲမယ်၊ ဘယ်လို ထိန်းချုပ်မယ်ဆိုတာ အရေးကြီးတဲ့ ပြဿနာပါ။ အင်ဖော်မေးရှင်း ရေစီးဟာ ကမ္ဘာပတ်နေချိန် ဖြစ်လေတော့ ဒီကိစ္စမှာ ဒိုင်မင်းရှင်း ကျယ်ကျယ် ဖွင့်ဖို့တော့ လိုလိမ့်မယ်။ အင်ဖော်မေးရှင်း ဆင်းရဲရင် ပညာပါ ချို့တဲ့လာနိုင်တာမို့ သတိကြီးကြီးထားဖို့ လိုပါတယ်။ ဒီအခြင်းအရာဟာ 'နိုင်ငံတကာ အင်ဖော်မေးရှင်း အစီအစဉ်သစ်' New International Information Order ဆိုတဲ့အထိ အပြန့်ကျယ်နေပါပြီ။ ပြဿနာအားလုံးရဲ့ သော့ချက်လို့တောင် ဆိုနိုင်ပါတယ်။ Meta Information လို့တောင် ပြောနေကြလေရဲ့။

www.burmeseclassic.com



BURMESE CLASSIC .com

**ကော့ဂနစ် တေးရီးယက်(ထ)**

■ **တတိယလှိုင်း လူ့အဖွဲ့အစည်းဟာ စက်မှုခေတ်နဲ့ နှိုင်းယှဉ်ရင် ပိုပြီး ဒီမိုကရက်တစ် ဆန်လိမ့်မယ်လို့ ခင်ဗျား ပြောခဲ့သလားလို့ ဒီလို ယူဆလို့ ဖြစ်နိုင်မလား။**

□ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မုချဖြစ်လိမ့်မယ်လို့တော့ မဆိုရဲဘူးဗျ။ Could Be ပေါ့ဗျာ။ Will Be မဟုတ်ဘူး။

■ **ကျွန်တော်တို့ ထင်မထားတဲ့ ဆန့်ကျင်ဘက် တူရူချက်တွေဆီကော ရောက်မသွားနိုင်ဘူးလား။ ပိုတန်းတူညီမျှလာတာမျိုး မဟုတ်ဘဲ ခြားနားမှုတွေများ ပိုကြီးလာလေမလားလို့။ ထက်အောက် ဖွဲ့စည်းပုံ အသစ်တစ်ခု ပေါ်လာပြီး ထိပ်ဆုံးမှာက အင်ဖော်မေးရှင်းနဲ့ ပညာ ကိုင်နိုင်သူတွေက ရှိနေမယ်။ (ရှေးဟောင်းအိန္ဒိယ လူ့အဖွဲ့အစည်းက ဗြဟ္မဏတွေ လိုပေါ့) သူ့ရဲ့ အောက်မှာမှ ကျန်တဲ့ အင်အားစုတွေဟာ အဆင့်ဆင့်ရှိနေမယ်။ ပိရမစ်ပုံပေါ့ဗျာ။ ဒီလိုဆိုရင် 'နည်းပညာ ငါ့မင်းငါ့ချင်းဝါဒ' Techno Fascism တွေများ လွှမ်းမိုးလာလေမလား။ ကျွန်တော် အစိုးရိမ်လွန်တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။**

□ ဒီကိစ္စက နည်းပညာသစ်တွေ အပေါ်မှာ မူတည်လိမ့်မယ်ဗျ။ အမှန်ပဲ၊ တချို့ နည်းပညာတွေဟာ တကယ့်ကို အန္တရာယ်ကြီးနိုင် ပါတယ်။ ဒါပေမဲ့ တချို့ကတော့ ဆန့်ကျင်ဘက်ဗျ။ ဒီတော့ နည်းပညာဆိုပြီး တသဘောတည်း သဘောထားလို့တော့ မဖြစ်ဘူး။ တချို့ နည်းပညာတွေက စုစည်းမှုကို အားပေးတယ်။ တချို့က ဖြန့်ခွဲမှုကို စေ့ဆော်

BURMESE CLASSIC .com

www.burmeseclassic.com


တယ်။ ခင်ဗျားပြောတဲ့ 'နည်းပညာ ငါ့မင်း ငါ့ချင်းဝါဒ' ဘက် ဦးတည်လာတာမျိုးတော့ ကျွန်တော်တို့ ထိန်းချုပ်ရမှာပဲ။ တစ်ပြိုင်နက်တည်းမှာပဲ ဒီမိုကရက်တစ်သဘောဘက် ရွေ့လာတဲ့ နည်းပညာတွေလည်း ရှိလေတော့ အားပေးရမှာပဲ။

ကိုင်း ပိုရှင်းအောင် ဥပမာတွေနဲ့ ပြောကြရအောင်ဗျာ။ စက်မှုခေတ်မှာ သြဇာ အကြီးဆုံး ဆက်သွယ်ရေးလမ်းကြောင်းဟာ 'လူထု ဆက်သွယ်ရေး မီဒီယာ' Mass Media လို့ ပြောနိုင်ပါလိမ့်မယ်။ ပုံနှိပ်မီဒီယာတွေနဲ့ ရေဒီယို ရုပ်မြင်သံကြား စတာတွေပေါ့။ ဒါတွေက ထိန်းချုပ်ရလွယ်တယ်လေ။ ဒါကြောင့်လည်း အုပ်ချုပ်ရေးပိုင်းနဲ့ ကုမ္ပဏီကြီးတွေ လက်ထဲမှာ ရှိနေတတ်တယ်။ အခု အီလက်ထရောနစ် မီဒီယာတွေ ပေါ်လာတော့ ဒီသဘောတွေ ပြောင်းကုန်ပြီ။ မိတ္တူကူးစက်တွေကိုပဲကြည့် လူသုံးကုန်ပစ္စည်း အဖြစ် အကျယ်အပြန့် အသွင် ပြောင်းလာတာနဲ့အမျှ အရင်ကလို ထိန်းချုပ်ဖို့ဆိုတာ မလွယ်လှတော့ဘူး။ 'အိုင်အာ' က မွေးဖွားပေးလိုက်တဲ့ နည်းပညာအများစုဟာ ဒီသဘောလို့ ဆိုနိုင်ပါတယ်။

ဥပမာ ကွန်ပျူတာကိုပဲကြည့်။ ပထမတော့ စုစည်းတဲ့ လက္ခဏာရှိတယ်။ လူတစ်စုသုံးပေါ့။ အခုတော့ အရွယ်အစား ငယ်လာတာနဲ့အမျှ ဈေးလည်းချိုလာတယ်။ ကလေးတွေကအစ တွင်တွင်ကျယ်ကျယ် သုံးလာပြီလေ။ နောက်ကက်ဆက်၊ တယ်လီဗွီးရှင်းတွေကို ကြည့်ဦး။ အရင်ကတော့

www.burmeseclassic.com



BURMESE CLASSIC .com

တစ်လမ်းသွားသက်သက်။ ခုတော့ လမ်းကြောင်းမျိုးစုံ ပွင့်သွားပြီ။ (အင်တာနက်ပေါ်လာတော့ ခွဲဖြန့်မှုသဘော ဟာ ပိုလို့တောင် ပီပြင်လာပါတယ်။) ဒီတော့ ဖြစ်နိုင်စရာ အရှိဆုံး တိမ်းညွှတ်မှုကို ပြောရရင် အင်ဖော်မေးရှင်း ခေတ်မှာ ပါဝါရဲ့ သဘောဟာ 'စု' မလာပါဘူး။ 'ခွဲ' လာ တယ်လို့ ဆိုချင်ပါတယ်။

- **ဒီကိစ္စနဲ့ ပတ်သက်ရင် ကျွန်တော့်မှာ မေးစရာမေးခွန်းတွေ အများကြီး ရှိနေသေးတယ်။ ခုချိန်ထိ ကျွန်တော်တို့ အနောက်တိုင်း လူ့အဖွဲ့အစည်းတွေမှာ အရင်းရှင်ရယ်၊ အလုပ်သမားရယ်အပြင် ကြားလူတန်းစား တစ်ခု ရှိနေသေး တယ်လို့ထင်တယ်။ အရင်းရှင်တွေအတွက် အလုပ်လုပ်ပေး နေသလို၊ သူတို့ကိုယ်ကျိုးအတွက်လည်း လုပ်ကိုင်နေကြတဲ့ တက်ကနိုခရက်တစ်အလွှာ Technocrat Types ကို ပြောချင်တာပါ။ မန်နေဂျာတွေ၊ သိပ္ပံပညာရှင်တွေ၊ ကွန်ပျူ တာ ကျွမ်းကျင်သူတွေစတဲ့ ပရော်ဖက်ရှင်နယ်သမားတွေ ပေါ့ဗျာ။ ဒီအုပ်စုဟာ လူတန်းစားသစ် တစ်ခုအနေနဲ့ စုစည်း မလာနိုင်ပေဘူးလား။**

**အင်ဖော်မေးရှင်းရဲ့ အခန်းကဏ္ဍ အရေးပါလာတာနဲ့အမျှ ဒီတတိယ လူတန်းစားရဲ့ အရွယ်အစားနဲ့ ပါဝါဟာ ကြီးထွား မလာနိုင်ပေဘူးလား။ ဒီလိုသာ ဖြစ်လာခဲ့ရင် ကျွန်တော်တို့ မျှော်လင့်ထားသလို ဒီမိုကရက်တစ် သဘောထက်၊ လူတန်း စား တစ်ခုရဲ့ အလုံးစုံလွှမ်းမိုးမှုမျိုး ဖြစ်မလာနိုင်ပေဘူးလား။ ကျွန်တော့်စိတ်ထဲက သံသယတွေ ပြေလည်အောင် ဒီ**

BURMESE CLASSIC .com

www.burmeseclassic.com


**မေးခွန်းတွေကို ဖြေစေချင်ပါတယ်။**

□ ပြောကြစတမ်း ဆိုရင်တော့ 'လူတန်းစား' ဆိုတဲ့ အကောက်အယူနဲ့ ပတ်သက်လို့ ကျွန်တော်ဘဝင်မကျတာ ကြာပြီဗျာ။ မာ့က်စ်ဝါဒရဲ့ တိကျတဲ့ အဓိပ္ပာယ်အရ ပြောရရင် လူတန်းစားဆိုတာ ကုန်ထုတ်အရင်းအနှီး ပိုင်ဆိုင်မှု Ownership of Means of Production နဲ့ ဆက်စပ်နေတာကိုး။ ဓနရှင်တွေက ကုန်ထုတ် အရင်းအနှီးတွေကို ပိုင်တယ်။ ပစ္စည်းမဲ့ လူတန်းစားက လုပ်အား (အဓိက အနေနဲ့ ကာယ လုပ်အား) ကလွဲပြီး ဘာမှ မပိုင်ဘူး။ ဒီလို လာတာကလား။ ဒါတွေ ခင်ဗျား သိပြီးသားပါ။

ဒီနေ့ခေတ်ရဲ့ ထူးခြားချက်ကို ပြောရရင် ပိုင်ဆိုင်မှုနဲ့ ထိန်းချုပ်မှုဟာ ဆက်စပ်မနေတော့တာဘဲဗျ။ ဒီနေရာမှာ ကြားဖြတ်ပြီး စိတ်ဝင်စားစရာ တစ်ခုကို ပြောရဦးမယ်။ စက်မှု မဟုတ်တဲ့ လူ့အဖွဲ့အစည်းတွေရဲ့ ပိုင်ဆိုင်မှုနဲ့ ပတ်သက်တဲ့ကိစ္စမှာ မာ့က်စ်ကိုယ်တိုင်တောင် အတော်လေး ကသိကအောက် ဖြစ်ခဲ့ရဖူးတယ်။ ဥပမာ ပဒေသရာဇ် လူ့အဖွဲ့အစည်းမှာဆိုရင် ပါဝါဟာ မြေယာကို တကယ် တမ်း ပိုင်ဆိုင်တာ ဟုတ်မဟုတ်ဆိုတာနဲ့ သိပ်မဆက်စပ်လှ ပါဘူး။ ပဒေသရာဇ်ရဲ့ ကိုယ်စားလှယ်အနေနဲ့ ဝေစုယူ၊ ဒါမှမဟုတ် ကံကြွေးချပြီး တာဝန်ယူ ဆောင်ရွက်တာကသာ ပါဝါကို ကိုယ်စားပြုနေတာပါ။

'မက်ဝက်ဘာ' Max Weber ကအစ၊ 'ဂျော့ကော့နတ်' George Konard အဆုံး ပညာရှင် အဆက်ဆက်ကလည်း

www.burmeseclassic.com



ဒီသဘောကို ပြောခဲ့ဖူးပါတယ်။ စက်မှုခေတ် မတိုင်မီထိ ပါဝါရဲ့ သော့ချက်ဟာ ပိုင်ဆိုင်မှုလို့ ပြောနိုင်ဖို့ အတော်ခက်ပါတယ်။ ဒီတော့ ပြောချင်တာက ပိုင်ဆိုင်မှုနဲ့ ပါဝါရဲ့ အဆက်အစပ်ဟာ စက်မှုခေတ်ရဲ့ ထူးခြားချက်မျှသာ ဖြစ်ပါတယ်။ စက်မှုမဟုတ်တဲ့ လူ့အဖွဲ့အစည်းတွေမှာ ဒါကို တရားသေ ယူလို့ သဘာဝကျမယ် မထင်ဘူး။

ဒီနေ့ခေတ်မှာတော့ စက်မှုနည်းပညာကို အဆင့်မြင့် အင်ဖော်မေးရှင်းနည်းပညာက အစားထိုးလိုက်ပါပြီ။ စက်မှုလွန်ခေတ်လို့ပဲ ပြောပြော၊ အင်ဖော်မေးရှင်း ခေတ်လို့ပဲ ဆိုဆို စက်မှုလူ့အဖွဲ့အစည်း မဟုတ်တော့တာ သေချာပါတယ်။ ဒီတော့ ပိုင်ဆိုင်မှုနဲ့ ပါဝါကို ချိတ်ဆက်စဉ်းစားတာတွေဟာ ခေတ်မမီနိုင်တော့ပါဘူး။ ဒါဟာ ဒိုင်ယာလက်တစ် ဖြစ်စဉ်ပါ။ မာ့က်စ်ကိုယ်တိုင် ဒီနေ့ထိ ရှိနေမယ် ဆိုရင်တောင် အခုလို ကိုးလို့ကန့်လန့် အနေအထားကို ရယ်မိမယ် ထင်ပါရဲ့။

- ■ **ထားပါတော့၊ ခင်ဗျားပြောသလို ပိုင်ဆိုင်မှုနဲ့ အဓိပ္ပာယ် ဖွင့်နိုင်သည် ဖြစ်စေ၊ မဖွင့်နိုင်သည် ဖြစ်စေ လူတန်းစား ဆိုတာတော့ ရှိနေသေးတယ် မဟုတ်လား။ ဒီတော့ ကျွန်တော် မေးတဲ့ 'လူတန်းစားသစ်' အလားအလာနဲ့ ပတ်သက်လို့ ခင်ဗျား ထင်မြင်ချက်ကို ပြောပါဦး။**

- □ ဒုတိယလှိုင်းက 'ပရိုလက်တေးရီးယက်(ထ)' Proletariat ဆိုတဲ့ လူမှုအုပ်စုကို မွေးထုတ်ခဲ့တယ်ဆိုရင် တတိယလှိုင်းက မွေးထုတ်လိုက်တာကိုတော့ 'ကော့ဂနစ် တေးရီးယက်(ထ)'

www.burmeseclassic.com


Cognitariat လို့ခေါ်မှ သင့်မယ်ထင်တယ်။ ကြွက်သားက လာတဲ့ လုပ်အားထက် ဦးနှောက်ကလာတဲ့ ဉာဏ်အားကို အသုံးပြုတဲ့ ပညာကို အခြေခံတဲ့ အုပ်စုပေါ့ဗျာ။

ဒါပေမဲ့ 'ကော့ဂနစ်တေးရီးယက်(တ်)' ကို 'ပရိုလက်တေးရီးယက်(ထ)' နဲ့ ညီမျှခြင်းချလို့တော့ ရမှာမဟုတ်ဘူး။ သူဟာ စက်မှုကုန်ထုတ်အရင်းအနှီးတွေကို ပိုင်ဆိုင်သူမဟုတ်ပေမယ့်၊ 'နှောင်ကြိုးကလွဲလို့ ဆုံးရှုံးစရာ ဘာမှမရှိ' ဆိုတဲ့ အနေအထားတော့ မဟုတ်ပြန်ဘူး။ သူ့မှာ အင်ဖော်မေးရှင်းရှိတယ်။ စိတ်ကူးရှိတယ်။ ပညာရှိတယ်။ ဒါကြောင့် ပါဝါစားပွဲဝိုင်းမှာ ပြောရေးဆိုခွင့် ပိုရှိတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။

ဒါပေမဲ့ တကယ်ရှိသင့် ရှိထိုက်တဲ့ မေးခွန်းက အခုလိုတိကျတဲ့ ဘောဂဗေဒ သရုပ်ခွဲနည်းတွေနဲ့ ချဉ်းကပ်တာ မှန်မှ မှန်ပါ့မလားဆိုတဲ့ ပြဿနာဖြစ်လိမ့်မယ် ထင်တယ်ဗျ။ 'ကော့ဂနစ်တေးရီးယက်(ထ)' ရဲ့ အခန်းကို ကြည့်လိုက်ရင် စီးပွားရေးသဘောထက် လူမှုရေးသဘော၊ ယဉ်ကျေးမှုသဘောက ပိုကဲနေမလားလို့။ ဒီတော့ စီးပွားရေးအရ သတ်မှတ်တဲ့ လူတန်းစားဆိုတာထက် လူမှုအုပ်စု၊ ဒါမှမဟုတ် ယဉ်ကျေးမှုအုပ်စုတစ်ခုအနေနဲ့ ချဉ်းကပ် ကြည့်တာက ပိုအသုံးတည့်လေမလား စဉ်းစားစရာပဲ။

www.burmeseclassic.com

# အနုမာန အနာဂတ်

www.burmeseclassic.com

## အနုမာန အနာဂတ်

**ဆုံးဖြတ်ချက် ပတ်ဝန်းကျင်**

■ **ခင်ဗျားပြောတဲ့ 'ကော့ဂနစ် တေးရီးယက်(ထ်)' နဲ့ ခင်ဗျား တစ်ခါ တစ်ခါ ပြောတတ်တဲ့ Mind Worker ဆိုတာ အတူတူပဲလားဗျ။**

□ အတူတူပါပဲ။ တချို့ကတော့ Knowledge Worker လို့ သုံးတတ်ကြတယ်။ ယေဘုယျပြောရင် အလုပ်ပေါ်မှာ 'ပညာ' Knowledge ကို တင်လုပ်တဲ့ သူတွေပေါ့ဗျာ။ ဒီထက် တိတိကျကျ ပြောရရင်တော့ ခေတ်မီ နည်းပညာသစ်တွေနဲ့ ယဉ်ပါးသူတွေ၊ ကုန်ထုတ်အင်အားစု အသစ်ဖြစ်တဲ့ 'ပညာ'နဲ့ ဆက်စပ်နေသူတွေကို ဆိုလိုတာပါ။

■ **ခင်ဗျားရဲ့ 'တတိယလှိုင်း' မှာ ဒီလူတွေရဲ့အနေအထားက ဘယ်လိုရှိမလဲဗျ။ တတိယလှိုင်းခေတ်ရဲ့ နိုင်ငံရေးရှုခင်းကို မှန်းဆပြပါဦး။**

www.burmeseclassic.com

BURMESE CLASSIC .com

- ‘နိုင်ငံရေးရှုခင်း’ ဆိုတော့ ခင်ဗျားဟာက သိပ်ကျယ်ပြန့်လွန်းလှတယ်ဗျာ။ နိုင်ငံရေးဆိုတာ ဇာတ်ခုံကြီး တစ်ခုဖြစ်သလို ကစားပွဲ တစ်ခုလည်း ဖြစ်နေတယ် မဟုတ်လား။ တစ်ခါတစ်ခါများဆိုရင် ဘာသာရေး သဘောတောင် ဆောင်သွားတတ်သေးရဲ့။ ဒီတော့ ‘ဆုံးဖြတ်ချက်’ Decision အပိုင်းက ချဉ်းကပ်ကြည့်ရင် ပိုအဆင်ပြေမယ် ထင်တယ်။ ဆုံးဖြတ်ချက်ချတဲ့အပိုင်းမှာ ဘယ်သူတွေ ပါမယ်၊ ဘယ်လောက်ကျယ်ပြန့်တယ် ဆိုတာပေါ့ဗျာ။ ဒီနေရာမှာလည်း ‘အကန့်အသတ်’တော့ ရှိမှာပဲဗျ။ လူ့အဖွဲ့အစည်းဝင် အားလုံးတော့ ဆုံးဖြတ်ချက် အပိုင်းမှာ ပါဝင်နိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့် ဘယ်လောက်ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သလဲဆိုတာ ကြည့်ပြီး အဲဒီလူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေး ရှုခင်းကိုတော့ မှန်းလို့ရပါလိမ့်မယ်။

- **‘ကော့ဂနစ်တေးရီးယက်(တ်)’ တွေဟာ ဆုံးဖြတ်ချက်ချတဲ့ အပိုင်းမှာ ရှိနေမှာ မဟုတ်လား။ ဒီကိစ္စမှာ အကန့်အသတ် ရှိသေးသလား။**

- ကျွန်တော်တို့ ရှေ့ကို မျှော်မကြည့်ခင် နောက်ကို ပြန်ကြည့်ကြရအောင်ဗျာ။ စက်မှုခေတ် မတိုင်ခင် စိုက်ပျိုးရေး လူ့အဖွဲ့အစည်းတွေက စရအောင်။ မာ့က်စ်ဝါဒီတွေရဲ့ အလိုအရဆိုရင် ကျေးပိုင်ကျွန်ပိုင်ခေတ်နဲ့ မြေရှင် ပဒေသရာဇ်ခေတ်ပေါ့လေ။ ဆုံးဖြတ်ချက်ချတဲ့ ယန္တရားကြီးကို ကြည့်လိုက်ရင် ထိပ်ဆုံးမှာ သက်ဦးဆံပိုင်ဘုရင်တွေ ရှိမယ်။ နောက် သူကောင်းမျိုးတွေ၊ မြေရှင်တွေ ရှိမယ်။ ပြီးတော့

BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

'ကျောင်းတော်'ရဲ့အခန်း။ အကန့်အသတ် အလွန်ကြီးတဲ့ ဒီအစုအဝေးကပဲ ဆုံးဖြတ်ချက်တွေချပြီး လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးကို မောင်းခဲ့ကြတာ မဟုတ်လား။

'စက်မှုတော်လှန်ရေး' ဆိုတဲ့ လှိုင်းလုံးကြီး ရောက်လာတော့ ဒီအနေအထားဟာ တစစ ပုံပျက်လာပါတယ်။ မပျက်လို့လည်း မဖြစ်တော့ဘူးလေဗျာ။ လူ့အဖွဲ့အစည်းဟာ ထွေပြားလာတာနဲ့အမျှ ချမှတ်ဖို့ လိုတဲ့ ဆုံးဖြတ်ချက်တွေကလည်း အရေအတွက် များလာသလို အရည်အချင်းအရလည်း ရှုပ်ထွေးလာတာကိုး။ ဒီတော့ ဆုံးဖြတ်ချက် ချတဲ့ ယန္တရားကြီးကို ချဲ့ထွင်ဖို့ကိစ္စဟာ လိုအပ်ချက်ဖြစ်လာတယ်။ ပြောရရင်တော့ ဆုံးဖြတ်ချက် ပတ်ဝန်းကျင်ကြီး တစ်ခုလုံးက ပြောင်းလာတာကိုး။ ဒါနဲ့ အမျှ ပြောင်းလဲလာတဲ့ ပတ်ဝန်းကျင်သစ်မှာ ဝင်ဆံ့မယ့် အင်အားစုသစ်တွေလည်း တိုးပွားလာနေပါတယ်။

ဒီနေရာမှာ 'ကား(လ်)မာ့က်စ်' ရဲ့ ကောက်ချက်တစ်ခုကို ကျွန်တော်တို့ ပြန်စဉ်းစားကြည့်ရအောင်။ စက်မှုခေတ်ရဲ့ 'စက်ရုံစနစ်' Factory System က အလုပ်သမားထု စုစည်းလာဖို့ အခြေအနေ ဖန်တီးပေးလိုက်တယ်ဆိုတဲ့ ကောက်ချက်ပါ။ စက်မှုခေတ် တစ်ခုလုံးလည်း သူကောက်ချက်ချသလို ဖြစ်သလောက် ဖြစ်ခဲ့ပါတယ်။ ဒါကိုကြည့်ပြီး ပညာခေတ်မှာလည်း ပညာအလုပ်သမားတွေ စုစည်းလာလိမ့်မယ်ဆိုတဲ့ မှန်းဆချက်မျိုးတွေ ရှိလာပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော်တော့ မထင်ဘူးဗျ။

BURMESE CLASSIC .com

www.burmeseclassic.com



လက်တွေ့ဖြစ်ရပ်တွေကပဲ အမှန်ကို ရှာကြည့်တာ သဘာဝကျပါလိမ့်မယ်။ စက်မှုခေတ်ကြီးရဲ့ နောက်ဆုံး ထွက်သက်မှာ ကျွန်တော်တို့ ဘာတွေ တွေ့နေရလဲ။ အစု လိုက် အပြုံလိုက် သဘောတွေ၊ ထုကြီးထည်ကြီး အနေ အထားတွေ အဆက်မပြတ် ပြိုကွဲ နေတယ်ဗျ။ အရာ အားလုံးဟာ စုမလာဘူး၊ ကွဲလာတယ်။ 'စု' တာဟာ စက်မှုခေတ်ရဲ့ ထူးခြားချက်ဆိုရင် 'ကွဲ' တာဟာ ပညာခေတ် ရဲ့ အခြင်းအရာလို့တောင် ပြောနိုင်မယ် ထင်တယ်။ ဒီနောက်ခံကားမှာ ဆုံးဖြတ်ချက် ပတ်ဝန်းကျင်ဟာလည်း စုမလာနိုင်ပါဘူး။ ပိုကွဲလာလိမ့်မယ်။ ကျဉ်းလာမှာ မဟုတ် ဘူး။ ပိုကျယ်လာလိမ့်မယ်။ အင်အားစုတစ်ခုခုက (ကော့ ဂနစ်တေးရီးယက်(ထ)ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်ပေါ့ဗျာ) စုစည်း ချုပ်ကိုင်မှုမျိုး ဖြစ်နိုင်စရာမရှိတော့ဘူးလို့ ထင်ပါတယ်။

**ဆုံးဖြတ်ချက် ဝန်ထုပ်ဝန်ပိုး**

■ **ဆုံးဖြတ်ချက် ပတ်ဝန်းကျင် အပြောင်းအလဲနဲ့ နိုင်ငံရေး ရာသီဥတုကို ဆက်စပ်ပြပါဦး။**

□ ဒီနေရာမှာ 'ဆုံးဖြတ်ချက် ဝန်ထုပ်ဝန်ပိုး' Decision Load နဲ့ ပတ်သက်ပြီး ပြောဖို့ လိုမယ်ထင်တယ်။ ပထမလှိုင်းနဲ့ ဒုတိယလှိုင်းရဲ့ အကူးအပြောင်းကာလမှာ မီးခိုးခေါင်းတိုင် ကြီးတွေလို မြင်သာတဲ့ မြင်ကွင်းသစ်တွေတင်မကဘူး၊ မမြင်သာတဲ့ အပြောင်းအလဲတွေလည်း အများကြီး ဖြစ်လာ တယ်ဗျ။ အထူးသဖြင့် ဆုံးဖြတ်ချက် ပတ်ဝန်းကျင်မှာ ပေါ့ဗျာ။ ညှိနှိုင်းတိုင်ပင်ရတာတွေ၊ ပူးပေါင်းဆောင်ရွက်

www.burmeseclassic.com


ရတာတွေ ရှိလာတယ်။ ဒါတွေ မရှိဘဲနဲ့ ဘာ ဆုံးဖြတ်ချက်မှ ချလို့ မရတော့ဘူး။ အနေအထားသစ်က မြင်းတစ်စီး ဓားတစ်လက်နဲ့ ရမ်းလို့မှ မရတော့တာကိုး။ ဒီတော့ ဆုံးဖြတ်ချက် ယန္တရားမှာ လူသစ်တွေ တိုးချဲ့ဖို့ လိုလာတယ်။ ပထမလှိုင်းတုန်းကလို 'မျိုးရိုးဆက်စပ်မှုအရ စုစည်းတဲ့ အဆောက်အအုံမျိုး' Hereditary နဲ့တင် တံခါးပိတ်ထားလို့ မရတော့ဘူးလေ။ ပထမလှိုင်း 'အီလစ်' တွေအတွက် ဆုံးဖြတ်ချက်ဝန်ထုပ်ဝန်ပိုးကြီးဟာ မနိုင်ဝန် ဖြစ်လာတော့တယ်။ 'အီလစ်အသစ်တွေ၊ ဆပ်-အီလစ်တွေ' Elites and Sub-Elites ပေါ်ထွက်လာတာနဲ့အမျှ သူတို့ကို နေရာပေးဖို့ လိုလာတယ်။

ပြောမယ်ဆိုရင်တော့ လူလတ်တန်းစားတွေ ဆုံးဖြတ်ချက် ယန္တရားထဲ ရောက်လာတာ ပေါ့ဗျာ။ ဒါနဲ့အမျှ ဆုံးဖြတ်ချက် ပတ်ဝန်းကျင်ဟာလည်း 'ထက်အောက်ဖွဲ့စည်းပုံ' Hierarchy သဘောဆောင်လာတယ်။ ဒါကို နိုင်ငံရေး သိပ္ပံပညာရှင်တွေကတော့ 'ဒီမိုကရက်တစ် ရီဘော်လူးရှင်း' လို့ ပြောကြတာပေါ့။ စက်မှုတော်လှန်ရေးနဲ့ အပြိုင်လို့ ဆိုရမှာပေါ့ဗျာ။ ဆုံးဖြတ်ချက်ချတဲ့ ဖြစ်စဉ်မှာ ပါဝင် ပတ်သက်သူတွေ ပိုများလာတဲ့သဘောပေါ့။

- **ဒီအပြောင်းအလဲဟာ လူအများစုအတွက် အကျိုးရှိတယ်လို့ ခင်ဗျားဆိုလိုချင်တာလား။ ဒါဟာ 'ရီရဲ(လ)ဒီမိုကရေစီ' ပေါ့ ဟုတ်လား။**

□ 'ရီးရဲ(လ)' Real တို့ 'လူတိုင်းအတွက်'တို့ ဆိုတဲ့ ရှေ့ဆက်

BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

စကားတွေကို ကျွန်တော် မယုံပါဘူး။ ဒါပေမယ့် လူလတ်တန်းစားတွေ အတွက်တော့ ရှေးကထက်စာရင် ပြောရေးဆိုခွင့် ပိုရှိလာတာ အမှန်ပဲဗျ။ အလုပ်သမား၊ လယ်သမားအတွက်ဆိုတာထိတော့ မရောက်ဘူးပေါ့ဗျာ။ အနည်းဆုံး ဆုံးဖြတ်ချက်ယန္တရားကြီးကို လှမ်းကြည့်နိုင်တဲ့ ချောင်းကြည့်ပေါက်လေးလောက်တော့ ပွင့်လာတယ်လို့ ဆိုနိုင်မှာပါ။ ဒါ့ကြောင့်လည်း 'အကန့်အသတ်' ဆိုတဲ့ စကားကို ကျွန်တော် သုံးခဲ့တာပါ။

ဒီနေရာမှာ အဓိက ပြောချင်တာက "သက်ဆိုင်ရာ 'အီလစ်' တွေအတွက် ဝန်ထုပ် ဝန်ပိုးဟာ မနိုင်ဝန်ဖြစ်လာလေ၊ ဆုံးဖြတ်ချက် ပတ်ဝန်းကျင်ဟာ အဝန်းအဝိုင်းကျယ်လာရလေ" ဆိုတဲ့ သဘောကိုပါ။ အခု ကျွန်တော်တို့ လက်ရှိ ဖြတ်သန်းနေတဲ့ ခေတ်ကြီးမှာလည်း ဆုံးဖြတ်ချက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်တည်နေပြန်ပြီ။ ဒါကြောင့်လည်း လူ့အဖွဲ့အစည်းရဲ့ သမိုင်းမှာ အရေးပါတဲ့ အပြောင်းအလဲကြီး တစ်ခု ဖြစ်ကို ဖြစ်တော့မယ်လို့ ကျွန်တော် ပြောရဲတာပါ။

■ **လာမယ့် အပြောင်းအလဲမှာရော၊ အလုပ်သမား၊ လယ်သမားတွေအတွက် တကယ် အကျိုးရှိနိုင်ပါ့လား။ 'ရီးရဲ(လ)' ဆိုတဲ့ ရှေ့ဆက်စကားလုံးကို သုံးနိုင်ပြီလား။**

□ မဖြစ်နိုင်ဘူးဗျ။ လွန်ရောကျွံရော 'ဆီမီး' Semi လို့ပဲ ပြောနိုင်လိမ့်မယ်။ ပြီးတော့ ခင်ဗျား သံယောဇဉ်ကြီးလှတဲ့ အလုပ်သမား၊ လယ်သမားဆိုတာတွေဟာ အရွယ်အစား

BURMESE CLASSIC .com

www.burmeseclassic.com


အရရော၊ အရေးပါမှုအရပါ အကျပိုင်းကို ရောက်နေပြီဗျ။ အမေရိကန်မှာ ဆိုရင် 'လယ်သမား' ဆိုတာ အလုပ်အင်အားစု တစ်ခုလုံးရဲ့ ၄% ပဲ ရှိတော့တယ်။ အလုပ်သမားဆိုရင်လည်း ဂဏန်းတစ်လုံးထက် မပိုတော့ဘူး။ ဒီတော့ အတိတ် ဖြစ်သွားတော့မယ့် လူမှုအလွှာတွေ အတွက် လွမ်းမနေတော့ဘဲ ရှေ့ ဘာဆက်ဖြစ်မလဲ ဆိုတာကို မျက်နှာမူကြတာက ပိုလက်တွေ့ကျမယ် ထင်တယ်။ ဘယ့်နှယ့်လဲ။

- ■ **ဒါဖြင့်ရင် အနာဂတ်နိုင်ငံရေး ရှုခင်းဟာ ဘယ်ပုံဖြစ်မလဲ။ ဘယ်သူတွေက အဓိကကျမလဲ။**
- □ လက်ရှိ ကျွန်တော်တို့ မျက်မှောက်ပြုနေရတဲ့ အခြင်းအရာ သုံးခုက အနာဂတ်ကို ပုံဖော်သွားလိမ့်မယ်။ ဒါတွေကတော့ (၁) ပညာ အလုပ်သမားတွေ တိုးပွားလာနေတာ။ (၂) ဒီကနေ့ ဆုံးဖြတ်ချက် ဝန်ထုပ်ဝန်ပိုးကြီးဟာ လေးသထက်လေးလာနေပြီး လက်ရှိ ထမ်းထားရသူတွေအတွက် မနိုင်ဝန် ဖြစ်လာတာ။ (၃) ကွန်ပျူတာရဲ့ အခန်းကဏ္ဍ။

နံပါတ်တစ်က စပြောကြရအောင်။ ပညာအလုပ်သမားတွေ တိုးပွားလာနေတဲ့ ကိစ္စ။ ခင်ဗျားလည်း သိပြီးသားမို့ ကိန်းဂဏန်းတွေ ပြောမနေတော့ဘူးဗျာ။ ကျွန်တော် ဖြည့်ပြောချင်တာက ဒီတိုးပွားမှုဟာ အရေအတွက် သက်သက်မဟုတ်ဘူး။ အရည်အချင်းနဲ့ပါ ဆိုင်တယ်။ အနာဂတ်ဆုံးဖြတ်ချက်တွေမှာ သူတို့ရဲ့ သဘောထားအမြင် မပါဘဲ ဘယ်လိုမှ ဖြစ်နိုင်မှာ မဟုတ်တော့ဘူး။ သူတို့ရဲ့ အစွမ်း

www.burmeseclassic.com



BURMESE CLASSIC .com

အစနဲ့ အာနိသင်ကို ကျကျနန အသုံးချနိုင်မှသာ ဆုံးဖြတ်ချက် ဝန်ထုပ်ဝန်ပိုးကြီးကို နိုင်နိုင်နင်းနင်း ထမ်းနိုင်လိမ့်မယ်။ နံပါတ်နှစ်ကို ဆက်ကြရအောင်။ ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်ဗျာ။ နိုင်ငံရေးရော၊ စီးပွားရေးရော ပညာရေးရော နယ်ပယ်အားလုံးကို ကြည့်လိုက်။ ဒီနယ်ပယ်အားလုံးရဲ့ ဆုံးဖြတ်ချက် ချမှတ်ရေးအပိုင်းမှာ တာဝန်ယူထားသူတွေဟာ သူ့ခေတ်နဲ့သူ ရှေ့တန်းအရောက်ဆုံးလို့ ပြောနိုင်ပါလိမ့်မယ်။ ဒါပေမယ့် သူတို့အားလုံး ဒယီးဒယိုင် ဖြစ်နေကြပြီ။ မနိုင်ဝန် ထမ်းနေကြရပြီ။ ဒါ ဘာကြောင့်လဲ။ ဒီလူတွေ အရည်အချင်း ညံ့သွားကြလို့တော့ဖြင့် မဟုတ်ဘူးဗျ။ ဆုံးဖြတ်ချက် ဝန်ထုပ်ဝန်ပိုးကြီးကိုက ပိုလေးလံ ဖိစီးလာတာ။ ဆုံးဖြတ်ချက်တွေ များလာတာနဲ့အမျှ မြန်မြန်ဆုံးဖြတ်ဖို့လည်း လိုလာတာ။ ပြောမယ်ဆိုရင် တော့ 'စပီ' ပေါ့ဗျာ။ ဒီစပီကို အမီလိုက်ဖို့ သူတို့မှာ သက်လုံလည်း မကောင်းတော့ဘူး။ သွက်လက်ဖျတ်လတ်မှုလည်း မရှိတော့ဘူး။

ဒီတော့ ဘာဖြစ်လာလဲ။ ဆုံးဖြတ်ချက် ယန္တရားကို တံခါးကျယ်ကျယ် ဖွင့်ဖို့ကလွဲလို့ ရွေးစရာ မရှိတော့ဘူး။ သင်္ဘောကြီးက နစ်တော့မယ်။ စက်ခန်းထဲ ဘယ်သူမှ မဝင်ရ ဆိုပြီး တင်းခံနေလို့ မဖြစ်တော့ဘူးလေ။ ပဲ့ကိုင်ထိန်းသိမ်းနိုင်စွမ်းရှိမယ့် လူသစ်တွေကို လက်ဆင့်ကမ်း တာဝန်ပေးရတော့မယ်။ ဒီဖြစ်စဉ်ကြီးဟာ အေးအေးညောင်းညောင်း ဖြစ်ချင်မှလည်း ဖြစ်မှာပေါ့ဗျာ။ ဆုံးဖြတ်

BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

ချက် ယန္တရားမှာ ပါဝင်ပတ်သက်သူတွေအားလုံး တန်းတူ အခွင့်အရေး ရှိစေရမယ်လို့လည်း အာမ,မခံနိုင်ပါဘူး။ သေချာတာတစ်ခုပဲရှိတယ်။ ဆုံးဖြတ်ချက် ယန္တရားကြီးဟာ ဝန်ပိနေပြီဆိုတဲ့ အချက်ပဲ။

- **တန်းတူ ညီမျှမှု မဟုတ်တောင် ပိုအပြန့် ကျယ်လာမယ်လို့တော့ မျှော်လင့်နိုင်မှာပေါ့။ ကိုင်း တတိယအချက်ကို ဆက်ပါဦး။ ကွန်ပျူတာနည်းပညာနဲ့ ဒီအပြောင်းအလဲတွေက ဘယ်လို ဆက်စပ်လာတာတုံး။**

## ကွန်ပျူတာရဲ့ အခန်း

□ မူလကတော့ ကွန်ပျူတာဟာ သာမန် သိပ္ပံတီထွင်မှု ပစ္စည်းလောက်ပါပဲ။ ဆုံးဖြတ်ချက် ဝန်ပိနေတဲ့ အီလစ်တွေက သူတို့အတွက် အထောက်အကူများရလေမလားဆိုပြီး ဒီ ပစ္စည်းလေးကို သုံးခဲ့ကြတာပေါ့။ ဆုံးဖြတ်ချက် ယန္တရားမှာ လူသစ်တွေ မဖြည့်ဘဲ ကွန်ပျူတာ အကူအညီနဲ့ ဖြေရှင်းနိုင်မယ်လို့လည်း မျှော်လင့်ခဲ့ကြဟန် တူပါတယ်။ ဒီလိုနဲ့ သူတို့ရဲ့ အနေအထားကို ဆက်ပြီး စုစည်းထားနိုင်လိမ့်မယ်လို့လည်း တွက်ဆခဲ့ကြပါလိမ့်မယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာတော့ ခုတ်ရာတခြား ရှရာတခြား ဖြစ်ကုန်တယ်ဗျ။ ကွန်ပျူတာတွေဟာ ဈေးချိုလာတာနဲ့ အမျှ လူတစ်စုသုံးကနေ လူထုသုံး ဖြစ်လာတယ်ဗျာ။ ပြောရရင် ကလေးကစားစရာ ပစ္စည်းမျိုးလိုတောင် ဖြစ်လာတယ်။ နောက်ပြီး သတင်းနည်းပညာ အရှိန်ရလာတာနဲ့အမျှ ကွန်ပျူတာမှာ

BURMESE CLASSIC .com

www.burmeseclassic.com


လက်တံတွေ ပွားစည်းလာတယ်။ ကွန်ရက်တွေနဲ့ ချိတ်ဆက်ပြီး ကမ္ဘာမြေအနှံ့ ဖြန့်လာတယ်။ တစ်ကမ္ဘာလုံးက သတင်းတွေကို လျှပ်တစ်ပြက်အချိန်တွင်းမှာ စုနိုင်ဖြန့်နိုင် ဖြစ်လာတယ်။ ဒါနဲ့အမျှ ဆုံးဖြတ်ချက် ဝန်ထုပ်ဝန်ပိုးမှာ တာဝန်သစ်တွေ တိုးလာတာပေါ့။ သတင်းရေစီးကြောင်းကြီးထဲက မက်ဆိပ်(ချ) တွေကို ခွဲခြမ်းစိတ်ဖြာဖို့ အင်ဖော်မေးရှင်းကနေ ပညာကို အသွင်ပြောင်းနိုင်ဖို့ တစ်ခါ ဒီပညာကို အလုပ်နဲ့ ဆက်စပ်ဖို့ ဒါတွေဟာ ခေတ်သစ်ရဲ့ လိုအပ်ချက်တွေ ဖြစ်လာတယ်။

ချုပ်လိုက်ရင်တော့ဗျာ။ ကွန်ပျူတာဟာ အီလစ်ဟောင်းတွေရဲ့ စွမ်းဆောင်ရည်နဲ့ လုပ်ပိုင်ခွင့်ကို ပိုစုလာစေတာ မဟုတ်ဘဲ ခွဲဖြာပစ်လိုက်တယ်။ ဆုံးဖြတ်ချက်ချမှတ်ရေးဖြစ်စဉ်ရဲ့ ထက်အောက်ဖွဲ့စည်းပုံကို အစွမ်းအစမဲ့ လာစေတယ်။ ဆုံးဖြတ်ချက် ဝန်ထုပ်ဝန်ပိုးကြီးကို ကူညီထမ်းဆောင်ဖို့ အင်အားစုသစ်တွေ မွေးထုတ်လိုက်တယ်။ ကျွန်တော်တို့ ပြောနေကြတဲ့ ပညာ အလုပ်သမားတွေအတွက် အခွင့်အလမ်းသစ်တွေ ပွင့်လာတာပေါ့ဗျာ။

■ **ဒါပေမယ့် ကွန်ပျူတာနည်းပညာနဲ့ မနီးနိုင်သူတွေအတွက်ရောဗျာ။ သူတို့အတွက်တော့ တပေါင်းတန်ခူး အကြောင်းမထူးဘဲ ဖြစ်ရတော့မှာလား။**

□ ဒီထက်တောင် ပိုဆိုးလေမလားဘဲ။ ကွန်ပျူတာမတတ်ရင် စာမတတ်သလိုတောင် ဖြစ်သွားစရာရှိနိုင်တယ်။ ပညာ

www.burmeseclassic.com



ခေတ်ကြီးမှာ ပညာနဲ့ မနိုင်ရင်တော့ ဆုံးဖြတ်ချက် ယန္တရားကြီးနဲ့ အဝေးဆုံးမှာပဲ ရှိနေမှာပေါ့ဗျာ။ ဒါကြောင့်လည်း 'ရီးရဲ(လ)' ဆိုတဲ့ ရှေ့ဆက်စကားလုံးကို ကျွန်တော် မသုံးရဲတာပေါ့။ ဒီတော့ အနာဂတ်လူ့အဖွဲ့အစည်းမှာ 'ပြုသူ' အဖြစ် ပါဝင်မလား၊ 'အပြုခံ' အနေနဲ့ ကျေနပ်ရမှာလား ဆိုတာကို 'ပညာ' က အဆုံးအဖြတ် ပေးသွားပါလိမ့်မယ်။ အခြေခံကတော့ ကွန်ပျူတာ နည်းပညာပေါ့ဗျာ။

www.burmeseclassic.com

# အလုပ်ရဲ့ အနာဂတ်

www.burmeseclassic.com

## အလုပ်ရဲ့ အနာဂတ်

### အလုပ်

- **"ခေတ်သစ် လူ့အဖွဲ့အစည်းမှာ 'အလုပ်'ရဲ့ သဘောသဘာဝနဲ့ အဓိပ္ပာယ်ဟာ ရှေးကနဲ့ မတူနိုင်တော့ဘူး"လို့ ခင်ဗျား ပြောဖူးတယ်နော်။ ဒါဖြင့် အလုပ်ရဲ့ အဓိပ္ပာယ်ကို ခင်ဗျား ကိုယ်တိုင် ဖွင့်ပြပါဦး။**

□ လုပ်ခစားအလုပ် Paid Work နဲ့ လုပ်ခအတွက် ရည်ရွယ်တာ မဟုတ်တဲ့အလုပ် Unpaid Work ဟာ မတူပါဘူးဗျာ။ ဒါကိုတော့ ခင်ဗျား လက်ခံမှာပါ။ ဒါပေမဲ့ 'အလုပ်'လို့ ဆိုလိုက်တာနဲ့ များသောအားဖြင့် လုပ်ခစားအလုပ်ကို တည်ပြောကြရတာကလား။ လူတွေ ပြောလေ့ရှိကြတဲ့ 'အလုပ်အကိုင်' Job ဆိုတာ လုပ်ခစားအလုပ်ကို ပြောတာပါ။

- **ထားပါတော့၊ ခင်ဗျား ပြောတဲ့ လုပ်ခစား အလုပ်ဟာ ပြောင်းလဲနေပြီပေါ့၊ ဟုတ်လား။**

www.burmeseclassic.com



□ အလုပ်အကြောင်း ပြောကြရေးကြတဲ့သူတွေနဲ့ ကျွန်တော်နဲ့ မတူတာ တစ်ခုတော့ ရှိတယ်ဗျ။ ကျွန်တော်က ညစ်ပတ်စုတ်ပြတ်တဲ့ စက်ရုံအလုပ်တွေမှာ နှစ်အချို့ ကျင်လည်ခဲ့ဖူးတယ်။ 'စုပတ်လမ်း' Assembly Line ထဲက ကော်လာပြာ အလုပ်ကြမ်းသမား တစ်ယောက်ပေါ့ဗျာ။ ပြီးတော့ ကမ္ဘာအရပ်ရပ်က စက်ရုံတွေကိုလည်း ကျွန်တော် သွားကြည့်ဖူးတယ်။ ပြောရရင် ဒီနေ့ခေတ်ရဲ့ ခေတ်အမီဆုံးဆိုတဲ့ စက်ရုံတွေ၊ ရုံးခန်းတွေအထိ သွားလေ့လာဖူးပါတယ်။

ဒီအတွေ့အကြုံတွေကနေ ဘာသိလာလဲ ဆိုတော့ ကျွန်တော်တို့ ယေဘုယျ နားလည်ထားကြတဲ့အလုပ်နဲ့ ပတ်သက်တဲ့ ထင်မြင်ချက်ဟာ ခေတ်မမီတော့ဘူးဆိုတာပဲဗျ။ ကျွန်တော်တို့က 'အဒမ်စမစ်'တို့ 'မာ့က်စ်'တို့ရဲ့ 'အလုပ်ခွဲခြားလုပ်ကိုင်မှု' Division of Labour အခြေခံပေါ်က ကြည့်ကြတာကိုး။

နောက်အကျဆုံး ဆိုရင်တောင် 'မီး(လ်)'ရဲ့ 'ရုံးရဲ့ သဘာဝ' The Nature of Office ဆိုတဲ့ အထိုင်ပေါ်ကပဲ စဉ်းစားကြတာကလား။ 'အလုပ်'ဆိုတာနဲ့ ချာလီ ချက်ပလင်ရဲ့ ခေတ်သစ် Modern Time ဇာတ်ကားထဲက 'စုပတ်လမ်း' ကို မြင်နေကြတာလေ။ ဒီဝေဖန် ဆန်းစစ်ချက်တွေဟာ သူ့ခေတ်နဲ့သူတော့ 'ကွက်တိ' ပါပဲ။ ဒါပေမဲ့ ဒါတွေက အစဉ်အလာ စက်မှုစနစ်နဲ့သာ အသုံးတည့်တာဗျ။ ဒီနေ့ မြန်မြန်ဆန်ဆန်ကြီး ပြောင်းလဲဖြစ်ထွန်းနေတဲ့ စနစ်သစ်နဲ့တော့ တယ်မကိုက်လှတော့ဘူး။

www.burmeseclassic.com

BURMESE CLASSIC .com

အစဉ်အလာ စက်ရုံ အလုပ်ဟာ ဘယ်လောက် ကပေါက်တိကပေါက်ချာနိုင်တယ်၊ ဘယ်လောက် စိတ်ပျက်စရာကောင်းတယ်ဆိုတာ ကျွန်တော်တို့ ကောင်းကောင်း သိကြပါတယ်။ နောက်တော့ ဒီစက်ရုံစတိုင်အလုပ်ဟာ 'ရုံး' Office ပုံစံ ပြောင်းလာတယ်။ တယ်တော့ မထူးလှပါဘူး။ တစ်ခုလုံးနဲ့ ဘာမှ ဆက်စပ်မှုမရှိတဲ့၊ ကိုယ်နဲ့ဆိုင်တဲ့ အလုပ် အပိုင်းအစလေးကိုပဲ ထပ်တလဲလဲ လုပ်နေရတယ်။ ကျွမ်းကျင်ပိုင်နိုင်မှုတို့ တီထွင်ဖန်တီးမှုတို့ဆိုတာတွေ အတွက်လည်း ဘာအခွင့်အလမ်းမှ မရှိ။ လူစင်စစ်က စက်ယန္တရားရဲ့ အစိတ်အပိုင်း တစ်ခုအဖြစ် ဘဝပြောင်းသွားရတဲ့ အလွန် ငြီးငွေ့စရာကောင်းလှတဲ့ အလုပ်မျိုးပါဗျာ။ ခုတော့လည်း ဒီအလုပ်စတိုင်မျိုးဟာ တဖြည်းဖြည်း ပွန်းပြတ် ပြတ်စပြုလာပါပြီ။ ဒီနေရာမှာ ကျွန်တော် အံ့ဩမိတာက ဘာမှ မက်မောတန်ဖိုးထားစရာ မရှိတဲ့ ဒီလိုအတိတ်မျိုးကို လွမ်းတသသ ဖြစ်နေကြတာကိုပါ။ ဖြစ်နိုင်တာတော့ ဒီဒုက္ခမျိုးကို မခံဖူးတဲ့ လူတွေက အလွမ်းသယ်နေကြတာ ထင်ပါရဲ့ဗျာ။

- ■ **ခင်ဗျားသဘောက စက်မှုခေတ်ရဲ့ အလုပ်စတိုင်တစ်ခုလုံးဟာ အတိတ်ဖြစ်သွားပြီလို့ ဆိုလိုတာလား။**

- □ မဟုတ်ဘူးဗျ။ နည်းပညာရှေ့တန်းအရောက်ဆုံး နိုင်ငံတွေမှာကိုပဲ မွန်းကျပ်ပိတ်လှောင်နေတဲ့ စုပတ်လမ်းမှာ ပိတ်မိနေတဲ့ အလုပ်သမားတွေ သန်းနဲ့ချီ ရှိနေပါသေးတယ်၊ ဒါပေမယ့် အခုလို ကပေါက်တိ ကပေါက်ချာနိုင်တဲ့၊ ဒါချည်း၊ ဒါချည်းထပ်ကျော့နေရတဲ့ စုပတ်လမ်း အလုပ်

BURMESE CLASSIC .com

www.burmeseclassic.com


စတိုင်မျိုးဟာ စွမ်းဆောင်ရည် ကုန်နေပြီဆိုတာကိုတော့ သဘောပေါက်လာကြပါပြီ၊ ဒီတော့ ဒီအလုပ်စတိုင်မျိုးမှာ အနာဂတ်မရှိနိုင်တော့ပါဘူး။ ကုမ္ပဏီတွေ၊ အလုပ်သမားသမဂ္ဂတွေ၊ တာဝန်ရှိသူတွေအနေနဲ့ ဘယ်လိုပဲ ကျားကန်နေနေ၊ မကယ်နိုင်တော့ပါဘူး။ ဒီအတွက် ကျွန်တော်တို့ 'ဖြေနိုင်ပေါင်' လုပ်နေဖို့လိုလို့လားဗျာ။

တစ်ပြိုင်နက်တည်းမှာပဲ အလုပ်စတိုင်သစ် တစ်ခု ဖြစ်ထွန်းပေါ်ပေါက်နေပြီဗျ။ ဒါဟာ ကျွန်တော် ပြောလေ့ရှိတဲ့ 'စီးပွားရေး ပြန်လည် တည်ဆောက် ဖွဲ့စည်းမှု' Restructuring of the Economy ရဲ့ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်တယ်။ တတိယလှိုင်း အပြန့် ကျယ်လာတာနဲ့အမျှ ဒီအလုပ်စတိုင်သစ်ဟာ ပိုပြီး ပီပြင်ထင်ရှားလာပါလိမ့်မယ်။

■ **အရင်ကလည်း မတူတဲ့ အလုပ်အကိုင် ပုံစံအမျိုးမျိုးရှိခဲ့ဖူးတာပါပဲဗျာ။ ကျွန်တော် သိချင်တာက အလုပ်စတိုင်ဟောင်းမှာရှိခဲ့တဲ့ ထက်အောက်ဖွဲ့စည်းပုံ Hierarchies တွေကိုပါ။ နည်းပညာ တီထွင်မှုသစ်တွေဟာ ဒီ ထက်အောက်ဖွဲ့စည်းပုံကို ဖုံးကွယ်ပေးတာမျိုး သက်သက်ပဲ ဖြစ်နေမလား။ အလုပ်သမားတွေအပေါ် ဖိစီးထားတဲ့ ဒီထက်အောက်ဖွဲ့စည်းပုံကို ဆက်လက် ထိန်းသိမ်းထားကြဦးမလား။**

□ ကိုယ့်ရဲ့ အဆင့် နေရာကို စွန့်လွှတ်ဖို့ ဆိုတာ လူတိုင်းအတွက် မလွယ်လှဘူးပေါ့ဗျာ။ ဖိုမင်ကနေ မန်နေဂျာထိ

www.burmeseclassic.com

BURMESE CLASSIC .com

အလုပ်စတိုင်ပြောင်းရဲ့ ဆက်ဆံရေးကို ထိန်းသိမ်းထား ချင်တာမျိုး ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အခြေအနေတစ်ခုလုံး က သူတို့ဘက်မှာ မရှိတော့ဘူးဗျ။ ဒုတိယလှိုင်းရဲ့ စက်မှု လုပ်ငန်းတွေတုန်းကတော့ စုပတ်လမ်းထဲက သိစိတ်မဲ့ အလုပ်သမားတွေရဲ့ လုပ်အားဟာ ကုမ္ပဏီ အတွက် အသုံးတည့်ခဲ့ပါတယ်။ ခုတော့ ဒီလို အလုပ်မျိုးကို ကွန်ပျူတာက ပိုကောင်းအောင်နဲ့ ပိုမြန်မြန်လုပ်နိုင်နေပြီ။ အန္တရာယ်ရှိတဲ့ အလုပ်တွေဆိုရင်လည်း 'ရိုဘော့' Robot တွေနဲ့ လွှဲထားလို့ရပြီ။ ပြောရရင် အလုပ်စတိုင်ပြောင်းဟာ ကုန်ထုတ် သတ္တိမှာရော၊ အမြတ် ဖန်တီးနိုင်စွမ်းမှာပါ အကျဘက် ရောက်နေပြီ။ ဒီတော့ အပြောင်းအလဲ ကိုယ်တိုင်ကိုက မက်လုံးတစ်ခု ဖြစ်လာတော့တာပေါ့။

တလောက ဆီလီကွန်ချိုင့်ဝှမ်းကို ကျွန်တော် ရောက် သွားတယ်။ ကွန်ပျူတာ ကုမ္ပဏီ တစ်ခုကို သွား လေ့လာကြည့်တာပါ။ ဒုတိယလှိုင်းရဲ့ အလုပ်စတိုင်ပြောင်းတွေ တွေ့နေရဆဲပဲဗျ။ အလုပ်သမားတန်းကြီးပေါ့ဗျာ။ များသော အားဖြင့်တော့ အမျိုးသမီးတွေ များတယ်။ အာရှနွယ်ဖွား တွေ များတယ်။ သူတို့ လုပ်နေကြရတာလည်း ဒါချည်း၊ ဒါချည်း ထပ်ကျော့နေတဲ့ စက်ရုံလုပ်ငန်းမျိုးပါပဲ။ 'အစုလိုက် အပြုံလိုက် ထုတ်လုပ်ရေး' Mass Manufacture ဘောင်ထဲ မှာပဲ ရှိနေပါသေးတယ်။ နောက်ကုမ္ပဏီတစ်ခုကို ရောက် တော့မှ အပြောင်းအလဲကို တွေ့ရတော့တယ်။ ဒီကုမ္ပဏီ ကတော့ စောစောက ကုမ္ပဏီလို ချစ်(ပ) Chips တွေ ထုတ်

BURMESE CLASSIC .com

www.burmeseclassic.com



လုပ်တာသက်သက် မဟုတ်ဘူးဗျ။ ဒီချစ်(ပ)တွေကို သုံးပြီး၊ အီလက်ထရောနစ်ပစ္စည်းတွေ ထုတ်လုပ်တာပါ။

ဒီကုမ္ပဏီမှာ တွေ့ရတဲ့ အလုပ်စတိုင်ကတော့ အရင်နဲ့ ဘာမှ မဆိုင်တော့ဘူးဗျာ။ ဆန့်ကျင်ဘက်လို့တောင် ဆိုနိုင်တယ်။ အရင်ကလို အစိတ်အပိုင်းလိုက် မဆက်မစပ် လုပ်ကြတာမျိုး မဟုတ်ဘူး။ တစ်ခုလုံးနဲ့ တစ်စိတ်တစ်ပိုင်းဟာ ဆက်စပ်အသက်ဝင်နေတယ်။ အရင်ကလို ဒါချည်း ဒါချည်း ငြီးငွေ့စရာ မဟုတ်ဘူး။ ရှုပ်ထွေးတာနဲ့အမျှ စိတ်ဝင်စားစရာ လုပ်ငန်းစဉ်ထဲမှာ နစ်မျောနေကြတယ်။ အရင်ကလို နာရီထဲ ထည့်မောင်းနေတဲ့ စုပတ်လမ်းမျိုး မတွေ့ရဘူး။ ကိုယ့်အစုနဲ့ကိုယ် နယ်ပယ်သစ် တစ်ခုကို ကြိုးပမ်းရှာဖွေနေကြသလိုမျိုး မြင်ရတယ်။

သေချာတာက အရင်ကလို အစုလိုက် အပြုံလိုက် ထုတ်လုပ်ရေး မဟုတ်တော့ဘူး ဆိုတာ ပဲဗျာ။ ထုကြီး ထည်ကြီး သဘောမျိုးကို လွန်လာခဲ့ပြီ။ De-Massified ဆိုပါတော့။ ဒီတော့လည်း အရင်ကရှိဖို့ လိုအပ်ခဲ့တဲ့ ထက်အောက်ဖွဲ့စည်းပုံမျိုးဟာ လိုအပ်ချက် မဟုတ်တော့ဘူးဖြစ်လာတယ်။ အလုပ်အင်အားစုနဲ့ ပေါ်လစီချမှတ်တဲ့ အဆင့်ကြားက ဖွဲ့စည်းပုံတွေ မှုန်ဝါးလာရတယ်။ ဆက်ဆံရေးဟာ ဒေါင်လိုက်သဘောက အလျားလိုက်သဘောကို ရွေ့လာတယ်။ တချို့နေရာတွေမှာဆိုရင် ကွန်ရက်ဖွဲ့စည်းပုံမျိုး တောင် ဖြစ်လာတယ်။ ဒါဟာ တတိယလှိုင်းရဲ့ နမူနာပုံစံ အလုပ်ပဲဖြစ်လိမ့်မယ်ဗျ။ ကျွန်တော်ပြောချင်တဲ့ အလုပ်စတိုင်သစ်ဆိုတာ ဒါကို ပြောတာ။

www.burmeseclassic.com



BURMESE CLASSIC .com

**အလုပ်စတိုင်**

■ **ခင်ဗျား မြင်ခဲ့တဲ့ အလုပ်စတိုင်သစ်မျိုးဟာ တစ်ခုလုံးနဲ့ နှိုင်းယှဉ်လိုက်ရင် ဘယ်လောက် ရှိနိုင်မလဲဗျာ။ ထိုင်ဝမ်မှာ နဖူးကချွေး ခြေမကျအောင် အလုပ်လုပ်နေရတဲ့ အမျိုးသမီးတွေ ဘယ်လောက်ရှိမလဲ။ အမေရိကန် ပြည်ထောင်စုမှာကော အလုပ်ခွင်ပျောက်နေတဲ့ အလုပ်သမားဦးရေ ဘယ်လောက်ရှိနေပြီလဲ။ တကယ်တော့ အရင်းရှင်စီးပွား ရေးမှာ ထွက်ပေါက်ဟာ ကျဉ်းကျဉ်းလေးပဲ ရှိတာပါဗျာ။ ဒီထွက်ပေါက်ထဲကို အဆင့်မြင့် ပညာတတ် အလုပ်သမားတွေသာ တိုးလို့ရနိုင်တာမျိုးပါ။ ခင်ဗျားပြောတဲ့ လုပ်ငန်းခွင် အခြေအနေမျိုးကို အလုပ်သမားတိုင်း ခံစားနိုင်ဖို့ဆိုရင် နက်ရှိုင်းတဲ့ အပြောင်းအလဲတွေ လုပ်ဖို့ လိုဦးမယ် ထင်တာ ပဲ။ ထုတ်လုပ်ရေးတင်မကဘူး။ ပညာရေး၊ လူမှုရေး နယ် ပယ် အားလုံးမှာ လုပ်ဖို့ လိုပါလိမ့်မယ်။**

**ထားပါတော့ဗျာ။ စီမံခန့်ခွဲမှုအပိုင်းမှာ အလုပ်သမားတွေ ပိုနေရာရလာတယ်ပဲ ထားပါ။ ဒီအတွက် အရေးကြီးတဲ့ လိုအပ်ချက် တစ်ခုတော့ ရှိနေပါလိမ့်ဦးမယ်။ ပညာနဲ့ လုပ်ပိုင်ခွင့်ပိုင်းမှာ တန်းတူညီမျှရေးပေါ့ဗျာ။ ခင်ဗျား မြင်ခဲ့ရတဲ့ ကုမ္ပဏီမှာ အခြေအနေ ကောင်းနေတာဟာ တိုးတက်မှုနှုန်း မြင့်လို့၊ အမြတ်များများရလို့ ဖြစ်မှာကိုး။ ဒါမျိုးကို ခြွင်းချက်လို့ မပြောနိုင်ပေဘူးလား။**

□ အမှန်ပဲဗျ။ အဆင့်မြင့်နည်းပညာ အသုံးပြုတဲ့ လုပ်ငန်းတွေဟာ အမြတ်နှုန်း အမြင့်ဆုံး ရနေတယ်ဆိုတာအမှန်ပဲ။

BURMESE CLASSIC .com

www.burmeseclassic.com


အဆင့်မြင့် ကျွမ်းကျင်အလုပ်သမား ဆိုတာဟာလည်း အနည်းစုသာ ဖြစ်နေသေးတာမို့ သူတို့အနေအထားက မာလို့ တင်းလို့ ရနေသေးတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ နှိုင်းယှဉ်လိုက်ရင်တော့ ဒီအနေအထားဟာ အနာဂတ် အလုပ်အတွက် မျှော်လင့်ချက်ရောင်ခြည်လို့ ကျွန်တော်တော့ ယူဆတယ်ဗျာ။

ဒုတိယလှိုင်းရဲ့ စက်မှုလုပ်ငန်းတွေကို ကြည့်လိုက်ဗျာ။ ဒီလုပ်ငန်းကြီးတွေလည်း အမြတ်တွေ ခေါင်ခိုက်နေအောင် ရခဲ့ကြတာပါပဲဗျာ။ ဒါပေမဲ့ အဲဒီကာလ အလုပ်သမားထု အခြေအနေကို ကြည့်လိုက်ဦး။ စုတ်ပြတ်နုံချာတယ်ဗျာ။ ရက်ရက်စက်စက် အမောင်းခံနေရတယ်ဗျာ။ လူမဆန်အောင် ဖျစ်ညှစ်ခိုင်းတာနဲ့အမျှ အမြတ်ကလည်း ပိုရတာကိုး။ ဒီတော့ အလုပ်သမားတွေ ချွေးများများထွက်လေ၊ အလုပ်ရှင်တွေရဲ့ ငွေအိတ်ဟာ ပိုဖောင်းလာလေ ဖြစ်နေတာပေါ့။

တတိယလှိုင်းမှာတော့ ဒါနဲ့ ဆန့်ကျင်ဘက်ပဲဗျ။ ရက်ရက်စက်စက်မောင်းတာ၊ တင်းတင်းကျပ်ကျပ် ခိုင်းတာတွေနဲ့ ကုန်ထုတ်သတ္တိကို တွန်းမတင်နိုင်တော့ဘူးလေ။ အပဟန့်အတားတောင် ဖြစ်လာတယ်။ ချွေးများများ ထွက်ဖို့က အဓိက မဟုတ်တော့ဘူး။ အိုင်ဒီယာ ကောင်းကောင်း ထွက်ဖို့က အဓိကဖြစ်လာတယ်။ ပြင်းပြင်းထန်ထန် အလုပ်လုပ်ဖို့က လိုအပ်ချက် မဟုတ်တော့ဘူး။ စမတ်ကျကျ လုပ်တတ်ဖို့က အခရာဖြစ်လာတယ်။ အရင်က ထုတ်လုပ်ရေး

www.burmeseclassic.com

BURMESE CLASSIC .com

ဖြစ်စဉ်ကြီးကို ကြွက်သားတွေနဲ့ မောင်းခဲ့ကြတာ။ အခု 'အင်ဖော်မေးရှင်း'နဲ့ စိတ်ကူး ဆန်းသစ်မှု'ကတကယ့် အင်ဂျင်ဖြစ်လာတယ်။ ဒီအပြောင်းအလဲမှာ စီမံခန့်ခွဲမှုအဟောင်းနဲ့ သွားလို့ မရတော့တာ သေချာတယ်ဗျ။ လိုချင်တာက 'အရမ်းအကန်းနာခံမှု' Blind Obedience မဟုတ်တော့ဘူးလေဗျာ။ တီထွင်ဖန်တီးမှုကို လိုချင်တာဆိုတော့ ဒါကို ဖန်တီးပေးနိုင်မယ့် ပတ်ဝန်းကျင်မျိုး တည်ဆောက်ရတော့တာပေါ့။

ဆိုနီကို တည်ထောင်ခဲ့တဲ့ 'အာကီအို မောရိတ' ရဲ့ စကားကို ကျွန်တော် အမှတ်ရနေသေးတယ်။ သူက ဒီလို ပြောသဗျ။ 'စက်ရုံအလုပ်သမား တစ်ယောက်ကို မနက်ခုနစ်နာရီ အရောက်လာ၊ ဒီပစ္စည်းပြီးအောင်လုပ်လို့ ကျွန်တော် ပြောလို့ရတယ်။ ဒါပေမဲ့ သုတေသီ တစ်ယောက်၊ ဒါမှမဟုတ် အင်ဂျင်နီယာတစ်ယောက်ကို ခုနစ်နာရီအရောက်လာ၊ အိုင်ဒီယာ ကောင်းကောင်းတစ်ခုပေးလို့ ဘယ်ပြောလို့ရမှာလဲ'တဲ့။ တတိယလှိုင်းမှာ အောင်မြင်မှုရနေတဲ့ သူတိုင်း ဒီသဘောကို နားလည်ကြပါတယ်။ 'ပန်းသီး' Apple က စတိ(ပ) ဂျော့ကို မေးမလား၊ 'တင်ဒမ်' Tandem က 'ဂျင်ထရေးဗစ်'ကို မေးမလား 'မောရိတ'လို ပြောကြမှာပါပဲ။

ခင်ဗျားပြောတာ ဟုတ်ပါတယ်။ အလုပ်စတိုင်သစ်ဟာ အဆင့်မြင့်ကျွမ်းကျင်သူ ပညာတတ် အလုပ်သမားတွေနဲ့သာ ဆိုင်ပါတယ်။ ခုချိန်မှာ သူတို့ဟာ အရေအတွက်

BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com

အနည်းစု ဆိုတာလည်း အမှန်ပဲ။ ဒါပေမဲ့ သူတို့မှာ အနာဂတ် ရှိတယ်ဗျ။ အလုပ်စတိုင်ဟောင်းထဲမှာ ပိတ်မိနေတဲ့ အလုပ်သမားတွေ (အထူးသဖြင့် ကော်လာပြာ အလုပ်သမားတွေ) အတွက်တော့ အနာဂတ်ပျောက်နေပြီ။ အနှေးနဲ့ အမြန်ဆိုသလို၊ လုပ်ငန်းခွင်က ဖယ်ထုတ်ခံရတော့ မယ့် အန္တရာယ်နဲ့လည်း ကြုံရတော့မယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ အရေအတွက် အရရော အရေးပါမှုမှာပါ အကျဘက် ရောက်နေပြီလို့ ပြောရတော့မှာပါ။

ပြောရရင် အလုပ်ရဲ့ သဘောသဘာဝ တစ်ခုလုံးဟာ ပြောင်းနေပြီဗျာ။ ဒီအခင်းအကျင်း အောက်မှာ အလုပ်သမား ကိုယ်တိုင်သည်ပင် အပြောင်းအလဲနဲ့ မကင်းနိုင်တော့ပါဘူး။ အလုပ်အင်အားစုသစ် ဆိုပါစို့ဗျာ။

## အလုပ်အင်အားစု

- **ခင်ဗျားပြောတဲ့ စတိုင်သစ်အလုပ်သမားတွေဟာ အဟောင်းနဲ့ ဘာကွာသလဲ။ ခင်ဗျား အမြင်ကို တိတိကျကျလေး လုပ်စမ်းပါဦး။**

□ ပိုအမှီခိုကင်းတယ်ဗျာ။ ပိုကြံ့ရည်ဖန်ရည် ရှိတယ်။ စက်ယန္တရားရဲ့ အစိတ်အပိုင်းသက်သက် မဟုတ်တော့ဘူး။ အလုပ်အပေါ်မှာ ပညာကို တင်ပြီး လုပ်ကြတဲ့ အဆင့်မြင့်ကျွမ်းကျင်သူတွေ ဖြစ်တယ်။ ကျွန်တော်ကတော့ ဒီစတိုင်သစ်အလုပ်သမားတွေကို အိုင်ဒီယာအလုပ်သမား Mind Worker လို့ အမည်ပေးချင်တယ်။ စက်မှုတော်လှန်ရေး

BURMESE CLASSIC .com

www.burmeseclassic.com



မတိုင်ခင်က လက်မှုပညာသည်တွေ ရှိပါရောလား။ သူတို့မှာ လက်နဲ့ ကိုင်တွယ်အသုံးချရတဲ့ ကိရိယာတန်ဆာပလာတွေ အပြည့်ပါတဲ့ အိတ်ကြီးတစ်လုံး ရှိတတ်တယ်။ ဒီလိုပဲဗျ အိုင်ဒီယာ အလုပ်သမားတွေမှာလည်း ခေါင်းနဲ့ အလုပ်လုပ်ရတဲ့ ကိရိယာတန်ဆာပလာတွေ အပြည့်ပါတဲ့ အိတ်ကြီးတစ်လုံးရှိတယ်။ အဲဒီအိတ်ကြီးထဲမှာ အင်ဖော်မေးရှင်းတွေ၊ အသိပညာတွေ၊ အဆင့်မြင့်ကျွမ်းကျင်မှုတွေ ထည့်ထားတာပေါ့။ ဒါဟာ သူတို့ရဲ့ 'ကုန်ထုတ်အရင်းအနှီး' Means of Production ပဲလေ။ ဒီအခိုပ္ပာယ်အရကြည့်ရင် စက်မှု အလုပ်သမားတွေ ဘယ်တုန်းကမှ မရခဲ့ဖူးတဲ့ အခွင့်အရေးကြီးတစ်ခုကို သူတို့ ရနေတယ်လို့ ဆိုနိုင်ပါတယ်။ ကုန်ထုတ်အရင်းအနှီး ပိုင်ဆိုင်မှုပေါ့ဗျာ။

စတိုင်သစ် အလုပ်သမားတွေဟာ စုပတ်လမ်းထဲမှာ ပိတ်မိနေတဲ့ စက်မှု အလုပ်သမားထက် လွတ်လပ်တဲ့ လက်မှုပညာရှင် Craft တွေနဲ့ ပိုနီးစပ်ပါတယ်။ အသက်ငယ်တယ်။ ပညာပိုတတ်တယ်။ အသစ်အဆန်းမပါတဲ့ ပုံသေလုပ်ငန်းတွေကို တူးတူးခါးခါး မုန်းတယ်။ ကိုယ့်အလုပ်ကို ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ် လမ်းသစ်ထွင် လုပ်ချင်တယ်။ ဘော့(စ)ကို တွယ်ကပ်နေရတဲ့ နောက်မြီးဆွဲလုပ်ဖို့ ဝါသနာမပါဘူး။ ဒါကြောင့်လည်း တင်းကျပ်တဲ့ ထက်အောက် ဖွဲ့စည်းပုံထဲမှာ သူတို့ မပျော်ပိုက်နိုင်ဘူး။ 'လူးသာလွန့်သာတဲ့' Flexible ပုံသေ သတ်မှတ်မထားတဲ့ Ambiguity စဉ်ဆက်မပြတ် လှုပ်ရှားပြောင်း

www.burmeseclassic.com

BURMESE CLASSIC .com

လဲနေတဲ့ စုစည်းမှုမျိုးကိုသာ လိုလားတယ်။ သူတို့ဟာ အလုပ်အင်အားစုသစ်ကို ကိုယ်စားပြုနေကြသလို အရေအတွက်အရလည်း အကြီးအကျယ် တိုးပွားနေတယ်။

စီးပွားရေးဟာ ဒုတိယလှိုင်းကနေ တတိယလှိုင်း နယ်ပယ်ထဲ ဝင်လာတော့ ကျွမ်းကျင်မှု သစ်တွေနဲ့အတူ တန်ဖိုးသစ်တွေလည်း ပေါ်လာတယ်။ ဒီတန်ဖိုးသစ်တွေရဲ့ ဂယက်ဟာ အလုပ်သမားတွေ၊ ပေါ်လစီချမှတ်သူတွေ၊ ဘောဂဗေဒပညာရှင်တွေကြားမှာ နက်နက်ရှိုင်းရှိုင်း စူးဝင်နေလေရဲ့။

- **ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ခင်ဗျားပြောတဲ့ အိုင်ဒီယာ အလုပ်သမားဆိုတဲ့ အမျိုးအစားသစ် ဖြစ်ထွန်းလာနေပြီဆိုတာ သဘောတူပါတယ်။ ဒီဖြစ်ထွန်းမှုနဲ့အတူ လုပ်ငန်းခွင် အခြေအနေ ပိုကောင်းလာတယ်ဆိုတာလည်း လက်ခံ ပါတယ်။ ဒါပေမဲ့ ဒီအလုပ်အင်အားစုသစ်ရဲ့ အနာဂတ်ကိုတော့ ခင်ဗျားပြောသလောက် စိတ်မချနိုင်သေးတာ အမှန်ပဲဗျ။ ဘယ်လို 'ဖက်တာ'တွေကို သတ်မှတ်ပြဋ္ဌာန်းပြီး ကျွန်တော်တို့က ယုံကြည်ကြရမှာလဲ။**

**နည်းပညာအပြောင်းအလဲနဲ့ ပညာရဲ့ အခန်းကဏ္ဍကို အဆုံးအဖြတ် 'ဖက်တာ' လို့တော့ ခင်ဗျားက ပြောတာပဲ၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့ စိုးရိမ်စရာတွေ ရှိနေဆဲပဲဗျ။ လက်ရှိ လူမှုအုပ်စုတွေကကော သူတို့ရဲ့အပေါ်စီး အနေအထားကို ကာကွယ်ထိန်းသိမ်းဖို့ ကြိုးပမ်း မလာနိုင်ဘူးလား။ သူတို့အမြင်အရဆိုရင် အိုင်ဒီယာ အလုပ်သမား**

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

**တွေရဲ့ ခြေလှမ်းတွေဟာ သူတို့ ပိုင်စားနယ်မြေထဲ ကျူးကျော်လာသလို ဖြစ်မှာပဲလေ။ ဒီတော့ ဒီခြေလှမ်းတွေကို အနည်းဆုံး ကန့်သတ်ဖို့ အဆုံးစွန်ပြောရရင် ရိုက်ချိုးပစ်ဖို့ အားထုတ်မလာနိုင်ပေဘူးလား။**

**ပြောရရင်တော့ဗျာ။ ခင်ဗျားစိတ်ကူး ပုံဖော်လိုက်တဲ့ လူ့အဖွဲ့အစည်းသစ်မှာ အလုပ် သမားဟာ ကုမ္ပဏီအတွက် အမြတ်ရှာဖွေပေးနေရတဲ့ အလုပ်သမားပဲ ဆက်ဖြစ်နေမလား။ ပိုင်ဆိုင်မှု ပုံသဏ္ဌာန် ဘယ်လိုဖြစ်မလဲ။ ခွဲဝေဖြန့်ဖြူးမှုကရော ဘယ်လိုနေမလဲ။**

□ ကျွန်တော်ဟာ အကောင်းမြင်ဝါဒသမား တစ်ယောက်တော့ မဟုတ်ပါဘူးဗျာ။ ဆုံးဖြတ်ချက်ချတဲ့ အပိုင်းမှာရော၊ အကျိုးအမြတ်ကို ခွဲဝေဖြန့်ဖြူးတဲ့အပိုင်းမှာပါ လူတိုင်း တန်းတူညီမျှ ဖြစ်စေရမယ်ဆိုတဲ့ အထိလည်း မမျှော်လင့်ပါဘူး။ စနစ်တစ်ခုဟာ အခြေအနေတစ်ခုမှာ အလုပ်ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် နောက်အခြေအနေ တစ်မျိုးရောက်ရင် ပြဿနာ ရှိချင် ရှိနိုင်တာကလား။ တချို့က အခြေအနေတစ်ခုအောက်မှာ အလုပ်လုပ်ရတာကို ပျော်ပိုက်နိုင်ပေမယ့် တချို့ကတော့ သဘောတွေ့ကောင်းမှ တွေ့မယ်လေ။

ဒီတော့ အသွင်ကွဲ အဆင်ကွဲတွေ ဘယ်လောက်များများ ဖန်တီး နိုင်မလဲ။ အမြင့်ဆုံး ဖန်တီးနိုင်တဲ့ လူ့အဖွဲ့အစည်းသာ ပတိရူပ အဖြစ်ဆုံးလို့ ကျွန်တော်တော့ ယူဆတယ်။ စိတ်ကူးယဉ်ဝါဒီတွေနဲ့ ဆိုရှယ်လစ်တွေ

BURMESE CLASSIC .com

www.burmeseclassic.com


ကတော့ ‘သွေးတူမွေးတူ’ Uniformity ဖြစ်ဖို့ကို အတော် အလေးထားကြဟန် ရှိတယ်ဗျ။ ဒုတိယလှိုင်းရဲ့ နှုန်းစံတစ်ခု ပေါ့ဗျာ။

လူ့အဖွဲ့အစည်းဟာ ထုကြီးထည်ကြီး သဘောက ရွေ့လာပြီဆိုတဲ့ ကျွန်တော့် ထင်မြင်ချက်သာ မှန်ခဲ့ရင် ဖွဲ့စည်းပုံအသစ်တွေ၊ အသွင်ကွဲ အဆင်ကွဲတွေ အများကြီး ပေါက်ကွဲလျှံကျ လာပါလိမ့်မယ်။ အရင်ကတော့ စီးပွားရေး အဖွဲ့အစည်းတွေအကြောင်း ပြောရင် နိုင်ငံပိုင်တို့ ပုဂ္ဂလိက ပိုင်တို့၊ ဖက်စပ်တို့ ဒါမျိုးလောက်ပဲ ရှိတာကလား။ ခု စောင့်ကြည့်လိုက်ပါ။ ‘အီလက်ထရောနစ်ကို အော့(ပ)’တွေ၊ ဘာသာရေးအဖွဲ့အစည်း ဒါမှမဟုတ် မိသားစုကို အခြေခံ တဲ့ ထုတ်လုပ်ရေးအဖွဲ့အစည်းတွေ၊ အမြတ်အတွက် မဟုတ် တဲ့ နက်ဝပ်တွေ စသဖြင့်ပေါ့ဗျာ။ ခုချိန်မှာ ကျွန်တော်တို့ ဘယ်လိုမှ မျှော်လင့်မထားတဲ့ ဖွဲ့စည်းပုံအသစ်တွေလည်း အများကြီးပေါ်လာနိုင်သေးတယ်။

ခုလောလောဆယ် ရှိနေတဲ့ အဖွဲ့အစည်းတွေကို ကြည့်လိုက်ရင်လည်း ဗျူရိုကရက်တစ် သဘောတွေ၊ ထက် အောက်သဘောတွေ သိသိသာသာ လျော့ကျလာတာ တွေ့နိုင်ပါတယ်။ စီးပွားရေးနဲ့ လူ့အဖွဲ့အစည်းဟာ တတိယ လှိုင်းထဲကို ဝင်လာလေ အစဉ်အလာဖွဲ့စည်းပုံတွေဟာ တုပ်နှောင်မှုဖြစ်လာလေဆိုတာ အခြေအနေအရ သဘော ပေါက်လာကြရပြီကိုး။ နောက်ပြီးတော့ ဒီအဖွဲ့အစည်းတွေ ရဲ့ ရည်မှန်းချက်။ စီးပွားရေးဆိုတော့ အခြေခံအရ အမြတ်

www.burmeseclassic.com

BURMESE CLASSIC .com

ကိုတော့ ဦးတည်ကြမှာပေါ့ဗျာ။ ဒါပေမယ့် ရည်မှန်းချက်ဟာ အမြတ်တစ်ခုတည်း မဟုတ်တော့ဘူးဗျ။ 'စမတ်ကျတဲ့ ကုမ္ပဏီဆိုတာ အမြင့်ဆုံး အမြတ် ရဖို့ ဘယ်တော့မှ မကြိုးစားဘူး'ဆိုတဲ့ ဆိုရိုးစကားတောင် ရှိနေပြီလေ။

အလုပ်ရဲ့ သဘာဝကိုယ်တိုင်က ပြောင်းလာတော့ အလုပ်အင်အားစုရဲ့ ဖွဲ့စည်းပုံဟာလည်း အရင်အတိုင်း မဖြစ်နိုင်တော့ဘူးပေါ့ဗျာ။ ဒါပေမယ့် အလုပ်သမား သမဂ္ဂတွေ၊ လက်ဝဲဝါဒီတွေ၊ ရယ်ဒီကယ်တွေ ကတော့ 'သွေးစည်းညီညွတ်ရေး' တို့ 'တန်းတူညီမျှရေး'တို့ 'တစ်သွေးတစ်ရောင်တည်း ဖြစ်ရေး'တို့ဆိုတဲ့ စကားလုံးတွေကို အာရုံရဆဲပဲဗျ။ ဒုတိယလှိုင်းခေတ်မှာ ဒီနှုန်းစံတွေက ရှေ့တန်းကျခဲ့တာကိုး။ ကား(လ)မာ့က်စ်က "စက်ရုံစနစ်ဟာ အလုပ်သမား လူတန်းစားကို စုစည်းပေးလိမ့်မယ်။ ခိုင်မာတဲ့ အလုပ်အင်အားစု Working Mass ဖြစ်လာ လိမ့်မယ်"လို့ နိမိတ်ဖတ်ခဲ့ပါရောလား။ ဒုတိယလှိုင်းတစ်ခုလုံး ဒီအတိုင်းလည်း ဖြစ်ခဲ့ပါတယ်။

ဒါပေမယ့် ဒီနေ့ဖြစ်ပေါ် တိုးတက်မှုတွေကို ကြည့်လိုက်တော့ မာ့က်စ်မျှော်လင့်ခဲ့တာနဲ့ ပြောင်းပြန်ပဲဗျ။ စီးပွားရေးဟာ ထုကြီးထည်ကြီးသဘောနဲ့ ဝေးလာတာနဲ့အမျှ အလုပ်ရဲ့ အားဟာ အစုအဝေးသဘောကနေ တစ်ဦးချင်း သဘောဘက် ရွှေ့လာတယ်။ တီထွင် ဖန်တီးနိုင်ဖို့တို့ ကြံရည်ဖန်ရည်ရှိဖို့တို့ ပညာအခြေခံအားကောင်းဖို့တို့ဆိုတာ နှုန်းစံသစ်တွေ ဖြစ်လာတယ်။ ဒီတော့ ပြဿနာကို သမားရိုးကျ

BURMESE CLASSIC .com

www.burmeseclassic.com


နှုန်းစံတွေနဲ့ ချဉ်းကပ်ကြည့်မလား။ ဒါမှမဟုတ် နှုန်းစံသစ်တွေနဲ့ ချိန်ထိုးကြည့်မလား။ ကျွန်တော်တို့ အားလုံး ဆုံးဖြတ်ကြရတော့မယ်။

■